
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## -INTRO-

**Verse I :** ငါတစ်ယောက်တည်းလျှောက်ရင်း .....

လေလွင့်ခြင်းညခင်း .....

အမှောင်ထုထဲဝင်ရင်း အိပ်မက်အဟောင်းတွေ

ပြန်လည်တမ်းတနင်ထွက်သွားတော့ . . . ဘဝမှာ . .

ရှုံးနိမ့်ပြီး .....

ဘယ်အချိန်မှာပြန်ပြီးတွေ့မှာ .....

ဟူဝါး . . . ဟူးဝါး . . . ဟူဝါး . . . ဟား . . . . .

( ကားကက်ဆက်ရဲ့ Volume ကိုနှစ်တစ်လောက်ထပ်ပြီးတင်လိုက်တယ်။ ဂစ်တာသံဆိုတာ ထင်သလောက်လည်း မရှိင်းစိုင်းပါဘူး )

ကြောင်နှစ်ကောင် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com










**Verse II** :အပြာရောင်များပျောက်သွား .....
နီယွန်မီးညများ
ငြိမ်သက်ရင်း ခံစား သူ့ရက်စက်ခဲ့ပြီ
ဘာကြောင့်လဲကွာ ငါနှလုံးသားထဲမှာ . . . မင်းကို ...
ဘယ်အချိန်မှာပြန်ပြီးတွေ့မှာ.....

(ကားကိုစက်နှိုးလိုက်တယ်။ ဒီလမ်းမကြီးဟာ ပိန်းပိတ်အောင် မှောင်မနေသလို ထိန်ထိန်ငြီးနေတာလဲမဟုတ်ဘူး။ လီဗာကို နှစ်ချက်လောက်ပုတ်ပြီးမှ ဂူး .. ကနဲဆောင့်ထွက်ခဲ့တယ်။ အရိပ်တွေကိုနောက်မှာချန်ခဲ့ပြီ။)

**CHOROUS**: အဝေးကြီးဝေးနေလည်းပေါ့ အလွမ်းခန်းမဆုံးပါ
အကြိမ်ကြိမ် ငါ ရှူးနိမ့်ခြင်းတွေ ရရှိခံစား
မင်းအဝေးမှာ . . . .
အဆွေးကြီးဆွေးနေလည်းပေါ့ ငါမရှုံးသွားသေးပါ
ဒီတစ်ခါနောက်ဆုံး ကြိုးစားခွင့်တော့ရမလား . . .
ပြောပါ . . .
နင်ထွက်သွားတော့ . . . . ဒီဘဝထဲမှာ . . . ဘာမှမရှိ
ဘယ်အချိန်ငါပြန်ပြီးတွေ့မှာ . . . .

(လမ်းမကျယ်မှာ ကားကို တဆုံးနင်းပြီးတစ်ကိုယ်တည်း စကားပြောဖူးကြသလား။ နားထဲကို လိမ့်ဝင်နေတဲ့ သီချင်းသံရဲ့ဆူညံမှုကို အာခံပြီးပြန်ပြောနိုင်ဖို့ နာကျည်းချက် ဒါမှမဟုတ် လွမ်းဆွတ်ခြင်း နည်းနည်းတော့လိုတယ်။ ကျွန်တော့်မှာ သူနဲ့မတွေ့ခင်အချိန်အထိကိုယ်ရောစိတ်ပါ ငြိမ်းချမ်းခဲ့ဖူးတယ်။)



www.burmeseclassic.com

www.burmeseclassic.com




**Verse III :** မြူတွေဆိုင်းနေဆဲ ......
အိမ်ပြန်ဖို့ခက်ခဲ ......
ဒီညလည်း တစ်ယောက်တည်း . . . ရှက်လှှင့်တော့မယ်
မျက်ရည်များဟာ . . . နှင်းထဲမှာ
ပျောက်ကွယ်လို့ ...ဘယ်အချိန်မှာ ပြန်ပြီးတွေ့မှာ . . .

(ကားမှန်ကိုချလိုက်တော့ အတော်အေးတဲ့လေကို ခံစားရတယ်။ အပြင်မှာနှင်းတွေနဲ့မို့ ကားမှန်ရှေ့မှာ ရေငွေ့တွေရိုက်နေလေရဲ့။ ဒါဟာ . . . ဆောင်းပဲ။ ဒါပေမယ့်ကျွန်တော့်ခန္ဓာကိုယ်ဟာ ဆောင်းကိုခြုံထားတာ ဟောင်မှ မအေးမြပါဘူး။ နွေလိုပဲပူလောင်ပါတယ်။ ဟုတ်ပါရဲ့။ ကျွန်တော်က နွေကိုမြို့ချထားမိသူကိုး။)









www.burmeseclassic.com

www.burmeseclassic.com



**Bridge:** အောက်မေ့နေမလား
မျှော်လင့်ခြင်း သေဆုံးခဲ့
မင်းမရှိတဲ့ဘဝ
မနေတတ်တော့ပါ
မနေတတ်လို့ပါ .. မီးလို .. မီးလို .. အိုး . . .
နှင်ထွက်သွားတော့ . . . ငါ့ဘဝထဲမှာ . . . . . . .
ဘယ်အချိန်မှာပြန်ပြီးတွေ့မှာလဲ . . .

( နွေ ။ နွေ့ကိုသိကြသလား။ အေးလေ . . ဘယ်သိကြပါ့မလဲ။ နွေဟာကျော်ကြားသူတစ်ယောက်မှမဟုတ်ဘဲ။ နွေဟာ သာမန်ကျောင်းသူကလေးသာပဲ။ ကျောင်းမှာတောင်မှ နွေဟာ အခြားမိန်းကလေးတွေလို ထင်ပေါ်သူတစ်ယောက် မဟုတ်ပြန်ဘူး။

ကဲ .. ကဲ ... ။ အားလုံးသိအောင် ကျွန်တော် ပြောပြမယ်။ နွေက ကျွန်တော့်ကို မောင်လို့တစ်ကြိမ်တစ်ခါကခေါ်ခဲ့ဖူးတယ်။ ကျွန်တော်က နွေ့ကိုနွေလို့ပဲခေါ် ခဲ့ဖူးတယ်။ နွေကတော့ နွေကျွန်တော့်ကို မောင်လို့ မခေါ်ခင်ကလည်း ကျွန်တော့်ကို အဲဒီအရင် အချိန်က သူရလို့ပဲခေါ်တယ်။)

■ ■ ■





အပိုင်း(၁)

## အဲဒီအရင်အချိန်က

**TRACK [1]**

ကျွန်တော်နွေတို့ကျောင်းကိုစရောက်တော့နွေကဒုတိယနှစ်။ နွေ့ကို ကျွန်တော်မသိပါ။ နွေ့ကိုကျွန်တော်သတိမထားမိပါ။ မိန်းမလှတွေများလွန်းလှသောဒီကျောင်းကြီးမှာ နွေသည်လျှမ်းလျှမ်းတောက်သူတစ်ယောက် မဟုတ်ပါ။ တခြားငေးမောစရာတွေတပုံကြီး ပဲဥစ္စာ။

တွေ့မယ့်တွေ့တော့လည်း ရုတ်တရက်ကြီး။ အဲဒီနေ့ ကပဏာမနှစ်ဝက်စာမေးပွဲ Paper 2 ဖြေမယ့်နေ့ပေါ့။ ကျက်ထားတဲ့ စာတွေကို ပါးစပ်က တတွတ်တွတ်ရွတ်ရင်းကားရပ်ဖို့နေရာရှာရတယ်။ မရတဲ့အဆုံး ရှေ့က ဂျစ်ကား တစ်စီးကိုပိတ်ရပ်ပြီး စက်သတ်နေတုန်းဗြုန်းဆို ကားရှေ့ခန်းတံခါးကိုဖွင့်ပြီးဝင် လာတဲ့ အဲဒီကောင်မလေးကိုကျွန်တော်တွေ့ပါတယ်။

" ဟဲ့ . . ငါ့ကိုအိမ်ခဏလေးပို့ပေးပါ "

" အင် . . "



www.burmeseclassic.com

www.burmeseclassic.com









" လုပ်ပါ . . ငါ အရမ်းပြဿနာတက်နေလို့ပါဟာ . . . "

" ပြဿနာ . . . . . . "

" ဟုတ်တယ် . . . ဒုက္ခရောက်နေလို့ . . ကူညီပါဟာ . . . ဘာလဲ . . .မရဘူးလား . . . မရလို့လဲမရတော့ဘူး . . ကျွတ် . . ဒုက္ခပါပဲဟာ . . .စာမေးပွဲ မဖြေရရင် အဖေကကန်ချလိမ့်မယ် . . ငါ့ကိုအိမ်ခဏပို့ပေးပါဟာ. .."

အရမ်းကိုရေးကြီးသုတ်ပြာနိုင်တဲ့သူ့မျက်နှာကိုကြည့်ပြီး ကျွန်တော် ကားကိုမောင်းထွက်လိုက်တယ်။ အား..ပါး...မျက်ရည်တွေလည်းဝဲလို့ပါလား။ ဇကန္တကျောင်းသားကဒ်ကျန်ခဲ့လို့နဲ့တူပါရဲ့။ အင်းလျားလမ်းမီးပွိုင့်ကိုရောက်တော့မှ သူ့ကိုမေးရတယ်။

" ကဲ . . . ဘယ်ကိုကွေ့ရမှာလဲ "

" ဂ ငယ်ကွေ့ပြန်ကွေ့ "

" အင် "

" ဟုတ်တယ် . . အိမ်က ဟိုဘက်မှာ "

" ရော . . ခက်ပြီ . . ငါကဘယ်လိုလုပ်သိမှာလဲဟ၊ ပြော...လမ်းပြော၊ ရပ်ကွက် . . ပြော" ,

" သာသနာ့ရိပ်သာလမ်း "

ပြဿဒါးကကျွန်တော့်ငယ်ထိပ်ပေါ်မှာက,ပွဲကျင်းနေသလား မဆိုနိုင်ဘူး၊အခုချိန်ဆိုရင်ပထမခေါင်းလောင်းထိုးလို့အတန်းထဲဝင်နေလောက်ပြီ။ ကျွန်တော်ကားကိုနည်းနည်းအရှိန်မြှင့်လိုက်ပါတယ်။ အဲဒီအခါကျွန်တော့် Super Saloon အပြာလေးကမီးသံတဂတ်ဂတ်နဲ့ အော်ပါလေရော ။

" Air Con ဖိတ်လိုက်မယ်နော် "

" ဟွန်း . . ကားကလည်းအစုတ်ကြီး "

www.burmeseclassic.com










ဟိုက် . . ခွပဲ ။ သူမျှားကားလည်းမသိပဲနဲ့ တက်စီးသေးတယ်။ နည်းနည်းတော့ ဖုသွားတယ်။ ဘာလဲဟ ။ ပြောမှတော့ဖြစ်မယ် ။ ဘယ်က စကားစရမလဲ ။

" အဟမ်း . . . အဟမ်း "

လှည့်မကြည့်ဘူး . . အပြင်ဘက်ကိုငေးပြီး ပါးစပ်က ပွတ်တွတ် ပွတ်တွတ်ရွတ်နေတယ်။ ရထားတဲ့စာတွေ ပြန်ဆိုကြည့်နေတာလား ။ သံဗုဒ္ဓေလား ။ တစ်ခုခုတော့တစ်ခုခုပဲ။

" ဟော့ . . ဒီမှာ . . . "

" . . . . . . . . . . . "

" ဒီမှာ . . ဒီမှာ . . နင်ဘာဖြစ်လာတာလဲ . . . ငါ့ကိုပြောဦး "

အခုမှ လှည့်ကြည့်ပြီးတော့ လက်ကာပြတယ်။ ခဏနေဦးဆိုတဲ့ သဘော ။ ပြီးတော့မှ . . . .

" ဆောရီး . . . . ဆောရီး . . . ငါကသီချင်းဆိုရင် ပြီးအောင် ဆိုရမှကြိုက်တာ "

ဟိုက်ရှားဘား . . . . သီချင်းဆိုနေသေးတာ . . .တဲ့။ ခုနလေး တင်ကပဲ ငိုမလိုဖြစ်နေပြီးတော့။

" မသိပါဘူး နင့်သီချင်းကလည်း ဗရွတ်ဗရွတ်နဲ့ "

" အဲဒါ Rap သီချင်းဟဲ့ . . . အဲဒီလောက်ပိန်းရလား "

" အင် . . "

ခံရပြန်ပြီ ။ ဒါကြောင့်ပြောတာပေါ့ . . ပြဿဒါးပါလို့ . . . .။

သာသနာ့ရိပ်သာလမ်းရောက်တော့အိမ်တစ်အိမ်ရှေ့မှာ ကားရပ်ခိုင်း ပြီးဆင်းပြေးသွားတယ်။ ကျွန်တော်လည်း အူကြောင်မူကြောင်နဲ့ စောင့် နေရတာပေါ့။ စိတ်ထဲကတော့စာမေးပွဲခန်းထဲရောက်နေပြီ ။ ဒီအချိန်ဆို မေးခွန်းဝေလောက်ရောပေါ့ . . .

www.burmeseclassic.com



"ဝုန်း "တံခါးဆောင့်ပိတ်သံကြားတော့ ကျွန်တော်လန့်သွားတယ်။ နောက်ပြီးဖျားသွားတယ်။ ကြည့်ပါဦး အခုနကကောင်မလေးကအခုပါတိတ် လုံချည် အဖွားကြီးအဆင်နဲ့။ အညိုရောင်ကြီး။ကျွန်တော်မေးမိတယ် ။

" ဘာလဲဟ "

" ဆရာမပေါ့ . . . ထဘီမဝတ်ရင် စာမေးပွဲခန်းထဲမဝင်ရဘူးတဲ့ "

" . . . . . . . . . . . "

" အခန်းသော့ကကျောင်းမှာကျန်ခဲ့ပြီ။ အဲဒါ အဒေါ့်လုံချည် ဝတ်လာတာ"

ဟုတ်သားပဲ ။ အခုနတုန်းက သူကဘောင်းဘီတိုနဲ့ကိုး ။ ကျွန်တော်က ကိုယ့်ဟာနဲ့ကိုယ်သတိမှမထားမိတာ။ ကားကိုအမြန်ဆုံးအနေအထားရောက် အောင်နှင်းလိုက်တယ်။ ဒါပေမယ့် ဘယ်လိုနှင်းနှင်းကီလို ၆၀ ပါပဲ။ ကျောင်းကိုပြန်တဲ့ လမ်းမှာသူ့အကြောင်းလေးတချို့ပြောပြတယ် ။

" ငါ့နာမည် နွေတဲ့။ 2nd year ကိုရီးယားက ။ ဒါပေမဲ့ ငါ့ကိုရှာချင်ရင် အတန်းကို မလာနဲ့။ DB 2 ရှေ့မှာ အမြဲရှိတယ်။ လာခဲ့ပေါ့။ ငါ့သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးမယ်။ အံမယ် အထင်မသေးနဲ့ဆရာ။ အားလုံးချောတယ်။ သိရဲ့လား ။ နင်က အခုငါ့ရဲ့ကျေးဇူးရှင်ဆိုတော့ ပြန်ပြီးကျေးဇူးပြုရမှာ ပေါ့။ ဒါပေမယ့် နင်ကစိတ်ရောဝင်စားတတ်ရဲ့လားမသိဘူး။ ကြည့်ရတာ အညာသား ခပ်တုံးတုံးနဲ့တူပါရဲ့ ။ "

" အင် "

" နင့်အကြောင်းတော့ ငါအကုန်သိပြီးသားပါ . . .နင့်နာမည် သူရဆိုတာရယ်နယ်ကပြောင်းလာတယ်ဆိုတာရယ်၊ နေလင်းတို့အုပ်စုထဲကဆိုတာရယ် "

" အား . . . ပါး . . . "

" နောက်ပြီး . . . အတွဲမရှိသေးဘူးဆိုတာရယ် "

ဟိုက်ရှားဘား . . . ။ ကျွန်တော် ကျတ်ပြီးကြဲတော့မယ် ။ ပြီးကျတော့





. . . တော်တော်စပ်စုမယ့် ကောင်မလေးပဲလို့ မှတ်ချက်ချမိတယ် ။ သူကတော့ အေးအေးဆေးဆေးပါးစပ်က ဗရွတ်ဗရွတ် လုပ်နေပြန်တယ်။ အဲဒီနေ့က အသားလွတ်ကြီး စာတွေရရဲ့သားနဲ့ လေးပုဒ်ပဲဖြေလိုက်ရပါတယ်။ ပြင်ဦးလွင်က အမေတို့သိရင် ရင်ကျိုးမှာဗျ။

■ ■ ■

www.burmeseclassic.com



## TRACK [ 2 ]

" ဖွမ်း "

" ဟာ . . . . သွားပါပြီကွာ . . . "

စာမေးပွဲခန်းထဲက ထွက်ထွက်ချင်းပဲ လူတကိုယ်လုံး စိုရွှဲသွားတယ်။ လှမ်းကြည့်လိုက်တော့ ကော်ရစ်ဒါအကွေ့မှာ ကောင်မလေး သုံးယောက် ဖြတ်ပြေး သွားတာ မြင်လိုက်ရတယ်။

" ကျွတ် " ခနဲ ကျွန်တော်မြည်တမ်းမိပါတယ်။ ခါတိုင်းနေ့တွေက ရေသနပ်ခါးနဲ့ ပဲပက်တာ ဒီနေ့ နောက်ဆုံးနှုတ်ဖြေနေ့မို့နဲ့တူပါရဲ့။ ပုံးနဲ့ကိုလောင်းသွားကြတယ်။မတတ်နိုင်ဘူး။ နေ့လည်က ကျောင်းလာတာ နောက်ကျလို့ တခြားသူတွေက အလှည့်ကျော်ပြီးဖြေကြတာနဲ့ နောက်ဆုံးမှ ဝင်ဖြေတာ။ ကိုယ့် အပြစ်နဲ့ကိုယ်ပဲပေါ့ ။ Parking မှာ ကျောင်းကားတွေ တောင်မရှိတော့ဘူး ။ Canteen မှာကောင်လေးတချို့ ဂစ်တာတီးနေကြ









www.burmeseclassic.com

www.burmeseclassic.com



တယ် ။ ပါးစပ်က ဗရွတ်ဗရွတ်နဲ့ ဆိုတဲ့သီချင်းတွေ။ မသိမဆိုင် ဟိုနေ့က ကောင်မလေးကို သတိရမိတယ်။ ကျွန်တော်စိတ်ကူးယဉ်ပါတယ်။ ရုပ်ရှင်ထဲကလိုစကြ်ိန် ထောင့်ချိုး မှာသူနဲ့ မျှားဝင်တိုက်မလားပေါ့။ ထောင့်ချိုးကို ရှုပ်ဟာရက်ကွေ့လိုက်တယ်။ ဘယ်သူမှမရှိပါဘူး။ ကျောင်းထဲမှာ လူရှင်းနေပြီ။ OB 2 ဘက်ကိုသွားရှာတယ်။ မရှိဘူး။ လေးထပ်ဆောင် ပေါ်တက်သွားတယ် ။ ကျောင်းစောင့်ကြီးသော့တွေ လိုက်ခတ်နေပြီ။ ဟုတ်သားပဲ။ ၂၀၀၂ကိုရီးယားဆိုပေမယ့်အတန်းပဲသိတာ။ ဘယ်မှာ ဖြေသလဲမှကျွန်တော် မသိဘဲ။ ပန်းရောင်လက်ကိုင်ပုဝါလေးတစ်ထည် ကောက်ရတယ်။ ဖြန့်ကြည့်လိုက်တော့သေးသေးကလေးတွေရေးထားတဲ့ စာပိုဒ်လေးတွေတွေ့ရတယ်။ ပုဝါထောင့်စွန်းမှာတော့ချည်နဲ့ သစ္စာလို့ ထိုးထားတယ်။ နွေ့ဟာလည်းမဟုတ်ဘူး။ ကျွန်တော် ကားရှိရာဆီပဲပြန် လျှောက်လာခဲ့တယ်။

“ ဟင် ”

ကားစက်ဖုံးပေါ်မှာ စက္ကူငှက်ရုပ်လေးတွေခေါက်ထည့်ထားတဲ့ ပုလင်းလေးတစ်လုံး ကျွန်တော်တွေ့ပါတယ် ။

■ ■ ■





## TRACK (3)

“ သင်္ကြန်ခါတော်ပေ . . . . ရက်မြတ်မှာလေ ××× ”

“ သင်္ကြန်မှာ အားလုံးကဲလိုက်ကြမယ် × ဟေ့ . ဟေး ”

“ အဖြူကတမျိုး ×× အနီကတမျိုး × ရေစိုပျိုမေတွေရယ်အလှကတိုး×× ”

“သင်္ကြန်ညနေခင်းလေးတမျိုးပဲ ××× ဒီရင်မှာလဲကွဲရှလောင်မြိုက်×× ”

“ ဒေဝါသကြား မခပါ ××ခွန့် ×× ”

နေရာတကာ သင်္ကြန်သီချင်းတွေချည်းပါပဲလား။ သင်္ကြန်ကျပြီတော့မထင်နဲ့ဦးနော်။ သင်္ကြန်ရောက်ဖို့က တစ်ပတ်လောက်လိုသေးတာ။ ကျွန်တော်တို့ ဘူငယ်ချင်းတွေလည်းစာမေးပွဲပြီးလို့ အားနေကြတာနဲ့ ခေါက်လက်စ မဏ္ဍပ်တွေကို လိုက်လှေ့လာနေတယ် . . .။

“ ဟော့ကောင်တွေ ဒီမဏ္ဍပ်က မိန်းကလေး နှစ်သောင်းခွဲ၊ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



လေး သုံးသောင်းတဲ့ . . ဘာလဲကွ . . . ဘလိုင်းကြီး "

" မိန်းကလေးများတော့ ပိုစည်အောင်လို့ပေါ့ . . . . "

" ဟိုဟာကြီးကို ကြည့်ပါဦးကွာ တစ်သက်လုံးနေမှာကျနေတာပဲ .. "

" Apoidea တဲ့ ဒါဆန်းထွင့်တို့ မဏ္ဍပ်ပဲကွ ၊ ငါတို့ ဒီကိုလာမလား "

" မသိသေးဘူးလေကွာ . . .လန်းတဲ့မဏ္ဍပ်သွားမှာပေါ့ "

ကျွန်တော်တစ်ယောက်သာပဲ စကားဝိုင်းထဲဝင်မပြောနိုင်တာပါ ။ ဟုတ်တယ်လေ။ ရန်ကုန်သင်္ကြန်ကို တစ်ခါမှမှ မကျဖူးသေးဘဲ။ နေလင်းက

" ဗိုက်ဆာလို့ စိမ်းလန်းမှာ ဒုတ်ထိုးစားရအောင် " တဲ့ . . .

ကျွန်တော်ကားကို ရုတ်တရက် ညာဖက်ကွေ့ချလိုက်တယ် ။ အဲဒီမှာပဲ ဗရုတ်သုက္ခကောင်မလေးကို ဒုတိယအကြိမ်ပြန်ပြီးတွေ့ပါတယ်။

" ပွတ်သွပ် . . . . အီး . . . .စိုကုန်ပြီ . . . . ပေကုန်ပါပြီဟယ် .... "

" အား . . . ဆောရီးဆောရီး မတော်လို့နော် . . . . "

စိမ်းလန်းစိုပြေဥယျာဉ်ရဲ့ရှေ့မှာထိုးတဲ့ မဏ္ဍပ်က ရေစမ်းထားတယ်နဲ့တူတယ် ။ ဗွက်အိုင်ကြီးဖြစ်နေတာ ကျွန်တော်သတိမထားလိုက်မိဘူး။ သူငယ်ချင်းတွေအကုန်လုံးလည်း ပြုံးစိပြုံးစိနဲ့။

" ခွီး . . "

" ဟား ဟား ဟား ဟား "

" ဟား ဟား "

ကျွန်တော်စိတ်မထိန်းနိုင်ပဲခွီးလိုက်တော့ အားလုံးလည်း လိုက်ရယ်ကြတာပေါ့ ။ သူ့ပုံစံလည်းကြည့်ဦးလေ ။ ဘောင်းဘီတိုနဲ့ ကချင်လွယ်အိတ်ကြီးနဲ့၊ ကျောပိုးအိတ်က နောက်မှာလွယ်ထားသေးတယ်။ နောက်ပြီး ဘယ်ဘက်လက်မှာ ဂစ်တာတစ်လုံးဆွဲလို့။ ညာဖက်လက်မှာရေခဲချောင်းနဲ့ ။ 'ဘာကြီးလဲဟ' ။ မျက်နှာနဲ့ T-shirt မှာ ဗွက်တွေပေနေတော့ပိုဆိုးတာပေါ့။ ရယ်မိတာ ကျွန်တော့်အမှားလား ။





" ကောက် . . .နင်တို့ . . . နင်တို့ . . . လုပ်လည်းလုပ်သေးတယ် . . ပိုင်းလည်းဟားတယ် . . . ငါ . . ရဲသွားတိုင်မယ် "

" ဟ . . . ဟ မလုပ်နဲ့လေ . . . "

နေလင်းကပြောတယ် . .

" နွေကလည်းဟာ . . မတော်တဆဖြစ်တာကို . . . . "

သားကြီးက

" နင်ကလည်း တစ်ကျောင်းထဲသားတွေပဲဟာ . . . ဟို . . . ရဲ .. တော့မတိုင်နဲ့ပေါ့။ ငါ့အင်္ကျီနဲ့လဲဝတ်ပါလား "

ဖူးသီးကလည်း

" မင်း . . အင်္ကျီနဲ့ ဖြစ်မလားကွ။ ဒီမှာနွေ ဒီကောင် သူရမျက်စိသိပ်မမြင်ဘူး . . အဲဒါ . . . . "

" ဟဲ့ "

နွေကျူးအော်လိုက်တော့မှပဲ အားလုံးငြိမ်သွားတယ်။ ပြီးတော့ ကျွန်တော့်ကို တည့်တည့်ကြည့်ပြီးတော့ တိုးတိုးပြောတယ်။

" သူရ . . . ငါ့ကိုအိမ်ပြန်ပို့ "

ကျွန်တော့်သူငယ်ချင်းတွေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီးကားပေါ်က ဆင်းတယ်။ နေလင်းကဗိုက်ဆာလို့နေခဲ့မယ်လို့တော့ ပြောရှာပါတယ်။ ဖူးသီးကမင်းတို့နှစ်ယောက်သိပြီးသားလားဆိုတဲ့ အိုက်တင်လုပ်ပြတယ်။ အဲဒီအချိန်မှာ နွေက ရှေ့ခန်းမှာ ဝင်ထိုင်ပြီးနေပြီ ။

ကျွန်တော်လည်း ဖူးသီးကို မျက်စိမှိတ်ပြပြီးကားကို ကွေ့ထွက်ခဲ့ပါတယ် . . .

" နွေ . . . "

" . . . . . . . "

" ငါတောင်းပန်ပါတယ် . . ငါမမြင်လိုက်ဘူး "

" ရပါတယ် . . . သူရကငါ့ကျေးဇူးရှင်ပဲ . . . ခွင့်လွှတ်ရမှာပေါ့



www.burmeseclassic.com

www.burmeseclassic.com



" နင်က ဘယ်လိုလုပ်ပြီး လွယ်အိတ်နှစ်လုံးနဲ့ ဖြစ်နေတာလဲ "

" ဟုတ်ဘူးလေ . . ကျောပိုးအိတ်က ငါ့ဟာ . . လွယ်အိတ်က ဖြူဖွေးဥစ္စာ . ...ဖြူဖွေးက သူ့ဘဲနဲ့လစ်သွားပြီ "

" ဂစ်တာက နွေတီးတာပေါ့ . . . ဟုတ်လား "

" ဟုတ်ဘူးလေ . . . သူငယ်ချင်းတစ်ယောက် ဖဲရှုံးလို့ ပိုက်ဆံ ၅၀၀၀ လာချေးတာနဲ့ . . .စိတ်ချရအောင် သူ့ဂစ်တာယူထားတာ "

" အင် . . . . "

" သူ့ရ . . . . "

" ပြော . . . . "

" သင်္ကြန်ကျရင် ဘာလုပ်မှာလဲ "

" မဏ္ဍပ်ထိုင်မှာပေါ့ . . . နေလင်းတို့ထိုင်တဲ့နေရာမှာထိုင်မှာ . . . . ဘယ်မှာလဲတော့မသိသေးဘူး . . နွေရော . . . "

" နွေက ရိပ်သာဝင်မှာ . . . "

ဟိုက်ရှားဘား . . ရိပ်သာဝင်မယ်ဆိုပါလား ။ အာဂ ကလေးမလေး။ နောက်ပြီးတော့ ရိပ်သာဝင်မယ့်ကျောင်းကိုလည်းပြောပြတယ် ' လာလို့တော့ မရဘူးနော်' တဲ့။

■ ■ ■





## TRACK [4]

" ဟုတ်မှလည်းလုပ်ပါ . . . သမီးကြီးရယ် . . "

" တကယ်ပါ ကြီးကြီးဇာရဲ့ . . နွေတကယ် ယောဂီဝတ်မှာ . . . အဲဒါ ကြီးကြီးဇာပါလိုက်ဝတ် . . . "

" ဟာ . . . မဝတ်ပါဘူး . . . ညည်းရော ငါရောမရှိရင် ညည်းအဖေက . . . သင်္ကြန်တွင်းအားတယ်ဆိုပြီး အိမ်မှာသောက်ပွဲတွေ နွှဲနေလိမ့်မယ်ဟေ့ "

" ရှူး . . ကြီးကြီး . . . ဖေကြီးပြန်လာပြီ "

ကျွန်တော်ကကားပေါ်မှာ သူမေ့ကျန်ခဲ့တဲ့ ဂစ်တာကြီးကိုပြန်လာပို့တာပါ။ တံခါးဝမှာတွေ့တဲ့ Bell ကိုနှိပ်လိုက်တော့ . . . .

" ဟင် . . . ဖေကြီးလည်း ဟုတ်ဘူးတော့ "

" ငါ . . ဒါကြီးလာပို့တာ . . . . "



www.burmeseclassic.com

www.burmeseclassic.com



“ ဟုတ်သားပဲ . . . မနေ့ညကတည်းက ဖုန်းဆက်ပြောမလို့ . . ခက်တာက ဖုန်းနံပါတ်လည်းမသိဘူး ”

“ ငါ့မှာဖုန်းမရှိဘူး . . လမ်းထိပ်မှာတော့ရှိတယ်။ ခေါ်ခိုင်းရမှာ ...”

“ အဲဒါပေးလေ ”


“ ငါးလေး . . . . ”

ကျွန်တော့်စကားမဆုံးသေးခင်မှာပဲ အိမ်ထဲက အန်တီကြီးက လှမ်းခေါ်တယ်။ ဟဲ့ . သမီးကြီးဧည့်သည်ကိုအိမ်ထဲခေါ်ပါ . . ဘာညာပေါ့ ။ အဲဒါနဲ့ပဲ ကျွန်တော်လည်း သူ့ ကြီးကြီးဓာနဲ့လည်းခင်ခွင့်ရခဲ့တယ်။ ရုံးသွားနေတဲ့ သူ့အဖေရဲ့ ဓာတ် ပုံခန့်ခန့်ကြီးကိုလည်းတွေ့ခဲ့ရတယ်။ သူ့အမေက ဗာဂျီးနီးယားမှာ သပ်သပ်နေတယ်ဆိုတာလည်းသိခဲ့ရတယ် . . အဲ . . ပြီးကျတော့ ကော်ဖီတစ်ခွက်လည်း သောက်ခဲ့ရတယ်။

■ ■ ■










www.burmeseclassic.com

www.burmeseclassic.com





## TRACK [ 5 ]

မနက်ကတည်းက ကော်ဖီတစ်ခွက်ပဲသောက်ရသေးတယ်။ ဒီနေ့ သင်္ကြန်အကျနေ့ ကားတွေပိတ်မှာကျိန်းသေပဲ။ ဒါကြောင့် အစောကြီး ထွက်လာတာ။ အခုတော့ ဒီဆိုင်းဘုတ်ကြီးအောက်မှာ နာရီဝက်ရှိသွားပြီ။

" ဒဂုံတောရကျောင်းတိုက် "

ဟော . . .ကျွန်တော်တို့ဇာတ်လိုက်ယောဂီမကြီး ကြွလာပါပြီ ခင်ဗျာ . . .။

" စောင့်နေတာကြာပြီလားဟင် "

" မိနစ်သုံးဆယ် ....ဆရာတော်ကိုဝင်လျှောက်ရသေးတယ်လေ "

" ကဲ . . တက် . . အိမ်ဝင်ဦးမှာလား "

" ဟင့်အင်း မလှုပ်ကိုတန်းမောင်းတော့ "

" ဟင် . . . ဒီအဝတ်အစားကြီးနဲ့ "





" ဘာဖြစ်လဲ . . . သင်္ဘောကြီးဖြုတ်လိုက်ပြီးတာပဲ . . ဟာဟ"

ပြောပြီးတော့ ပေါ့ပါးစွာပဲ ကားရှေ့ခန်းမှာဝင်ထိုင်တယ်။ အပြင်မှာ ရေတွေစိုရွှဲနေကုန်ကြပြီ။ ကျွန်တော်တို့ကတော့ ကားထဲမှာလျှောင်လို့ ပိတ်လို့ Aircon လည်းမရ၊ မှန်လည်းမချချင်တော့ ခွေးထုတ်ခန်းထဲ ရောက်နေသလိုလို...

" သူရ "

" အင် "

" ကားခဏရပ်ပေးပါ "

ကျွန်တော်သူ့စကားအတိုင်းနာခံလိုက်ပါတယ်။ ပြီးတော့မှ မေးကြည့် တယ်။

" ဘာလုပ်မလို့လဲဟင် "

" ဒီနေ့ဘာနေ့လဲ . . "

" အင်္ဂါနေ့လို့ထင်တာပဲ . . "

" မဟုတ်ဘူး . . . ဟိုဟာလေဟာ . . . "

" ဟာ . . ငါကမှပြုကွဒိန်ကြည့်လေ့မရှိတာ . ရက်ရာဇာတွေပြဿဒါး တွေမသိဘူးဟ..."

" သူရ . . ငါအော်မိတော့မယ် . . ဒီနေ့သင်္ကြန်အကျနေ့ . . သိရဲ့လား"

" အင် . . အဲဒါတော့ ငါလဲသိတာပေါ့ဟ . . "

" သိရင်လည်းရော့ . . . "



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှကျွန်တော်လည်းသူ့မျက်နှာကိုစိုက်ကြည့်မိတယ်။ နောက်ပြီး သူလှမ်းပေးနေတဲ့ Alpine ရေသန့်ဗူးအသေးလေးကို အသာယူပြီး လည်ဂုတ်ပေါ်ကနေသာသာကလေးပဲလောင်းပါတယ်။ သူက ကျွန်တော်ရေလောင်းတာကို ပခုံးလေးကျုံ့ပြီးငြိမ်ငြိမ်လေးနေတယ်။ ကျွန်တော်သေချာပါတယ် . သူပြုံးနေမှာပါ။ ပြီးမှကျွန်တော့်ကိုပြောတယ်

" ငပိန်းလေး " တဲ့ . . .

■ ■ ■







## TRACK ( 6 )

နောက်တစ်ရက်နဲ့နောက်တစ်ရက်၊ အကြွတ်နဲ့အတက်မှာ သူပေါ်မလာတော့ပါဘူး။ ကျွန်တော်လည်းခပ်ညံ့ညံ့ငနဲဆိုတော့ ဖုန်းနံပါတ်တွေဘာတွေတောင်းမထားမိဘူး ။ အိမ်ကိုလည်းလိုက်မသွားချင်ပါ။ ဒီလိုနဲ့ သင်္ကြန်နှစ်ရက်မှာ ကခုန်မြူးတူးရင်းနဲ့သာ ရီဝေဝေပြီးဆုံးသွားပါတယ်။

နှစ်ဆန်းတစ်ရက်မှာ သင်္ကြန်နာကျတာပေါ့ ။ တစ်ကိုယ်လုံးကိုကိုင်ရိုက်ထားသလိုပါပဲလား။ မျက်စိကိုဖွင့်လိုက်တော့ နေ့လည်(၁၁) နာရီကျော်နေပြီ၊ နဘေးမှာသားကြီးကဟောက်လို့ကောင်းတုန်း ။ ကော်ဖီခါးခါးလေးတစ်ခွက်ဖျော်လိုက်တယ်။ သံပုရာသီးကဘယ်မှာပါလိမ့်။

" ဒေါက် . . . ဒေါက် . . . ဒေါက် . . . တက်တက် . . "

" ဘယ်သူလဲဗျို့ . . . "

တံခါးသွားဖွင့်ကြည့်တော့လည်း ဘယ်သူမှမရှိဘူး . . [illegible]



www.burmeseclassic.com

www.burmeseclassic.com










ပြေးဆင်းသွားတဲ့ခြေသံတွေပဲ နားထဲကျန်ရစ်တယ်။

" ဟော "

ကြမ်းပြင်ပေါ်မှာ ငှက်ပုလင်းလေးတွေ့ပြန်ပြီ ။ ကျွန်တော် ကောက်ယူလိုက်စဉ်မှာပဲ လှေကားပေါ်တက်လာတဲ့ခြေသံတွေကို ထပ်မံကြားရတယ်။ ဒီတစ်ခါ ခြေသံတွေရဲ့ ပိုင်ရှင်က နေလင်းနဲ့ ဖူးသီးပေါ့။

"ဟော့ကောင် . . .ကလေးမဟုတ် ကုလားမဟုတ်ဆော့နေပြန်ပြီလား"

"ဒီမှာ လာချသွားတာကွ . . . မင်းတို့အောက်မှာ ဘယ်သူမှ မတွေ့ဘူးလား "

" မင်း . . အိမ်ရှင်အဒေါ်ကြီးတော့တွေ့တယ် . . သူမှုားလား "

" ဟာ . . . တော်စမ်းကွာ "

ဖူးသီးက ပုလင်းကို ယူကြည့်ပြီးတော့ ငှက်သိုက်ဖြစ်ဖြစ်၊ ငှက်ပျောခြောက်ဖြစ်ဖြစ် ဖြစ်ရင်ကောင်းမှာလို့ပြောတယ် ။ နေလင်းက

"မင်းကိုဒီဥစ္စာပေးတဲ့ကောင်မလေးက မျက်စိမှုန်လို့ သော်လည်းကောင်း Colour Blind သော်လည်းကောင်းဖြစ်ရမယ်" တဲ့ဟုတ်ပါတယ်။ ကျွန်တော်က အသားညိုတာကိုး ။ 'ငါကလူညိုချော . . ကွ ' လို့ပြောတော့ နှစ်ကောင်စလုံးက ' ဟွန့် . . ' ဆိုပြီးတော့ ခေါင်းခါတယ်။ အခုမှထလာတဲ့ သားကြီးကကျွန်တော့် ကော်ဖီခွက်ကို လုရင်းနဲ့

" အရင် တစ်ပုလင်းတုန်းက မင်း . . နွေနဲ့စ သိပြီလား " တဲ့ . .

ကျွန်တော်ခေါင်းငြိမ့်ပြလိုက်တယ်။ သူငယ်ချင်းတွေနဲ့ သကြ်န်ရက်တွေအကြောင်း စားမြုံ့ပြန်နေပေမယ့်လည်း ကျွန်တော့်စိတ်က တစ်နေရာကို ခုန်ပေါက်ထွက်ပြေးသွားပါတယ် . . ။

မဟုတ်ဘူးနဲ့တူပါတယ် . . . ။

■ ■ ■

www.burmeseclassic.com



## TRACK (7)

" ဆိုင်ရှင် အစ်ကိုကြီးရှင့် . . . ဒီအပြာတစ်ထည်ဖြုတ်ပေးပါဦး "

" ဟုတ်ကဲ့ အစ်မ . . ခဏလေး . . . "

ပြင်ဦးလွင်က များစွာသော ဆွယ်တာဆိုင်တွေထဲမှာ ကျွန်တော့် အမေရဲ့ "ပုလဲဖြူ" ဆွယ်တာဆိုင်ကလည်းနာမည်ကြီးပါတယ်။ အခု ကျောင်းပိတ်တုန်း ကျွန်တော်ဆိုင်ပြန်ထိုင်ရတာပေါ့လေ။

ရန်ကုန်မှာအခုချိန်ဆို တော်တော်ပူနေလောက်ပြီ ။ ဒီမှာတော့ နှင်းမှုံ့လို့ နည်းနည်းပူသလိုရှိပေမယ့် နေလို့ထိုင်လို့ကောင်းသေးတယ် ။ 'နွေ' ။ အခုနောက်ပိုင်း ကျွန်တော့်အတွေးတွေကို အဲဒီနွေ ဆိုတဲ့ကလေးမလေးက အလွန်ပဲ စိုးမိုးပါတယ်။ လေးခါတိတိတွေ့ဖူးတယ်။ စတွေ့ကတည်းက ပိုင်စိုးပိုင်နင်းနဲ့။ သူ့ရဲ့ငယ်ပေါင်းကြီးဖော်လိုလို ဘာလိုလို ။ နောက်ပြီးကျပျောက်သွားပြန်ရော။ ငှက်ပုလင်း နှစ်ပုလင်းရောက်လာတယ်။ ဟား . .










www.burmeseclassic.com

www.burmeseclassic.com



. အားလုံးကို ရှုပ်နေတာပဲ . . . .။

ဆိုင်ထဲကို လူတွေ တစ်ထွေးကြီးတပ်ဝင်လာတယ်။ ဒီနေ့မှပဲ အမေနဲ့ ညီမက မန္တလေးဆင်းသွားတယ်။ ကျွန်တော်တစ်ယောက်တည်း ဆိုင်က ကောင်မလေးတွေနဲ့ ရောင်းနေရတာပေ့ါ။

" ဆိုင်ရှင် အစ်ကိုကြီးရှင့် "

ကြားဖူးနေကျ အသံမျိုးလား ဆိုတဲ့အတွေးက ပထမ အတွေးတွေကို နှင်ထုတ်ပစ်တယ်။

" ဟော . . . နွေ "

သူကျွန်တော့်ကိုပြုံးပြီးကြည့်ပါတယ်

" နွေက . . ဘာ . . ဘယ်လို . . ဒီရောက် . . ဟို . . ."

ကဲ . . အရေးထဲ စကားကထစ်နေပြန်ပြီ ။

သူကျွန်တော့်ကိုပြုံးပြီးကြည့်ဆဲပဲ။

" နွေ . . ဟာ . . . "

"ငါတို့ကကိုရီးယားတန်းတွေအားလုံးပေါင်းပြီး နွေရာသီခရီးထွက်လာတာလေ။ ကားနှစ်စီးနဲ့။ ဆရာမတွေလည်းပါတယ်။ အခု မေမြို့ကို အရင်လာတာ ပြီးရင် ပုဂံသွားမှာ . . . "

" ငါ ဒီမှာရှိမှန်း နင်သိနေတာလား "

"ပိတ်ချင်းမြောင်ကို အရင်သွားတာ ပြီးတော့မှ ဆွယ်တာဝယ်ရအောင်လို့ ပြောပြီး ကားကိုဒီမှာရပ်ခိုင်းတာ "

" ဒါ.. ငါ့ဆိုင်ဆိုတာနင်သိတာပေ့ါ"

" သူရရယ် . . . ငါတို့ကျောင်းမှာ တစ်ယောက်အကြောင်း တစ်ယောက်သိဖို့ ဘယ်လောက်များခက်ခဲလို့လဲ ဟာ . . ."

" ဒါပေမယ့် ငါ့ကို ဘယ်သူကမှ မှမသိဘဲ . . . . "

" အေး . . ငါသိတယ်ဟာ . . ကဲ . .ဈေးရောင်းမှာလား . . . ငါ့ကိုအဲဒီအပြာရောင်လေးဖြုတ်ပေး "





ကျွန်တော့်ဆိုင်လေးထဲမှာ ဝယ်သူတွေနဲ့ရှုပ်ယှက်ခတ်နေတော့တယ်။ ဆူညံလို့ ။ ကျွန်တော်ပျော်ပါတယ် ။ ခုပဲ သူ့အကြောင်းစဉ်းစားနေတယ်။ ခု ဒီမှာလာ တွေ့နေရတယ်။ ဩော် ကံကြမ္မာ . . . ကံကြမ္မာ . . .

" ဟဲ့ . . . . သူရ . . . ဘာငေးနေတာလဲ . . . ဘယ်လောက်လဲ လို့မေးနေတာ"

"လေးထောင့်ငါးရာ . . အဲ . . ဟုတ်ပါဘူး .. ဟာ ..ငါနင့်ဆီက မယူပါဘူးဟာ"

"မယူလို့ရမလားဟဲ့ ဈေးရောင်းနေတဲ့ဟာ .. ပိုက်ဆံမယူရင် နင်ရှုံးမှာပေ့ါ . .အလကားစီးပွားရေးလည်းမလုပ်တတ်ဘူး "

" အင် "

သူ့ကို လက်ဆောင်ပေးမလို့ဟာ ကိုယ်ပဲအဖြစ်မရှိတဲ့ကောင်ဖြစ်ရတော့တယ်။ သူ့မျက်နှာကိုကြည့်တော့လည်း အရင်လိုပဲဖြူစင်ရှင်းသန့်လို့။ ပါးစပ်ကနေ ဗရွတ်ဗရွတ် သီချင်းတွေရွတ်လို့ . . ။

" ရော့ . . . . လေးထောင့်ငါးရာ "

" . . . . . . . . . . . . . "

" ကျောင်းပြန်ဖွင့်ရင် တွေ့မယ်နော် . . Bye Bye "



www.burmeseclassic.com

www.burmeseclassic.com



ယောင်ယမ်းပြီး လက်ပြန်ပြလိုက်တယ်။ ရှုပ်ထွေးနေတဲ့ အခြေအနေကနေ အားလုံးငြိမ်ကျသွားတယ်။ အမှန်က ဆိုင်ကကောင်လေးတွေ အားလုံး ကိုယ့်အ လုပ်နဲ့ ကိုယ်ရှေ့လျားနေကြတုန်းပဲ ။ ကျွန်တော့်စိတ်ထဲမှာသာငြိမ်သွားတာပါ။ ငြိမ်တာမှလုံးဝ လေဟာနယ်ထဲမှာငြိမ်နေသလိုမျိုး။ ဖုန်မှုန့်လေးတစ်မှုန်လွင့်သွား ရင်တောင် အသံတွေမြည်လာနိုင်တဲ့ အငြိမ်မျိုး ။ နားရွက်ဖျားတွေအေးလာတယ်။

ကျွန်တော့်မျက်လုံးတွေဟာမှန်စားပွဲပေါ်က ပုလင်းကလေးတစ်လုံးကို ချိန်သားကိုက်သွားတယ် ။ ပထမ ဝေဝေဝါးဝါးကနေတဖြည်းဖြည်းနဲ့ လုံးဝ focus ပြတ်သွားတယ်။ ပုလင်းကလေးတစ်လုံး။

ဟုတ်ပါတယ် ။ ငှက်ကလေးတွေထည့်ထားတဲ့ ပုလင်းကလေးပါပဲ။

■ ■ ■





ငါ့မှာ ပေါင်မုန့်တွေအလျှံအပယ်မရှိပါ
သို့သော် ငါ့မှာ လုံခြုံသောအိပ်ရာရှိတယ်
ငါ့ခြေထောက်တွေဟာ မြင့်မိုရ်တောင်သို့ ဦးမလှည့်ပါ
သွေးနှံ့တွေနဲ့ ညှိစိုမနေပါ
သို့သော် ငါဟာ လမ်းလျှောက်သူဖြစ်တယ်
ငါဟာ ဒဿနဆရာ တစ်ယောက်မဟုတ်ပါ
လူတစ်ယောက်နဲ့ ညီမျှတဲ့ဦးနှောက်သာပဲ ငါရှိတယ်
အားလုံးသိထားတဲ့အတိုင်းပဲ
ငါ့ကို ဘယ်သူမှ မသိကြပါ
သို့သော် ငါဟာလည်း
အိပ်မက် မက်တတ်တယ်
အဲဒီတော့
ငါဟာ အိပ်မက်မက်တယ်

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



## TRACK ( 8 )

ကျွန်တော်ဟာ သိုသိပ်လျို့ဝှက်သူတစ်ယောက်မဟုတ်ပါဘူး။ သို့သော်လည်း ကျွန်တော့်အိပ်မက်တွေကို ဘယ်သူမှမသိကြဘူး။ ကျွန်တော့်ဘဝဟာ သာမာန်ကျောင်းသားငယ်လေးသာပဲ ဖြစ်ပါတယ်။ လူပေါင်းများစွာတို့ရဲ့ထုံးစံအတိုင်း တစ်ချိန်မှာ . . ဆိုတဲ့ စိတ်ကူးမျိုးတွေ ကျွန်တော့်မှာရှိပါတယ်။ ဒါပေမယ့်ပူလောင်မှုကြီးစွာနဲ့ ရလာမယ့် အနာဂါတ်မျိုးတွေကို ကျွန်တော်မလိုချင်ပါဘူး။

ကျောက်တုံးနှစ်ခုကို ပွတ်တိုက်ပြီးတော့ မီးကိုကျွန်တော် ဖန်တီးဖြစ်မှာ မဟုတ်ဘူး ။ ရောဂါပိုးမွှားတွေရှိသလားဆိုတဲ့ အဆင့်ထက်ပိုပြီး ရေထဲမှာဘာ တွေရှိလဲကျွန်တော်မသိချင်ဘူး။

ဟိုက်ဒရိုဂျင်တွေ နိုက်ထရိုဂျင်တွေ ဆီလီကွန်တွေ ကျွန်တော် နားမလည်ဘူး။ ငယ်စဉ်က Pro အားကစားသမားတစ်ယောက် လုပ်မယ်လို့





စိတ်ကူးပေမယ့်လည်း အခုချိန်မှာ လက်ခုပ်သံတွေရမှ စိတ်ချမ်းသာရမယ့်ဘဝလည်းကျွန်တော် မလိုချင်ပြန်ဘူး။

ဒီလိုနဲ့ပဲ ကျွန်တော်ဟာနိုင်ငံခြားဘာသာတစ်ခုကိုသင်တယ်။ ကျောင်းပိတ်ရက်မှာ အမေ့ကိုဈေးကူရောင်းတယ်။ ကျွန်တော်တစ်ယောက်ရှိရင်ပြည့်စုံတဲ့ ကျွန်တော့်ဘဝဟာ အမေနဲ့ညီမလေးပေါင်းလိုက်တော့ လိုတာထက်ကို ပိုလျှံနေတော့တယ်။ ဒီလိုနဲ့ပဲ မေလဆန်း ပထမအပတ်မှာပဲ တတိယနှစ်ဝက်အတန်းတွေပြန်စပါတယ်။

၁၂နာရီကိုးမိနစ်မှာနေ့လည်အတန်းလွှတ်တယ်။ ကင်န်တင်းထဲမှာကိုလူတွေ အလုံးအရင်းနဲ့လိမ့်ဝင်လာကြတယ်။ ဒီအချိန်ဆိုရင် ဆိုင်တွေမှာထိုင်ခုံမလောက်တော့ဘူး။ ကျွန်တော်ထိုင်နေကျလမ်းကြားထဲကထိုင်ခုံမှာကောင်မလေးတစ်ယောက်ထိုင်နေတယ်။

" ကျွတ် "

စိတ်အိုက်အိုက်နဲ့ ပါးစပ်ကစုတ်သပ်ပြီးတော့မှ သူ့ဘေးကခုံမှာဝင်ထိုင်လိုက်တယ်။ ကောင်မလေးက ခေါက်ဆွဲကြော်တွေ ပလုပ်ပလောင်းစားနေရင်းကနေ တချက်မော့ကြည့်ပြီးတော့ ပြန်ငုံ့စားနေတယ်။

" ဗွီ "

" ဂလု "

ကျွန်တော့် ဗိုက်က ဗွီကနဲအော်တဲ့အခါ ကျွန်တော့်တံတွေးကို ဂလုကနဲမြိုချလိုက်ရတယ်။ သူစားနေတာ ဘာတယ့်ကို အားရပါးရပဲ ။ မဖြစ်ဘူးခေါက်ဆွဲကြော်မှာမှပဲ . . ။

" ချွတ် . . ချွတ် . . . . . ခေါက်ဆွဲကြော်တစ်ပွဲ "

" ဘာသားနဲ့လဲအကို "

" ကြက် "

ဆာလိုက်တာဗျာ . ။ ခေါက်ဆွဲကြော်စောင့်နေရင်းနဲ့ စိတ်ထဲကနေညည်းမိတယ်။ နောက်ပြီး ရှေ့ကသူများစားနေတဲ့ ခေါက်ဆွဲကြော်ပန်းကန်

www.burmeseclassic.com










ကိုငေးမိတယ်။ နောက်ပြီး အားရပါးရစားနေတဲ့ အဲဒီကောင်မလေးကို ငေးမိတယ်။ မျက်နှာဝိုင်းလေးပဲ။ ချစ်စရာကောင်းတယ်။ လှတယ်လို့တောင်ပြောလို့ရတယ်။ ဒါပေမယ့်လူတွေက မှတ်ချက်ချရင် သိပ်ချစ်ဖို့ကောင်းတာပဲလို့ အရင်ဆုံးပြောကြမှာ သေချာတယ်။

ကြည့်နေရင်း ကြည့်နေရင်းနဲ့ ကျွန်တော့် နှာခေါင်းတွေယားလာတယ်။

" ဟတ် . . . ဟတ် . . . ဟတ်ချိုး "

ကောင်မလေးကမော့ကြည့်တယ်။

" ဆော . . . ဆောရီး . . . . နော် "

မနေ့ညက Air Con တစ်ဆုံးကြီး ဖွင့်လိုက်လို့နဲ့တူပါရဲ့။ နှာတွေမွန်နေပြီ။

ဒါပေမယ့်သိပ်အဆိုးကြီးတော့မဟုတ်သေးပါဘူး။ အရမ်းနှာစီးနေလို့ နှာခေါင်းတွေပိတ်နေရင် ဘာအနံ့မှမရဘူးမဟုတ်လား။ ကျွန်တော့်နှာခေါင်းထဲကို အလွန် မွှေးကြိုင်ပြီးရင်ခုန်စရာကောင်းတဲ့ ခေါက်ဆွဲကြော်ရနံ့က ပွတ်သပ်ပြီးတိုးဝင်လာတယ်။ ကျွန်တော်အရှေ့က ကောင်မလေးကို မေ့သွားပါတော့တယ် . . . ။

" ဟတ် . . .ဟတ် . . .ဟပ်ဟပ် "

" . . . . . . . . "

" ဟတ် . . . ဟတ် . . . . ချိုး "

သွားပြီ ။ ကျွန်တော်သိလိုက်ရတဲ့အချိန်မှာသိပ်နောက်ကျသွားပါပြီ။

"အီးယူး . . . . ပေကုန်ပြီဟယ် " . . .

ဟုတ်ပ။ ပါးစပ်ထဲက ခေါက်ဆွဲတစ်ဖတ်က သူ့ရင်ဘတ်မှာ သွားကပ်တယ်။

" မတော်လို့ပါနော် . . . ခွင့်လွှတ်ပါ . . . "

ပျာပျာသလဲတောင်းပန်ရင်း စားပွဲပေါ်မှာ Tissue Box ရှိလိုရှိငြားကြည့်တယ်။ မရှိဘူး။ ကျောပိုးအိတ်ထဲမှာရှာတယ်။ Tissue တောင်မရှိဘူး။

www.burmeseclassic.com



က်ံအားလျော့စွာပဲ လက်ကိုင်ပုဝါ ပန်းရောင်တထည်တွေ့တယ်။

"ရော့ .. ရော့ ... သုတ်လိုက်ပါဗျာ ... ကျွန်တော်တောင်းပန်ပါတယ်ဗျို ... မတော်တဆ .. အင်း .. Sorry ပါဗျာ ..."

"ရပါတယ် ..." လို့ပြောပြီးတော့ လက်ကိုင်ပုဝါကို ယူတယ်။ သူ့ရင်ဘတ်ကိုသုတ်တယ်။ ပုဝါကိုသေချာကြည့်တယ်။ မျက်နှာကို အုံ့ညှိုပ်ပေါင်းများ စွာဖြတ်သန်းပြီးတော့မှ ...

" ဒါ ... သစ္စာရဲ့ဟာပဲ ... ရှင်ဘယ်ကရတာလဲ "

ကျွန်တော်လည်းပြန်စဉ်းစားရတယ်။ ပန်းရောင်လက်ကိုင်ပုဝါ ကျွန်တော်တော့ မဝယ်ဘူး။ သေချာတယ်။ ပုဝါကိုပြန်ယူကြည့်တော့ ဒေါင့်စွန်းမှာ သစ္စာလို့ရေးထားတယ်။ ဟုတ်တယ်။ ဒါ သစ္စာရဲ့ဟာပဲ။ ဒါပေမယ့် လက်ကိုင်ပုဝါ ဘယ်ကရလာသလဲ ကျွန်တော် မမှတ်မိတော့ဘူး။

"အင်း ...ဟုတ်တယ်နဲ့တူတယ်။ ကျွန်တော့်ဟာတော့မဟုတ်ဘူး။ ဒီမှာလည်းသစ္စာလို့ရေးထားတယ်။ ကျွန်တော့်ဆီဘယ်လိုလုပ် ရောက်နေတာလဲ မမှတ်မိတော့ဘူး။ ခင်ဗျား သစ္စာနဲ့သိရင်လဲ ယူထားပြီးပြန်ပေးလိုက်လေ "

"အံမယ် .. လူကိုများ ခင်ဗျားလေး ဘာလေးနဲ့ .. ဒီမှာ .. ကျွန်မနာမည်သစ္စာ ... ရှင့် "

"ဟောဗျာ ... ဒါဆိုလဲ ခင်ဗျား .. အဲလေ ..သစ္စာပဲပြန်ယူထားလိုက် တော့လေ "

" ပြီးရော "

ပြီးရောလို့ ပြောပြီးတော့ ပုဝါကိုလွယ်အိတ်ထဲထည့်တယ်။ ကျွန်တော်လည်းကိုယ့်ခေါက်ဆွဲကိုယ်ဆက်စားနေတာပေါ့လေ ...။ ခဏကြာတော့ သူကစားပွဲထိုးကောင်လေးတစ်ယောက်ခေါ်ပြီး ပိုက်ဆံရှင်းမလို့လုပ်တယ်။

" ငါးရာ ၊ တစ်ရာ ၊ ခြောက်ရာ .. အစ်မ "

" အဲ "





" ....... "

" ဒုက္ခပဲ ... သစ္စာပိုက်ဆံအိတ် အိမ်မှာကျန်ခဲ့ပြီ "

ကျွန်တော်လည်း မနေနိုင်လို့ သူ့ပိုက်ဆံခြောက်ရာကိုစိုက်ရှင်းပေးလိုက်ပါတယ်။

သူကပြောတယ် " ရှဲ့ ရှဲ့ " တဲ့။ တရုတ်တန်းကလားလို့မေးတော့ မဟုတ် ဘူးတဲ့ ။ 2nd yearကိုရိုးယားကတဲ့ ။ " ရှင်ကရော "တဲ့ ။ ကျွန်တော့်နာမည်နဲ့ အတန်းကိုပြောတော့ ...

" သူရ .. သူရ .. သူရ "

ဆိုပြီး ကျွန်တော့်နာမည်ကိုရွတ်ကြည့်နေတယ်။

"နွေ့ကိုသိသလား " ဆိုတော့

"အင်း "တဲ့ ။

ဘာပဲပြောပြော .. ရန်ကုန်မှာ သူရကို့ အပေါင်းအသင်း အသစ် တိုးပါသည်ပေါ့။ မိန်းကလေးသူငယ်ချင်းဆိုတာမျိုးက အတန်းပျက်ရင်စာကူးပေးတယ်။ သူ့ထမင်းချိုင့်ထဲကနေခွဲကျွေးတယ်။ ပိုက်ဆံလိုရင် ချေးတယ်။ ဘယ်လောက် ကောင်းသလဲနော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



## TRACK [ 9 ]

" စက္ကူကို ဒီဘက်ထောင့်ကနေ ဟောလိုလေးစခေါက် . . ပြီးမှ ထိပ်စ ကိုဒီဘက် ပြန်ခေါက် . . . "

" . . . . . "

"အေး..ဟုတ်ပြီ..ပြီးရင် သူ့လမ်းကြောင်းအတိုင်းအဆုံး အထိခေါက်လိုက်"

ဂန္ထဝင်ရွှေပုဂံမှာ နွေ့ကို ကျွန်တော်တွေ့ပါတယ်။ တွေ့မှာပေါ့။ ကျွန်တော်က တစ်ကျောင်းလုံးအနှံ့ လိုက်ရှာနေတာကိုး . . ။ သူက တရုတ်ကလေး တစ်ယောက် နဲ့ တူတူထိုင်နေတာပါ။

" ဟိတ် . . . ထိုင်လို့ရလား . . . . "

" ရတာပေါ့ ခုံတွေတပုံကြီးပဲဥစ္စာ . . . . "

" ဟို . . . အနှောက်အယှက်ဖြစ်မှာစိုးလို့ "





"ထိုင်မှာယိုင်စမ်းပါ . . . ဒီမှာ ဝင်းစိန်ကို စက္ကူခေါက်တာ သင်ပေးနေတာ။ ဝင်းစိန် . . ပြီးရင် လက်နဲ့ ဒီလိုဖိချလိုက် . . . ဟုတ်ပြီလား "

စက္ကူတန်းလေးတွေက ကျွမ်းကျင်တဲ့နွေ့လက်ထဲမှာကြယ်ပွင့်လေးတွေဖြစ်သွားပါတယ်။ တရုတ်ကလေးက ပိုက်ဆံငါးရာကို စားပွဲပေါ်တင်ရင်း .

" ငါ သွားတော့မယ် ၊ ကျေးဇူးပဲဟာ ၊ ငါ ချင်းချင်းကို ကြယ် ၁၅၀၀ ပြည့်အောင်ပေးမယ်လို့ပြောထားတာ . . ဝူး . . . ဒီညတော့အိပ်ရတော့မယ် မထင်ဘူး၊ အဖေအားဖိုးရှင်းလိုက်နော် " တဲ့ . . .

ဒီကောင်ထွက်သွားတာကို မျက်စိတစ်ဆုံးလိုက်ကြည့်ပြီးတော့မှ နွေ့က ကျွန်တော့်ကို ခေါ်တယ်။

" သူရ . . . "

" အင် . . . . . "

" ဒီနေ့ နေ့လည်အတန်းဖျက်လို့ရလား "

" ငါက အတန်းကိုမရှိတော့တာ . . . ဘာလုပ်မလို့လဲ "

" ငါ့ကို ကူညီမလား . . . . "

" ဘာလဲ . . . ကိစ္စကိုပြောလေကွာ . . "

" တကယ်လို့ နင်ကူညီမယ်ဆိုရင် ငါ့ဆိုင်ကိုခဏလိုက်ခဲ့ . . "

" ဆိုင် . . . နင့်မှာဘာဆိုင်ရှိလို့လဲ . . . "

"သူရ . . . နင်လေကြောရှည်မနေနဲ့ လုပ်ပေးမလား . . မလုပ်ပေးဘူးလား ပြော . . . "

" ဟမ် . . . . ဘာလဲကွာ . . . . "

" ပြီးရောလေ . . . . သဘောပဲ . . . . "

" ကဲ . . . ကဲ . . . လာကွာ . . . . "

ကျွန်တော် ကျောပိုးအိတ်ကို ကောက်လွယ်ပြီး ထထွက်လိုက်တယ်။ နွေ့က နောက်ကပြေးလိုက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



“ရှော့ . . . နမော်နမဲ့နဲ့ . . . အသုံးကိုမကျဘူး ”

“အင် . . . . ”

ဟုတ်ပါရဲ့ ကားသော့မေ့ကျန်ခဲ့တာကိုး ။ ဒါပေမဲ့ သူ့ရဲ့အသုံးမကျဘူး က ဒါပါနဲ့ဆို ဘယ်နှစ်ခါမြောက်လဲ မသိတော့ဘူး ၊ ကားပေါ်ရောက်တော့ မှ သူက ပြောပြတယ်။

“ ရှစ်မိုင်က J – café ကိုသိတယ်မလား ”

“ အင်း . . . ”

“ အဲဒီဆိုင်က ငါတို့ သူငယ်ချင်း(၄)ယောက်ပေါင်းပြီးဖွင့်ထားတာ ၊ အဖေက သဘောမကျဘူး . . .အမေလှမ်းပို့ပေးတဲ့ ပိုက်ဆံတွေနဲ့ ဖွင့်ထား တာကိုး . . ဆိုင်ကို ငါတို့ (၄) ယောက်အလှည့်ကျထိုင်တယ် . . .တစ်ခါ တလေလည်း counter မှာထိုင် တစ်ခါတလေလည်း စားပွဲထိုး ပေါ့ဟာ. . . . ”

“ နင့်ဟာကလည်း ဆိုင်ရှင်ဖြစ်ပြီးတော့ စားပွဲထိုးရသေးတာပဲလား”

“ လုပ်ရတာပေါ့ဟ . . . ဝန်ထမ်းတွေနဲ့ချည်းပဲလွှတ်ထားလို့ ဖြစ်မ လား၊ ကိုယ်တိုင် ဝင်လုပ်မှ သူတို့လည်း ဂရုစိုက်မှာပေါ့ ”


အား .. ပါး . . အလာကြီးပဲလို့တွေးမိတယ်၊ ကိုယ့်ကိုယ်ကိုလည်း သူ့အကြောင်းတွေ ဘာမှ မသိပါလားဆိုပြီး သက်ပြင်းတွေကြိတ်ရှိုက်တယ်၊ ဒါတောင် တခြားဘာအလုပ်တွေများတပ်လုပ်ထားသေးလဲ မသိဘူးဗျို့၊ သူကျတော့ ကျွန်တော့်အကြောင်းအကုန်ရှယ်မှ အကုန်သိနေတာ . . .

“ အခု ငါ့ကိုခေါ်တာကတော့ နင့်ဆိုင်မှာ ကော်ဖီတိုက်ဖို့သက်သက် မဟုတ်ပါဘူးနော် . . . ”

“ဟင့်အင်း . . . . ဒီလိုဟာ . . . မနေ့ညက ငါ့အမေဖုန်းဆက်တယ်၊ သူ့ဘော်ဘော်ရဲ့သားတဲ့ L.A မှာတက်နေတာတဲ့ ၊ အခု ရန်ကုန်ကို ခဏပြန်ရောက်လို့ ငါနဲ့တွေ့ချင်တာတဲ့၊ လက်ဆောင်တွေဘာတွေပါတယ် ပေါ့ဟာ . .အဲဒီလူကလည်း မနက်က ဆက်တယ် ၊ ဆိုင်ကိုလာခဲ့မယ်










www.burmeseclassic.com

www.burmeseclassic.com



ဘာညာ . . . ပေါ့"

" အဲဒီတော့ . . . ငါက "

" နေဦးလေဟာ . . . ရှင်းမှာပေါ့ . . အမေကသာ သူ့ သူငယ်ချင်းသားဘာညာနဲ့ ပြောနေတာ . . သူကတီတီစီမှာကဗာည်းကင်ငါ့ကိုလိုက်နေတာဟ.အဲဒါ အခု ငါ . . ရည်းစားရနေပြီပြောတော့လည်း မယုံဘူးတဲ့ . . . မဖြစ်နိုင်ဘူးတဲ့ ငါလည်း ခေါ်လာပြမယ်လို့ ပြောလိုက်တယ် ... ဒီနေ့မှဟာ သူငယ်ချင်းတွေလည်း၊ တစ်ယောက်မှ မလာဘူး . ငါက ဝင်းစိန်ကို ခေါ်သွားရမလို ဖြစ်နေတုန်း နင်ရောက်လာလို့ အတော်ပဲဖြစ်သွားတယ် . ."

" ငါ . . . က . . . "

" ခဏပါဟာ . . ဖြစ်တယ်မလား . . ပွဲပါသွားတာမှမဟုတ်တာ . . . တကတည်း . . . ငါက မိန်းကလေးပါဟ . . ."

" ဟုတ်ဘူးလေ . . တော်ကြာ ရိုက်ပေါက်ဖြစ်နေဦးမယ် . . . . "

" ဘာမှ ကျုတ်ကြဲမနေနဲ့ . . . အဲဒီမှာတစ်စီးစာလွတ်တယ် . . ရပ် . . ရပ် . . ရပ် "

ဆိုင်ထဲမှာလူရှင်းနေတယ်၊ ဒီဆိုင်ကို ကျွန်တော် သုံးလေးခါလောက်ရောက်ဖူးပါတယ်၊ နေလင်းတို့က Counter သရဲတွေဆိုတော့ သူတို့နဲ့ လိုက်လိုက်လာတာ၊ ပြီးတော့ အိမ်မှာ ဖုန်းလိုင်းမှ မရှိတာ ၊ email သုံးချင်ရင် ဆိုင်တွေပဲ အားကိုးရတာမဟုတ်လား . .

အခုတော့ ဆိုင်ထဲမှာ လူရှင်းနေတယ် ။ စားပွဲတစ်လုံးမှာပဲ ငနဲတစ်ကောင်ထိုင်နေတယ်၊ ကတုံးဆံပင်ပေါက်နဲ့ မတော်တရော် အင်္ကျီနဲ့ဘောင်းဘီကြီးတွေဝတ်ထားတယ်၊ နားမှာ နားကြပ်နဲ့ ပါးစပ်က ဗရွတ်ဗရွတ် သီချင်းတွေ ရွတ်နေတယ်။ ဒူးနံ့နေတာလည်း စားပွဲပေါ်က ကော်ဖီခွက်တောင် လှုပ်နေပြီ ။ ကျွန်တော်ပြုံးမိတယ်။ အပြုံးကတာရှည်မခံပါဘူး။

ဘာလဲဆိုတော့ ကျွန်တော့်ဘေးက ကောင်မလေးက လက်မောင်းကိုအသာလာဆုပ်ကိုင်လိုက်တာကိုး ။ ရင်ခုန်သံတွေ ပလူပျံတယ် ။ အသက်ရှူ





ရတာ ဟတ်ထိုးဟတ်ထိုး ဖြစ်လာတယ်။ နွေကတော့ အပြုံးကို ဟန်ပါပါလေးချိုပြီးကျွန်တော့်ကို ဆွဲခေါ်လာတယ်။ ဟိုငနဲ့ရှေ့လည်းရောက်ရော ....

" စောင့်နေတာ ကြာပြီလား ဂျွန် "

ငနဲသားက မျက်လုံးကြီးပြူးကြည့်ပြီး ဘိုသံနဲ့ " အမ်ဟမ် " လို့ ဟန်ပါပါပြောတယ်။ ပြီးတော့ မယုံကြည်နိုင်တဲ့ မျက်နက်ဝန်းကြီးတွေနဲ့ ကျွန်တော့်ကိုကြည့်တယ် . . .

"ဂျွန် . . . ဒါ တို့ရည်းစားလေ . . သူ့ရ . . တဲ့ . . တို့ကျောင်းကပဲ ...မောင် . . ဒါက ဂျွန်တဲ့ L.A က ခဏပြန်လာတာ . . ."

ဟိုက် . .ရှားဘား . . 'မောင် ' ဆိုပါလား . . . ကျွန်တော်ဒူးတွေချောင်ချင်လာတယ်။ ပြောစရာမရှိလို့ တံတွေးတွေပဲကြိတ်မြိုနေရတာပေါ့။ အရေးထဲ ဟိုကောင်က "အစ်စ် နိုက်စ် တူမီးယူ " တွေဘာတွေနဲ့ လာပြီးလက်ဆွဲနှုတ်ဆက်နေသေးတယ်။

ကျွန်တော်က ကိုယ့်ကိုကိုယ် အထင်ကြီးလေ့မရှိပါဘူး။ ဒါပေမယ့် အခု ချိန်ခဏလေး အတွင်းမှာတော့ ဘဝင်တွေမြင့်မိတယ်။ နွေ့ရည်းစားလို့ ဟန်ဆောင်နေရတာတောင်မှကိုယ့်ကိုယ်ကို အဟုတ်ကြီး ထင်လာတယ်။ သူတို့ နှစ်ယောက် စကားတွေဖောင်ဖွဲ့နေတုန်းမှာနံရံ ကြမ်းပြင်နဲ့ မျက်နှာကျက်တွေကို လျှောက်ငြီးငေးနေမိတယ်။

ဟာ . . . မျက်နှာကျက်မှာ စက္ကူငှက်ကလေးတွေ တစ်ကောင်၊ နှစ်ကောင်၊ သုံးကောင် . . လေးကောင် . . . ဆယ့်ရှစ်ကောင် . . နှစ်ဆယ် . . အများကြီးပဲ.. နွေကိုယ်တိုင် ခေါက်ထားတာလား ။ အင်းလေ . . ဒါသူ့ဆိုင်ပဲ . . သူ့ငှက်တွေပဲဖြစ်မှာပေါ့။ နေ့လည်ကလည်း ဟိုတာရုတ်ကလေးကို စက္ကူ ခေါက်နည်းတွေ သင်ပေးနေသေးတယ် ။

ဒါ . . ဆို . . ရင် . . . . . . ။

" ခိုထူရ . . . . ခိုထူရ . . . . "

" ဟင် . . . ဘာလဲ . . . . နွေရော . . "



www.burmeseclassic.com

www.burmeseclassic.com



" နွေဂ ထဲလီဖုန်း ပြောနေတယ် . . . "

" သြော် . . သြော် . . . "

" ခိုထူရ နွေနဲ့ ဟင်း(န်)အောက်(တ်)လုပ်တာ ကြာဘီလား . . . "

" အင် .. ဟို . . . ကြာပြီ . . . . ကြာပြီ . . . "

" ခိုထူရ ကံကောင်းဘာတယ် . နွေဂ အင်မတန် ပါဖက်(တ်) ဖြစ်တဲ့ မိန်းဂလေးဘဲ . . . ကျွန်တော်တော့ ကံသိပ်မဂေါင်းဘူး "

" သြော် . . သြော် . . . "

" L.A ရောက်ရင်လည်း လာလည်ပါ။ ဒီမှာ ကျွန်တော့် အက်ဒရက်(စ်)"

" ဟုတ် . . . ဟုတ်ကဲ့ "

" ဘိုင်း ဘိုင် ခိုးထူရ "

" ဟုတ် . . ဟုတ်ကဲ့ . . . ဘိုင်းဘိုင် "

သူ့ကိုကြည့်ပြီးကျွန်တော်စိတ်မကောင်းပါဘူး။ ဒါပေမဲ့ နွေကမှ မကြိုက်တာ ဘယ်တတ်နိုင်ပါ့မလဲဗျာ . . နော . . . ဟုတ်ဘူးလား။

နွေက ဘလက်ကော်ဖီထည့်ထားတဲ့ လင်ပန်းကို ကျွန်တော့်ရှေ့မှာ လာချတယ်။ ကျွန်တော်မအံ့သြတော့ပါဘူး။ ဘလက်ကော်ဖီ ကြိုက်တတ်တာလောက်လေးကို မဆိုထားနဲ့ ငယ်ငယ်တုန်းက ပြုတ်ကျထားလို့ ဘယ်ဘက်လက်ကျိုးဖူးတာလည်း သူသိနေမှာပါ . . . ။

■ ■ ■







**TRACK ( 10 )**

တစ်မနက်လုံး စာလိုက်ကူးရတာ လက်အံတောင်သေချင်လာပြီ။ နေ့လည် ကျောင်းလွှတ်ဖို့ Bell တီးတာတောင် ဆရာမက သင်လို့ မပြီးသေးဘူး။ ဒီအတိုင်းဆိုရင်တော့ နွေ့ကို သွားရှာဖို့ မဖြစ်နိုင်တော့ဘူး။ နွေ . . ဆိုတဲ့ ကလေး မလေးကလည်း ဒီအချိန် အတန်းရှေ့ကမှ ပိတ်မဖမ်းရင် ဘယ်အချိန်မှာမှ မိဖို့မလွယ်တဲ့ ဟာမလေး။ တွေးနေရင်းနဲ့ မနေ့က ငွန်နဲ့ တွေ့တဲ့အကြောင်းကို သတိရသွားပြီး ပြုံးမိတယ်။ အဟီး။

" သူရ . . . . ဘာတွေသဘောကျနေသလဲ . . . "

" ဗျာ . . . တီချယ် . . . ဟို . . . "

" ခုနက တီချယ် ပြောတာတွေကိုရော ကြားလိုက်ရရဲ့လား "

" ဟို . . . . ကျွန်တော် "

တစ်တန်းလုံးပြုံးစိ ပြုံးစိ ဖြစ်ကုန်တယ်။ မထူးပါဘူး ။ FAW

www.burmeseclassic.com









FAW ပေါ့ ။

" Attendance မပြည့်လို့လား တီချယ် "

" ဝါး . . .ဟား . . .. ဟား . . . "

" မောင်သူရ အိပ်ငိုက်နေတယ် high school တုန်းကလို ထိုင်ယလုပ် ခိုင်းရမယ်နဲ့တူတယ်။ ဒီတစ်ပတ် Presentation မရှိဘူး။နောက်တစ်ပတ် friday မှ လုပ်ရမယ်လို့ပြောနေတာ"

" ဟာ . . . sorry တီချယ် ။ ကျွန်တော် ခဏလေး သတိလွတ်သွားတယ်"

" ကဲ . .ကဲ . . .ထားတော့ . . .အားလုံးထမင်းစားဆင်းနိုင်ပြီ . . "

စာသင်ခန်းက ကျောင်းသားတွေအကုန်လုံးကို အန်ထုတ်လိုက်တယ်။ လှေကားတစ်လျှောက် လူတွေ စီးဆင်းလာပြီးတော့ အဆောက်အအုံရဲ့ အပြင် ဘက်မှာခွဲဖြာထွက်ကုန်တယ်။ တွေ့မှာမဟုတ်တာသေချာနေသည့် တိုင်အောင်တောင်မှ ကိုရီးယားတန်းပေါ်ကို ကျွန်တော်တက်ရှာပါသေးတယ် ။ ဟင့်အင်း . . မတွေ့ပါဘူး ။ ဒါပေမယ့်လည်း ကျွန်တော်ဟာ တစ်ကျောင်းလုံးအနှံ့ ခြေတိုအောင်လိုက်ရှာပါတယ်။

အပြင်မှာ မမြင်ဘူးတဲ့ သူမိဘနှစ်ပါးကို အံ့ဩမိတယ်။ နာမည်အပေးကောင်းလို့လေ။ "နွေ" တဲ့ ။ ဟုတ်ပါရဲ့ . .. ။ အခု မိုးတွင်းရောက်နေတာတောင်မှ ကျွန်တော့်ရင်တွင်း ပူနေဆဲပဲမဟုတ်လား။ မင်းကိုဒုက္ခပေးနေလို့လားကွာ . . လို့ တစ်စုံတစ်ယောက်ကမေးရင်လည်းခေါင်းကိုပဲခါရမှာ။ သို့သော်လည်း ၊ ဘာမှန်းမသိ ၊ ရင်တော့ပူတယ်နွေရယ် . . .။

နွေ့ကိုမတွေ့ပေမယ့်လည်း ကား Parking ကသစ်ပင်အောက်ခုတ်နံ့မှာ ထိုင်နေတဲ့သစ္စာကိုတွေ့တယ်။ အဖြူမှာအပြာနောင် ပန်းခက်တွေပါတဲ့ လုံချည်ကိုဝတ်ထားတဲ့ သစ္စာဟာ ကျွန်တော်ထင်ထားတာထက်ပိုပြီး ချစ်စရာကောင်းပါတယ်။ အပေါ်က ထပ်ဝတ်တဲ့ ဆွယ်တာ အနက်ရောင် ခပ်ပါးပါးဟာ သူ့ကို ပိုပြီးတည်ငြိမ် စေတယ်။ သိပ်ပြီးနှမ်းလိုဖွယ်ကြွယ်သွား



www.burmeseclassic.com

www.burmeseclassic.com



တက်ကလေးတွေကို အပြုံးရဲ့အောက်မှာ ကျွန်တော်တွေ့ပါတယ်။

" ဟော . . . သူရ . . . "

" သစ္စာ . . . တစ်ယောက်တည်း ဘာထိုင်လုပ် . . "

" သစ္စာ . . . မြတ်မွန်တို့ကို စောင့်နေတာ၊ ရုပ်ရှင်သွားမလို့ "

" ဟာ . . . ပျင်းနေတာနဲ့အတော်ပဲ ငါ လိုက်လို့ရလား . . . "

" လိုက်ခဲ့လေ သူရရဲ့ . . အင်း . . ကားတော့မဆုံဘူးနဲ့တူတယ်.. Taxi နဲ့ လိုက်ခဲ့မလား . . ဩော် . . သူရမှာကားပါမှာပေါ့ . . . မပါဘူးလား "

" အလကားစတာပါ သစ္စာရယ်၊ ငါမလိုက်ပါဘူး ၊ခဏနေရင် သူငယ်ချင်းတွေနဲ့ချိန်းထားတယ် . . "

"သူရ သူငယ်ချင်းတွေနဲ့သစ္စာဆုံဖူးတယ် . . ရယ်စရာတွေပြောတတ်တယ် လေ "

" ဟုတ်တယ် ဟုတ်တယ် . . ဒီကောင်တွေက တစ်ခါတစ်ခါ သိပ်ရယ်ရတာ.. "

" သူရရော ရယ်စရာတွေ မပြောတတ်ဖူးလား "

" ပြောတတ်ပါဘူးကွာ . . . ငါက စကားပြောမကောင်းဘူးသစ္စာရဲ့။ တစ်ခါကလည်း ကလေးတစ်ယောက်ကို ပုံပြင်ပြောတာ အရှေ့ကဟာ အနောက်ရောက်၊ တောင်ရောက် ၊ မြောက်ရောက်နဲ့ ၊ နောက်ဆုံးဘယ်လို အဆုံးသတ်ရမှန်းကို မသိတော့တာ ၊ အဲဒါ . . အဲဒီကလေးက ငါ့ပုံပြင်ကို ပြန်ပြီးဇာတ်သိမ်းပေးရတယ် . . "

" ဒါပေမယ့်သူရ စကားပြောတဲ့ အသံက နားထောင်လို့ကောင်းတယ် . . "

ကျွန်တော် ဖြတ်ခနဲ သူ့မျက်နှာကိုလှမ်းကြည့်မိတယ်၊ သိတယ်မလား ' ဒုန်း 'ဆို အကြည့်ချင်းဆုံတာပေါ့ ၊ ချက်ခြင်းပဲ သူရော ကျွန်တော်ပါ ခပ်မြန်မြန်လေး အကြည့်လွှဲလိုက်ကြတယ် . ။ နောက်တစ်ခါ ..ထပ်ပြီး





သူ့မျက်နှာကို လှမ်းကြည့်တယ်၊ အံ့သြဖွယ်ရာ နောက်ထပ်အကြည့်ချင်း ထပ်ဆုံပါတယ် . . ။

မျက်ဝန်းထဲမှာ အရိပ်တစ်ခုတွေ့တယ်၊ အဲဒါဘာအရိပ်လဲ ၊အဖြေမရှာနိုင်ခင်မှာပဲ သူက အကြည့်ကိုပြန်ရုပ်သိမ်းသွားခဲ့တယ်။ အဲဒီအခါ . . မဆီမဆိုင် နွေ့ကိုကျွန်တော်သတိရနှင့်ပြီးဖြစ်ပါတယ်၊ နွေ့မျက်ဝန်းတွေမှာကော ဒီလို အရိပ်တစ်ခုရှိသလား။

ကျွန်တော်မသိပါ . . ။

ဘာပဲပြောပြော ကျွန်တော့်စိတ်ထဲမှာ .. ဒီလိုအချိန် ဒီလိုနေရာမျိုးမှာ ဒီလိုအရိပ်မျိုးတွေပါတဲ့ နွေ့ရဲ့မျက်နက်ဝန်းတစ်စုံနဲ့ ကျွန်တော့် မျက်ဝန်းညိုတစ်စုံ အကြည့်တွေဆုံပြီး ရင်ခုန်ချင်ပါတယ် . ။

သစ္စာက . . သူ့လွယ်အိတ်ထဲကနေ ကာတွန်းရုပ်ပြောင်တွေပါတဲ့ စာအုပ်အနီရောင်လေးတစ်အုပ်ကိုထုတ်တယ်။

" သူရ . . ရေးပေးပါ . . " တဲ့

ရေးပေးပါစာအုပ်ကို ကျွန်တော်ငယ်ငယ်ကတည်းက တွေ့ဖူးပါတယ်။ တစ်ခါမှတော့ စိတ်လိုလက်ရမရေးဖူးဘူး။ ဘယ်ရေးဖူးမလဲ။ ဘယ်သူက မှ အဖက်လုပ်ပြီး မရေးခိုင်းခဲ့ဖူးဘူးကိုး။

" အခု .. ရေးရမှာလား .. ရေးပြီးမှ ပြန်ပေးရမှာလား "

" အခုရေးရေး နောက်မှရေးရေး သူရသဘောပဲ "

" ဒါဆိုလဲ အခုရေးမယ်လေ . . တစ်ခါတည်းယူသွား "

" ဟင့်အင်း . . မနက်ဖြန်မှပဲ ပေးတော့ ၊ ဟိုမှာ မြတ်မွန်တို့ လာနေပြီ သစ္စာဒိုးတော့မယ် . .. "

" အင်း . . အင်း . . . တာ့တာ . . . "

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်တော့မှ ရေးပေးပါကို သေသေချာချာရေးရတယ်။

အမည် .... သူရ

သူငယ်ချင်းတွေခေါ်တဲ့အမည် ...... ဟော့ကောင်

နေရပ်လိပ်စာ ... ... ၁၈(B/၁)တက္ကသိုလ်ရိပ်သာ
လမ်းသစ်၊ လေးလွှာ ။

ဖုန်း ........ . မရှိပါ ...

နောက်ပြီး အရောင်တို့ အကြိုက်ဆုံးမင်းသားမင်းသမီး အဆိုတော်တို့ ဆိုတာတွေလည်း ဖြေရခက်တယ်။ ဟုတ်တယ်လေ ကျွန်တော်က တစ်ခုတည်း တစ်ယောက်တည်းကို သီးသန့်ရွေးကြိုက်တာမျိုးမှမရှိဘဲ။ အစားအစာ ဆိုရင်လည်း လမ်းဘေးစာကနေ ဟိုးရှားရှားပါးပါး မြွေသားတွေပါ စားတယ်။ သီချင်းဆိုရင်လည်း ဟို .. စိုင်းစိုင်းခမ်းလှိုင်တို့ဆိုတဲ့ ဗရွတ်ဗရွတ်တွေကလွဲပြီး အားလုံးကြိုက်တာပဲ ..။ စိုင်းစိုင်းခမ်းလှိုင်ဆိုလို့ အဲဒီအဆိုတော်ကို ကျွန်တော်တို့ကျောင်းမှာ ဒီပလိုမာတန်း လာတက်တာတွေ့တယ်။ ပိန်ပိန်ရှည်ရှည် စပရိန်မျက်နှာနဲ့ ကြည့်ရတာ ထောင့်မကျိုးဘူး ... လမ်းလျှောက်ရင်လည်း ကားရား ကားရားနဲ့ ။ နွေကတော့ သူ့သီချင်းတွေကြိုက်တယ်လို့ တစ်ခါကပြောဖူးတယ်။ ကျွန်တော်ကတော့ အမြင်ကပ်တယ် ..။

အကြိုက်ဆုံးစာရေးဆရာ .... အများကြီးပဲ .. ဘယ်လို ဖြေမှာလဲ

အကြိုက်ဆုံးဝတ္ထု .... ထိုနည်း၄င်း

ကိုယ့်ရဲ့အလေးစားဆုံးပုဂ္ဂိုလ် .... ဗုဒ္ဓ

နောက်ပြီးသံယောဇဉ်ဆိုတာ ..တို့ ၊ ဘဝဆိုတာ. .. တို့ဆိုတဲ့ ခပ်စားစားမေးခွန်းတွေလည်းပါတယ်။ ကျွန်တော်ကတော့ ဘဝဆိုတာ ACID သီချင်းတပုဒ်ပေါ့လို့ ခပ်ပေါ့ပေါ့ ဖြေလိုက်တယ်။ တချို့တွေကလည်း ဘဝဆိုတာတိုက်ပွဲတဲ့၊ တချို့တွေက ဘဝဆိုတာ ရိုလာကိုစတာတဲ့ ။ ကျွန်တော်






စဉ်းစား ကြည့်တယ်၊ တကယ်တော့ဘဝဆိုတာ အရူးတစ်ယောက်ရဲ့ ဇာတ်ညွှန်းကို အခြားအရူးတစ်ယောက်ကရိုက်ကူးထားတဲ့ ရုပ်ရှင်ကားပါပဲ။ ကျွန်တော်တို့အားလုံးဟာ အဲဒီသွက်သွက်ခါနေတဲ့ ဇာတ်ကားကြီးထဲက အရူးသရုပ်ဆောင်တွေပဲပေါ့.. ။

ဘဝမှာအရေးကြီးဆုံးကတော့ 'နေတတ်ဖို့လို့' ကျွန်တော်ထင် ပါတယ်။

ကိုယ်ဆွဲတတ်သလိုဆွဲထားတဲ့မင်းရဲ့ပုံ




မင်းအတွက်ကိုယ့်ရဲ့စကား ....ဘာအတွက်မှစိတ်မညစ်ရတဲ့ ကောင်မလေးဖြစ်ပါစေလို့ ....

အောက်မှာ လက်မှတ်ထိုးပြီးတော့ ရက်စွဲတတ်လိုက်တယ်။ အဖြေအားလုံးကို တစ်ခေါက်ပြန်ဖတ်ပြီးတဲ့နောက် ကျွန်တော်မဖြေတတ်လို့ ချန်ထားခဲ့ရတဲ့မေးခွန်းကိုတွေ့တယ် ။

ပြန်စဉ်းစားတယ်။ ဟုတ်တယ်။ ကျွန်တော်မသိဘူး။ မဖြေနိုင်ဘူး .....။

အချစ်ဆိုတာ .... .... ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



## TRACK ( 11 )

ကျွန်တော်တို့ လမ်းထဲမှာ ' ရင်ထဲကပန်းဆိုင် ' ရှိတယ်။ floral services တွေလုပ်တယ်။ ပန်းဆိုင်ရဲ့အောက်မှာ စာအုပ်ဆိုင်ကလေးရှိတယ်။ ကျွန်တော် အဲဒီဆိုင်မှာ စာအုပ်ငှားလေ့ရှိတယ်။ ပန်းဆိုင်ရဲ့ အပေါ်ထပ် ညာဖက်အခန်းမှာ သူငယ်ချင်းတစ်ယောက် အလုပ်လုပ်တဲ့ ရုံးခန်းရှိတယ်။

ရုံးခန်းရဲ့ အပေါ်နှစ်ထပ်မှာ ဖူးသီးနေပါတယ်. .။

"ဖူး . . . သီး . . . "


". . . . . . "

"ဖူး . . . သီး . . . "

ကျွန်တော် ကားပေါ်က ဆင်းရင်းနဲ့ အော်ခေါ်တယ်။ ဖူးသီးတော့ ထွက်မလာဘူး။









www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲကပန်းဆိုင်ကအန်တီထွက်လာတယ်။ နောက်ပြီး လက်ယပ်ခေါ်တယ်။

"အန်တီ . . ဘာလဲဗျ .. "

"သားကို အခုပဲ လာပို့ခိုင်းတော့မလို့ "

" . . . . . "

"ဒီမှာ ကလေးမလေးတစ်ယောက် ဒီပုလင်းလေး ပို့ခိုင်းထားတယ်"

'ဟာ . . အန်တီ . .. အဲဒါဘယ်သူလဲ . . မှတ်မိလိုက်လားဟင် . . "

'ခဏလေး ဖုန်းနံပါတ်ရေးသွားလားမသိဘူး . . . "

အန်တီကစာအုပ်မှာသွားကြည့်ပေးပါတယ်။ ကျွန်တော့်အလောတကြီးလိုက်ဝင်သွားတယ်။ အားလုံးမျှော်လင့်ထားသလိုပါပဲ . . ။ စာအုပ်ထဲမှာ ကျွန်တော့်နာမည်ရယ်.. ကျွန်တော့် လိပ်စာရယ် ကလွဲလို့ ဘာမှမရှိဘူး . .။

■ ■ ■





## TRACK [ 12 ]

"မကြားလိုပါ . . . ဖခင်ဘုရင်ကြီးမှာ မကြားလိုပါ "

"မကြားချင်ရင်လည်းနားပိတ်ထားလိုက် ငါကတော့ ဒါကိုဆက်ပြောမှာပါပဲ "

"ဟာ . . . . တော်ကြတော့ကွာ . . .ဒီမှာပဟေဠိဖြစ်နေတဲ့ဟာကို" ကျွန်တော် အော်ထည့်လိုက်တယ်။ နေလင်းက

" ဟော့ကောင်တွေ . . သူ့ဆန်စား ရဲမှတဲ့ကွ . . ငါတို့ ဒီကောင့်ပိုက်ဆံနဲ့ တုတ်ဖို့ရည်ရွယ်ချက်ရှိရင် သူပြောတာလည်း နားထောင်ပေးရမှာပေါ့ "

" အဲဒီတော့ မင်းမှာ အခု ငှက်ပျောသီးလေးလုံး . . . အဲလေ . . ငှက်ပုလင်းလေးလုံးပေါ့ . . . ဟုတ်လား . . . . . "

" ဟုတ်တယ် . .. အကောင် ၁၀၀၀ ရှိပြီ "



www.burmeseclassic.com

www.burmeseclassic.com



" ဩော် . . . မင်းကရေထားသေးတာကို . . .. "

" အေး . . . ငါလည်း အထဲမှာဘာပါမလဲရှာရင်းနဲ့ ရေထားလိုက်တာ ပုလင်း တစ်လုံးမှာ ၂၅၀ ပါတယ် .. "

"စာကလေးသာဆို မင်းကြော်ရောင်းရုံနဲ့ တစ်လနှစ်လလောက် အိမ်ကပိုက်ဆံမပို့လည်း နေနိုင်မှာကွ "

"ဒီခေတ်ကြီးမှာ ဒီလိုဇာတ်လမ်းလုပ်တာမျိုးတွေက မထူးဆန်းပါဘူးကွာ၊ ဒါပေမယ့် ငါ ..နွေနဲ့မျှားပတ်သက်နေမလားလို့ သိချင်တယ်.. ။ ဒီစက္ကူငှက် ကလေးတွေကနွေ .. ငါ့ကိုပေးတာ ဟုတ်မဟုတ် ငါအတိအကျ သိချင်တယ် ..."

" သိချင်ရင်လည်း မေးလိုက်ပေါ့ကွာ . . . "

" အဲလိုလည်း မဟုတ်ဖူးလေ . . ငါ . . သူ့ကို မမေးရဲဘူး . . . "

" . . . . . . . . . "

"မဟုတ်ခဲ့လို့ရှိရင် ငါ့ကိုဟားလိုက်လိမ့်မယ်. . ငါ့ကိုသူဟားတာ မခံချင်ဘူးကွာ"

" တကယ်လို့ . . ဟုတ်ရင် . . မင်းဘာလုပ်မလဲ . .. "

" ငါမသိဘူး . .ဟုတ်ခဲ့ရင်လည်းသူ ..ဘာရည်ရွယ်ချက်နဲ့လုပ်သလဲ .. ငါမသိဘူး . . ငါ . . သူ့ ကိုနားမလည်ဘူး ... သားကြီး "

" ဒီမှာ . . . သူ့ရ . . . မင်း . . နွေ့ကိုကြိုက်လား "

" . . . . . . . . "

"မင်းချစ်သလား..မင်းဘက်က သေချာအောင်ငါတို့ အရင်မေးတာ နော်.."

" ငါ . . မသိဘူး . . . ငါ . အချစ်ဆိုတာကို ဒီအချိန်အထိ မထိတွေ့ခဲ့ဖူးဘူး။ နောက်ပြီး အဲဒီ Subject ကို....အဲဒီအချစ်ဆိုတာကို ..ငါ .. နားမလည်ဘူး . . "





ဟုတ်တယ်လေ။ ကျွန်တော် သိမှမသိဘဲ။ ကျွန်တော် သိတာက ကျွန်တော့် အတွေးတွေ ကျွန်တော့်စိတ်ကူးတွေ ကျွန်တော့်ခံစားမှုတွေကို အဲဒီ'နွေ'က ကြီးစိုးနေခဲ့ပြီ။ ကြိုက်သလားမမေးနဲ့။ ကျွန်တော်မသိဘူး။ ကျွန်တော်နွေ့ကို တွေ့ လည်းတွေ့ချင်တယ်။ တွေ့လည်းမတွေ့ချင်ဘူး။

ညရဲ့အရောင်က စိမ်းလန်းပန်းခြံတစ်ခုလုံးကို အုပ်မိုးလာတယ်။ တီးဝိုင်းက Unplugged တီးနေကြဆဲ။ Zephyr ထဲမှာလည်း လူတွေ စည်ကားနေဆဲ။ အပေါ်ကိုမော့ကြည့်လိုက်တော့ ကြယ်တွေပွင့်ခဲ့လို့လာ နေပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



## TRACK ( 13 )

August လရဲ့မိုးက သဲကြီးမဲကြီးချနေပါတယ်။ ကျွန်တော့်မှာ ထီးလည်း မပါဘူး။ ကားကပျက်လို့ Young's Auto မှာထားခဲ့ရတယ်။ လှည်းတန်းဘက်ကို လျှောက်လာရင်း မာလာမှတ်တိုင်ရောက်တော့ မိုးဝင်ခိုရတယ်။

" မဖြစ်ဘူး . . Taxi ငှားမှပဲ "

ကျွန်တော် တစ်ကိုယ်တည်းရေရွတ်တယ်။ ကားအလွတ်က တစ်စီးမှမလာဘူး။ တစ်ကိုယ်လုံးစိုရွှဲလို့ ခိုက်ခိုက်တုန်နေပြီ။ ကျောပိုးအိတ်ထဲက ကျောင်းစာအုပ်တွေ အကုန်စိုကုန်ပြီနဲ့ တူပါရဲ့။

ရှေ့ကနေ ကျောင်းသူလေးနှစ်ယောက် ဖြတ်လျှောက်သွားတယ်။ ထီးတစ်ချောင်းကို နှစ်ယောက်ဆောင်းလို့ သူတို့တွေလည်းစိုတယ် ရွှဲတယ်။ ရေစိုနေတဲ့ ကောင်မလေးတွေကိုငေးရင်း နှုတ်ခမ်းကတစပ်စပ်တုန်လာ





တယ်။ မှတ်တိုင်မှာလည်း ကျွန်တော်ရယ် ၊ဆေးလိပ်ရောင်းတဲ့ ကုလားရယ် ပဲရှိတယ်။

" ဟိတ် . . လန်ဒန်တစ်လိပ်ပေး "

" . . . . . . . . . "

" မီးခြစ် မီးခြစ် "

အမှန်က ကျွန်တော် ဆေးလိပ်မသောက်တတ်ဘူး။ နွေးမလားလို့ ထင်ရာ လျှောက်လုပ်တာ အခုချောင်းပါဆိုးလာပြီ။

" အဟွတ် . . အဟွတ် .. "

" သူရ "

" အင် "

ကျွန်တော့်နာမည်ကြားလိုက်သလားလို့ ဘေးမှာမိန်းကလေးအရိပ်တစ်ခုတွေ့တယ်။

" နွေ "

" နွေ မဟုတ်ပါဘူး သူရရဲ့ မိုးပါ ။ မိုးမို့လို့သူရစိုနေတာပေ့ါ။ နွေဆိုရင် ဘယ် စိုပ့ါမလဲ "

" ဟင် .. သစ္စာ . . . "

" မိုး .. ပါဆို .. သူရ ကလဲ "

" သစ္စာက ဘယ့်နှယ်ကြောင့် မိုးဖြစ်ရတာလဲ . . "

" မိုး .. ဟုတ်လဲဟုတ်တယ် ဟုတ်လည်းမဟုတ်ဘူး .. သစ္စာနာမည်အရင်းက သစ္စာမိုးဦးတဲ့ ။ သစ္စာကပဲ တို့နာမည်လေ ၊ မိုးဦးက ပါးပါးနာမည်။ အဲဒီတော့ တို့နာမည်က မိုးပါတဲ့အတွက် မိုးလို့ခေါ်လည်းရတယ်။ ဒါပေမယ့် သစ္စာကိုပဲ ကြိုက်ပါတယ်။ "

" သစ္စာက ဘယ်သွားမလို့လဲ "

" သူရ ကားပျက်ပြီး ဒုက္ခရောက်နေမှန်းသိလို့ တမင်လာကူညီတာ..."

ကျွန်တော် သူ့ကိုစူးစူးရဲရဲ ကြည့်ပစ်လိုက်တယ် ။ မိန်းကလေး...



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကျားလေးတွေထက် သူများအကြောင်းကို ပိုသိတယ်။ ဒါကြောင့် ခုခေတ် မှာ မိန်းကလေးသတင်းထောက်တွေအောင်မြင်တာနေမှာ။

"အလကားစတာပါဟာ။ သစ္စာလဲ Young's Auto ထဲက ထွက်လာတာ သူရ ဝင်လာတာတွေ့တယ်။ ခေါ်မလို့လုပ်နေတုန်း ဘယ်ရောက်သွားမှန်းမသိလို့။ အခုကားပြီးပြီးချင်းထွက်လာတာ .."

" ဪ .... ဒီလိုလား . . . . "

" သူရ . . . သူရ သိပ်ချမ်းနေတယ်ဟုတ် ..၊ သစ္စာလိုက်ပို့ပေးမယ်လေ"

" ရပါတယ်နေပါစေ . . . လမ်းလျှောက်ပဲပြန်တော့မယ် "

" ဟိတ် .. သူရ အဲလိုပဲမများရဘူးလေ မိုးတွေ ဒီလောက်သည်းနေတဲ့ဟာ၊ ဘယ်လိုလုပ် လမ်းပြန်လျှောက်မှာလဲ "

" နေပါစေ သစ္စာ ၊ငါ့ဒါကိုယ်လုံးစိုရွှဲနေတာ နင့်ကားပါစိုကုန်မှာပေါ့"

" ဟင့်အင်း ၊ သူရ မိုးထဲမှာလမ်းလျှောက်ပြန်ရမှာ သနားစရာလေး သူရ လျှောက်ရင် သစ္စာပါ လိုက်လျှောက်မယ် "

"ကဲ . . လျှောက်ချင်လျှောက် အမိ " လို့ပြောရင်း မှတ်တိုင်ကနေထွက်လာခဲ့တယ်။ ကားပေါ်ကို ရေစိုအဝတ်တွေနဲ့ တက်ရမှာ အားနာလို့ပါ။ သူကတော့ သဘောကောင်းကောင်မလေးနဲ့ တူပါရဲ့လို့တွေးရင်း လျှောက်လာတုန်း . . .

" ဟော့ .. ဟာ . .. တကယ်လိုက်မလာနဲ့လေ။ တော်ကြာ နင်ပါဖျားနေလိမ့်မယ်"

" ဟင့်အင်း သစ္စာလည်း မိုးရေထဲမှာလမ်းလျှောက်ချင်လို့ .. ပျော်စရာကြီးနော် ..သူရ တစ်ခါမှ မလျှောက်ဖူးဘူး "

ဪ .. ကဲ . .. သူများ ကားပျက်လို့ လျှောက်နေရတဲ့ဟာကို သူကပျော်စရာကြီးလာလုပ်နေသေးတယ်။ ခွ . . . ပဲ ။

ဓာတ်တိုင် နှစ်တိုင်လောက်အလွန်မှာတော့ ကျွန်တော်ရပ်လိုက်တယ်။

" ကဲ . .. သစ္စာ . . . . ကားနဲ့ပဲသွားတော့မယ် "





အဲဒီနေ့က အဲဒီဘာလေးမှန်းမသိတဲ့ သစ္စာရှင်မလေးနဲ့ အိမ်ကို ပြန်ပို့နိုင်းခဲ့ရတယ်။ ညနေရောက်တော့ Alexan တစ်လုံးကြိုသောက်ထားကာတောင် ကိုယ်ကပူလာပါလေရော ။ အာခေါင်တွေ အက်ကွဲခြောက်သွေ့လာတယ်။ ရုပ်ရှင် မင်းသားတွေဆိုရင်တော့ ဇာတ်လိုက်မင်းသမီးကိုတမ်းတမှာပဲ။ ကျွန်တော်က တော့ကျွန်တော့်ကိုဆေးခန်းပို့ပေးနိုင်မယ့်နေလင်းတို့ သားကြီးတို့ဖူးသီးတို့ကိုပဲ တမ်းတမိပါတယ်။

နောက်တော့လည်း တဖြည်းဖြည်းနွေးလာပြီး အိပ်မောကျသွားတယ်၊ အမေ့ကိုယောင်တယ် ၊ နွေ့ကိုယောင်တယ်။ သစ္စာရဲ့မျက်နှာကိုလည်း သေချာမမှတ်မိသလိုလို မှတ်မိသလိုလိုနဲ့။

ဟာ .. အားလုံးကိုရှုပ်နေတာပဲ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com





## TRACK ( 14 )

မနက်ကျတော့ လန်းလန်းဆန်းဆန်းပဲနိုးလာပါတယ်။ ကျောင်းသွားဖို့ အဝတ်လဲနေရင်းနဲ့မှ သတိရတယ်။ ကားမှမရှိတာကို။ထုံးစံအတိုင်း Workshop မှာပေါ့။ ကဲ .. ဒီလိုပဲသွားမယ်ကွာ။ ဖုန်းဆိုင်လေးကို ရောက်တော့ ဖူးသီးကို ဆက်ကြည့်တယ်။

"အန်တီ ဖူးသီးနိုးပြီလားဗျ "

" ........... "

" ဗျာ .. ဩော် .. ဟုတ် ဟုတ် .. ဟုတ် .. ကျွန်တော်အခုပဲ သွားတော့မလို့ "

" ........... "

ကျောင်းမှာအဲဒီနေ့ အားကစားပြိုင်ပွဲရှိတာကိုး .. ဖူးသီးက 2nd year အင်္ဂလိပ်စာကနေ ဝင်ကန်မှာနဲ့တူတယ်။ စဉ်းစားရင်းနဲ့ ကုက္ကိုင်း








www.burmeseclassic.com

www.burmeseclassic.com



မှတ်တိုင်ရောက်လာတယ်။ taxi တစ်စီးကိုတားနေတုန်း Bus ကားကြီးပေါ်ကနေ လှမ်းအော်နေတဲ့ နွေ့ကိုတွေ့ရတာပါပဲ..။

" သူရ . . . ဟေး . . သူရ "

ကျွန်တော်လည်း taxi ကိုလွှတ်လိုက်ပြီး Bus ကားပေါ် ပြေးတက်ခဲ့တယ်။

" သူရ .. နင့်ကားက ဘယ်ရောက်သွားတာတုန်း"

" ပျက်နေလို့ work shop မှာ .. နင်ကရော .. "

" ဖေကြီးလာမကြိုလို့ ၊ ငါနဲ့စကားမပြောတာ သုံးရက်ရှိပြီဟ၊ ဒီနေ့လည်း လာမကြိုဘူး။ မကြိုလည်းနေပေ့ါ၊ လိုင်းကားတွေတစ်ပုံကြီး "

" နင်က taxi မစီးဘူးလား၊ ငါက ဟိုမှာ ငှားတောင် ငှားပြီးနေပြီ နင့်ကိုတွေ့ လို့ ပြေးတက်လာတာ ... "

" ငါ့ကျူရှင်ကနေ ကျောင်းကို taxi ငှားရင် ၂၀၀၀လောက် ပေးရမှာ အခုလိုင်းကားနဲ့ လာတော့ ၄၀ ပဲ ပြီးရော.. "

" အင် . . . "

" နင်လည်းယောက်ျားလေးဖြစ်ပြီးတော့ ကားတိုးစီးဖို့ မစဉ်းစားဘူး၊ ပိုက်ဆံတွေပေါနေတယ် ဟုတ်လား"

ကျွတ်..ကျွတ်..ကျွတ် .. ခံရပြန်ပြီတစ်ခါ၊ ကိုယ့်ဟာကိုယ်ကားပျက်လို့ taxi တားမိပါတယ်။ ဒီအတိုင်းခံလို့တော့မဖြစ်ဘူး ။ ပြန်ပက်မှ .....။

" နင်သာ ကပ်စီးကုပ်ပြီး မစီးတာ ၊ ကပ်စီးမလေး ၊ နှပ်ချီးမလေး"

" ဒီမှာ သူရ .. ပိုက်ဆံဆိုတာ ရှိတိုင်းအကုန်သုံးပစ်လို့မဖြစ်ဘူး သိရဲ့လား၊ နင်အခုကတည်းက စည်းကမ်းမရှိရင် ကြီးလာရင် ဘယ်လိုလုပ်မလဲ .. ဟင်"

ဟိုက်.. ရှားလဘတ်စ် .. ဘာမှပြန်မပြောရင်ကောင်းမယ်နဲ့တူတယ်။ ရှယ်တူမို့လို့တော်သေးတာပေ့ါ။ တစ်နှစ်လောက်များကြီးရင် ဘယ်လိုနေမလဲမသိဘူး။ တစ်ခါတစ်ခါ ကလေးဆန်လိုက်၊ တစ်ခါ တစ်ခါ လူကြီးဆန်





လိုက်နဲ့ ။

ငါနင့်ကိုနားမလည်ပါဘူးနွေ့ရယ် ..။

" ပွတ်သွပ် .. . .. အီး .. "

ကားကရုတ်တရက် ဘရိတ်ဆောင့်အုပ်လိုက်တော့ ကျွန်တော်နဲ့ နွေ့နဲ့ ခေါင်းချင်းတိုက်မိတယ်။ သူတော့မပြောတတ်ဘူး။ ကျွန်တော်တော့ တော်တော်လေး အီသွားတယ်။ နောက်ပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လို့ ရယ်လိုက်ကြတယ်။

ကျောင်းကိုရောက်တော့ ကြက်တောင်ရိုက်ပွဲစနေပြီ။

" ပွိုင့် . . နိုင်း "

ဒိုင်လူကြီးကအော်တယ်။ အဖြူရောင်ရဲ့ ဆားဗစ်ကို အပြာနုရောင်က တားတယ်။ အဖြူရောင်ကဟိုးအနောက်ကို ရိုက်ထုတ်တယ်၊ အပြာရောင်က ဆယ်လိုက်တယ်။ စမက်ရှ်ဆွဲချတယ်။ ပြန်ပင့်တင်တယ်။ အနောက်ကို ပြန်ရိုက်ထုတ်ပြန်တယ်။ အပြာရောင်က အသာလေးလွှတ်ပေးလိုက်တယ်။ ဟင့်အင်း .. မအောက်ဘူး၊ ကြက်တောင်ကစည်းပေါ်ကို ကျသွားတယ်။

" ဟေး . . . . . "

ပြင်သစ်တန်းက အော်သံတွေဆူညံသွားတယ်။ ပွဲပြီးသွားပြီ၊

နောက်တစ်ပွဲက မိန်းကလေးပွဲ ။ ကိုရီးယားတန်း 2nd year နဲ့ final နဲ့။ ကွင်းထဲကိုကောင်မလေးနှစ်ယောက်ဝင်လာတယ်။

" ဟင် . . . သစ္စာ . . . . "

ဘေးကိုလှည့်ကြည့်လိုက်တော့ နွေ့ကမရှိတော့ဘူး ။ဘယ်ရောက်သွားပါလိမ့်။ နွေ့ကိုလှည့်ပတ်ရှာတယ်၊ မတွေ့ဘူး။ ကင်(န်)တင်းမှာ မုန့်ဟင်းခါးစားပြီးတော့မှ ကြက်တောင်ပွဲဆီကို ပြန်လာတော့ ပွဲကပြီးနေပြီ၊ ကွင်းထဲမှာ ဖူးသီးတို့ "W – Ball" ကန်ဖို့ပြင်ဆင်နေကြတယ်။

" သူရ . . . သူရ . . . "

www.burmeseclassic.com



" ဟင်... တီချယ်တိုး "

" ဒီမှာ Chess ပြိုင်ပွဲမှာ လူတစ်ယောက်လိုနေလို့ သားလာကစားပါလား "

" ဟုတ် . . ဘယ် နှစ်ယောက်ပြိုင်ရမှာလဲ တီချယ် "

" စာရင်းပေးထားတာ တစ်ယောက်ပဲရှိတယ် အဲဒါ သားနဲ့ ဗိုလ်လုပေတော့ "

" အင် "

နှစ်ယောက်တည်းရှိတာ ဗိုလ်လုရဦးမယ်တဲ့။ ဆရာမက ထိုးခိုင်းတာဆိုတော့လည်း ထိုးရမှာပေါ့လေ။ Chess ထိုးရမှာက teacher တိုးရဲ့ ရုံးခန်းထဲမှာ ။ ကျွန်တော့်ပြိုင်ဘက်က မိန့်မိန့်ကြီးစောင့်နေလေရဲ့။

ခုံမှာဝင်ထိုင်လိုက်တယ်။ ပရိတ်သတ်လည်းတစ်ယောက်မှမရှိဘူး။ တီချယ်တိုးက counter မှတ်တဲ့ စားပွဲတင်နာရီလေးကို ထုတ်ပေးပြီး အပြင်ထွက် သွားတယ်။ အခန်းထဲမှာ ကျွန်တော်တို့ နှစ်ယောက်တည်း။

" ခေါင်းလား ၊ ပန်းလား "

ကျွန်တော့်ပြိုင်ဘက်က အကြေစေ့တစ်စေ့ ကိုင်ပြီးမေးတယ်။ 'ခေါင်း' လို့ပြောပြီးမှသူ့ကိုသေသေချာချာကြည့်မိတယ်။ ဘယ်သူမှားလည်းမှတ်တယ်။

ဟိုတရုတ်ကလေးကိုးဘာတဲ့သူ့နာမည်။ စိန်စိန် ... ဟုတ်ပါဘူး။

" ဝင်းစိန် " ဟုတ်တယ်။

" ဗျာ "

" ဝင်းစိန် "

" ခင်ဗျား ကျွန်တော့်ကို သိတယ် ဟုတ်လား "

ကျွန်တော် ပြုံးပြလိုက်တယ်။ ဝင်းစိန်က ခေါင်းကိုကုတ်ပြီးမှ အကြေစေ့ကိုမြှောက်လိုက်တယ်။ ခေါင်း ။ ကျွန်တော်အဖြူယူမယ်။

အကွက်(၂၀)လောက်အရောက်မှာ ဝင်းစိန် ကိုသံသယ ရှိလာတယ်။





ပိုပြီးသေချာအောင်လို့ မြင်းတစ်ကောင်ကို ပွန်း(န်)ထိပ်မှာချပေးလိုက်တယ်။ သူမစားဘူး။ ခပ်တည်တည်နဲ့ တခြားအကောင်ရွှေ့သွားတယ်။ ဟာ ..မဖြစ်ချေဘူး။ သူ့ဘစ်ရှော့ကိုလည်းမစားဘဲ ရှောင်ပေးလိုက်တယ်။ သူက ကွင်း(န်)ကို နောက်ဆုတ်သွားတယ်။ ပွန်း(န်)တစ်ကောင် ရှေ့ကိုတိုးလိုက်တော့ ဝင်လို့ရအောင်လမ်းဖွင့်ပေးတယ်။ ကျွန်တော်လည်း သူ့မြင်းနဲ့ခွ ချက်(ခ်)လို့ရအောင် ဘုရင်ကိုရွှေ့တယ်။ ထိတ်လန့်တကြားနဲ့ သူ့မြင်းကခုန်ထွက်သွားတယ်။

ဒုက္ခပဲအချိန်ကတစ်နာရီလောက်ကြာလာပြီ၊ ဝင်းစိန်လည်းသပ်းကယ်။ ကျွန်တော်ပျင်းလာပြီ။ စားချက်(ခ်)လုပ်လိုက်တယ်။ ဘုရင်ရှောင်သွားတယ်။ နောက်က ကပ်လျက် ဘုရင်မကို ကျွန်တော်စားပြီး ထပ်ချက်(ခ်)တယ်။ ပြေးလို့မရတော့ဘူး။ ပွဲပြီးသွားတယ်။ ဝင်းစိန်လည်း အညောင်းဆန့်ရင်း သက်ပျင်းချတယ်။ ဒုတ်ကောက်ပဲ။ ဘယ်လိုကောင်နဲ့ လာတွေ့နေလည်းမသိပါဘူး။

တီချယ်တိုးက ပထမရတဲ့ကျောင်းသားတွေကို ဆုပေးပါတယ်။ လေးထောင့်ဘူးလေးတွေကို Packing Paper နဲ့ထုတ်ထားတယ်။

" တီချယ် အထဲမှာဘာပါလဲ "

" spider man ပုံ ဖန်ခွက် " တဲ့။

တခြားပြိုင်ပွဲတွေမှာ ဘယ်သူနိုင်လဲ ကျွန်တော်မသိပါဘူး။ အဲဒီနေ့က နွေ့ကိုမတွေ့ရတော့သလိုသစ္စာကိုလည်းမတွေ့တော့ဘူး။ ခြေထောက်ထော့နင်း ထော့နင်းနဲ့ ဗူးသီးကြီးကိုပဲ ရှုံ့ရှုံ့မဲ့မဲ့နဲ့ တွေ့လိုက်ရပါ တယ်။

ညနေရောက်တော့ Young's Auto မှာ ကားသွားယူပြီးလက်ထဲကဆုဗူးလေးကိုတော့ ကား Tool Box ထဲထည့်ထားလိုက်တယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



## TRACK ( 15 )

J – CAFE ကို ကျွန်တော်ဝင်လိုက်တဲ့အချိန်မှာ ညနေတော်တော် စောင်းနေပါပြီ။ ကောင်တာကကောင်မလေးကိုနွေမလာဘူးလားမေးတော့ Computer တွေဆီကို မေးဆတ်ပြတယ်။

ဩော်.. ဒီကောင်တွေ အကုန်လုံး ဒီကိုရောက်နေတာကိုး။ ဒီကောင်တွေ ဆိုတာ ကျွန်တော့်သူငယ်ချင်း သုံးယောက်လုံးရော၊ နွေရော၊ နားမှာနားကြပ် ကြီးတွေကိုတပ်ထားတော့ ကျွန်တော်လာတာ ဘယ်သူမှ မသိကြဘူးပေါ့။

နွေ့ဘေးမှာ ခပ်ဖြူဖြူကောင်လေးတစ်ယောက်ကပ်နေတယ်။ ပခုံးချင်း ထိလိုက်၊ ရိုက်လိုက် ပုတ်လိုက်နဲ့။ ကျွန်တော် နည်းနည်းလေးတော့ ကျဉ်ကနဲ ဖြစ်သွားတယ်။ချက်ခြင်းနောက်ပြန်လှည့်လိုက်တဲ့ အချိန်မှာ နွေ ကျွန်တော့်ကို မြင်သွားပုံရပါတယ်။










www.burmeseclassic.com

www.burmeseclassic.com



" သူရ "

" . . . . "

"သူရ . . ဘယ်လာတာလဲ . . နွေ့ဆီကိုလား၊နေလင်းတို့ဆီကိုလား "

နွေ့ဆီကို လို့စိတ်ထဲကပဲပြောဖြစ်တယ်။ ဟိုကောင်တွေဒီမှာရှိမှန်းမှ မသိတာပဲ။ပါးစပ်ကတော့ . . .

" အင်း . . သူငယ်ချင်းတွေလာခေါ်တာ . . "

နွေပြုံးပါတယ်။ ကျွန်တော်ပျာပျာသလဲ ခေါင်းငုံ့ချလိုက်တယ်။ ဟုတ်သားပဲ။ နွေ့ကို ကျွန်တော်ညာလို့မှမရတာ။ ဒါပေမယ့်သူက နေလင်းဆီကိုလျှောက်သွားပြီး ပုခုံးကို ပုတ်ခေါ်လိုက်တယ်။ နေလင်းက လှည့်ကြည့် တယ်။ ပြီးတော့ Monitor ဘက်ပြန်လှည့်သွားတယ်။ ကောင်းရော၊ ဒီကောင်တွေ ကစားနေရင် ဘယ်တုန်းကများ ခေါ်လို့ရဖူးလို့လဲ။

'ကျွတ်'

"နေပါစေ နွေ ၊ ခေါ်လို့လည်းရမှာမဟုတ်ဘူး၊ငါပြန်တော့မယ်။ နှင့်ဆီကိုဧည့်သည်ရောက်နေတယ်နဲ့တူတယ် "

ပြုံးပြီးခေါင်းငြိမ့်ပြန်ပါတယ်။

" အင်း " တဲ့ ။

■ ■ ■





BURMESE CLASSIC .com

## TRACK ( 16 )

နောက်ရက်တွေမှာ နွေ့ကိုကျောင်းမှာ မတွေ့ရပြန်ဘူး။ ဒီနေ့သောကြာ တက်ပြီးရင်တနင်္လာနေ့အထိကျောင်းပိတ်မယ်။ နွေ့ကိုကျောင်းမှာ မတွေ့ရပေမယ့်လည်းသစ္စာကိုတော့နေ့တိုင်းတွေ့နေရတယ်။ ဘယ်လိုရေစက်ဆုံနေသလဲမသိပါဘူး။ Parking မှာလည်း ကျွန်တော့်ကားနဲ့ သူ့ကား အမြဲတမ်းယှဉ်ရက်သားဖြစ်ဖြစ်နေတယ်။

ကော်ရစ်ဒါမှာလျှောက်လာရင် ပြတင်းပေါက်မှာတွေ့တယ်။ စာသင်နေရင် အတန်းရှေ့ကဖြတ်သွားတာတွေ့တယ်။ စားသောက်ဆိုင်မှာ မျက်နှာချင်းဆိုင်တွေ့ တယ်။ နွေ့ကိုလိုက်ရှာတိုင်း သစ္စာကိုသာတွေ့နေတော့တယ်...။

ဒါပေမယ့်သစ္စာနဲ့လည်းစကားမပြောဖြစ်ကြဘူး။ အိမ်ပြန်ခါနီးသူ့ကို တစ်ခုမေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



“ နွေ့ ကိုတွေ့သလားလို့ ”

“ တစ်ပတ်လုံးကျောင်းမတက်ဖူး ” တဲ့လေ ။

■ ■ ■





## TRACK ( 17 )

“ ဒုန်း . . ဒုန်း . . ဒုန်း . . ဒုန်း . . . ”

. . . . . . . . . . . . . . . . .

“ ဒုန်း . . ဒုန်း . . ”

“ ဟာ . . . စောစောစီးစီးဘယ်သူလဲဟာ . . . . ”

မျက်လုံးကိုအားယူပြီးဖွင့်လိုက်ရတယ်။ မီးပျက်နေတယ်။ တကိုယ်လုံး လည်းချွေးတွေနဲ့ရွဲနစ်နေလေရဲ့။

“ ဒုန်း . . ”

“ လာပြီ . . . ကွ . . ”

တံခါးကိုဖွင့်လိုက်ချိန်မှာကျွန်တော်ဝဲမင်သက် ငေးမောမိရပါ[illegible] တယ်။ တစ်ပတ်လုံးရှာလို့မတွေ့တဲ့ ဇရှုတ်သုကျွဲကောင်မလေးပေါ့။ [illegible] ထဲမှာ ဖော့ဖူးတွေနဲ့။

www.burmeseclassic.com









"ရော့ . . . သူရစားဖို့ DIM SUM တွေဝယ်လာတယ်"

"အစောကြီးရှိသေးတယ်ကော . . . လာလာ အထဲဝင်"

နွေကကျွန်တော့်အခန်းကို တချက်လှည့်ပတ်ကြည့်ပြီး မဆိုးပါဘူးတဲ့။ နောက်ပြီး မီးဖိုခန်းထဲဝင်သွားတယ်။

"မင်းသားလေးအတွက်နံနက်စာပြင်ပြီးကြောင်းပါဘုရား"

"ကောင်းပြီ ငယ်ကျွန်ကြီး"

ပြောပြောဆိုဆိုနဲ့ ထမင်းစားပွဲမှာဝင်ထိုင်လိုက်ကြတယ်။ ပြီးတော့မှ နွေက

"သူရ"

"ဟင်"

"တစ်ယောက်တည်းနေတာမလား"

"ဟုတ်တယ်လေ . . တစ်ခါတလေ အမေတို့လာတယ်။ တစ်ချို့ည တွေ သားကြီးလာအိပ်တယ်"

"နွေ . . အိမ်ပေါ်ကဆင်းလာတာ ... သူ့ရအမေအခန်းမှာနွေအိပ်မယ်"

"ဗုဒ္ဓေါ"

"ဖေကြီးက မေကြီးနဲ့အဆက်အသွယ်လုပ်ရင် အိမ်မှာမနေနဲ့တဲ့ .. ပြီးရော ဆင်းမယ်ဆိုပြီးဆင်းလာတာ။ ဒီမှာ ပေးမနေလို့မရတော့ဘူး ဆရာ.. နွေ့မုန့်တွေသူရ စားပြီးပြီ"

"အင်"

စားထားသမျှတွေ အကုန်နင်ကုန်တယ်။ တော်ကြာ သူ့အဖေက ရဲတိုင်တာတို့ ဘာတို့လုပ်ရင် ကျွန်တော် အချောင်အမှုပတ်မယ်နဲ့တူရဲ့။

"အခု ဆင်းလာတာ နင့်ကြီးကြီး ဘယ်သူ . . ."

"ကြီးကြီးဗာ"

"အေး . . . ကြီးကြီးဗာရော သိသလား . . ."

"သိတာပေ့ါ..စိတ်ပူနေမှာစိုးလို့ နင့်အိမ်လိပ်စာပါ ရေးပေးခဲ့သေးတယ်"

www.burmeseclassic.com



" ဘုရား .. ဘုရား . . . "

" ဘာမှ ဘုရားတမနေနဲ့ .. နင့်ကိုငါ ထမင်းချက်ကျွေးမယ်၊ ငါ့ကိုအခု ဈေးလိုက်ပို့ "

ဒါ ..ကျွန်တော် ကံဆိုးတာလား ကံကောင်းတာလားဟင်။ ကျွန်တော် နွေ့ကိုအရမ်းတွေ့ချင်နေခဲ့ပါတယ်။ အခုတော့ ထမင်းတောင် ကျွန်တော့် အိမ်မှာ ချက်ကျွေးအုံးမှာတဲ့ . .ဘာပဲပြောပြော ၊ သူ့စကားတွေနာခံနေကျ ကောင်ပီပီဟင်းချက်စရာတွေဝယ်ဖို့ရန်ကင်းစင်တာကိုထွက်လာခဲ့ကြပါတယ်။

သူငယ်ချင်းတွေတွေ့ရင် သူရဟာ မြောက်ကြွမြောက်ကြွနဲ့ပေါ့လို့ ပြောကြဦးတော့မှာသေချာပါတယ်။ တကယ်တမ်းလည်း ကျွန်တော့်ခြေလှမ်းတွေ လေပေါ်ပျံနေတယ်။ ကျောင်းက သူငယ်ချင်းတစ်ယောက်ယောက်ကို တွေ့စေချင်တယ်။ ကျွန်တော်တို့နှစ်ယောက် အတူတွဲလျှောက်လာတာ ဒီကောင်တွေမြင်စေ့ချင်တယ်။ အမှန်က ခါတိုင်းလည်းကျောင်းမှာ နှစ်ယောက် တွဲလျှောက်ဖူးတာပဲ။ ဒါပေမယ့် အခုနဲ့က မတူဘူးလေ။ နွေက ဈေးဝယ်လို့။ ကျွန်တော်က ဈေးခြင်းတောင်းလေးကိုဆွဲလို့။ ဒီအချိန်မှာ ကျွန်တော်တို့ကိုအတွဲမဟုတ်ပါဘူးလို့ ကျိန်ပြောရင်တောင် ဘယ်သူယုံမှာလဲနော့။

ဒါပေမယ့် တကယ်က အတွဲမဟုတ်ပါဘူး ။

အဲဒီနေ့က ကျွန်တော့်ဘဝရဲ့ အပျော်ရွှင်ဆုံးနေ့တွေထဲမှာ တစ်နေ့ အပါအဝင်ဖြစ်ခဲ့ပါတယ်။ နွေလုပ်ကျွေးတဲ့ Spaghetti ဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံးပေါ့။ ကျွန်တော့်အကြိုက်ဆုံးမန္တလေးမုန့်တီဆိုင်တွေတောင် နွေ့လက်ရာလောက် ကောင်းမှာမဟုတ်ဘူး။

ကျွန်တော်တို့ နွေလည်စာစားတယ်။

ပြီးတော့ ကျွန်တော်တို့ ရုပ်ရှင်ကြည့်တယ်။

ပြီးတော့ ကျွန်တော်တို့နွေကြိုက်တဲ့ Rap သီချင်းတွေနားထောင်တယ်။





အဲဒီသီချင်းတွေ မကြိုက်တတ်တဲ့ ကျွန်တော်တောင် စည်းချက်ကို လိုက်ပြီးခေါင်းတွေငြိမ့်တတ်လာတယ်။ ပြီးတော့ကျွန်တော်တို့စာအုပ်ဆိုင်ကို လမ်းလျှောက်သွားပြီး မဂ္ဂဇင်းတွေ တပွေ့တပိုက်ကြီးငှားလာတယ်။ ပြီးတော့ ရင်ထဲကပန်းဆိုင်ရှေ့ကနေ 'ဖူးသီး ဖူးသီး'လို့ အကျယ်ကြီးအော်ကြတယ်။ ဖူးသီးရဲ့အမေက 'ဖူးသီးမရှိဘူး' တဲ့။ 'အာလူးလဲမရှိဘူး' တဲ့ ။ ဟီဟိ . . ။ ပြီးတော့

ကျွန်တော်တို့ အိမ်ကို ပြေးပြီးပြန်ကြတယ်။ ဒီလိုနဲ့ ညနေ ခြောက်နာရီလောက်ရောက်တော့ ကြီးကြီးဇာလိုက်လာတယ်။

" ဟဲ့ သမီးကြီး .. ကြီးဇာက သမီးပြန်လာမလားလို့မျှော်နေတာ၊ တစ်နေကုန်ပြန်မလာလို့လိုက်လာရတာ ။ ကဲ . . လာ ပြန်ကြရအောင် "

" ဟင့်အင်း..ကြီးကြီးဇာ ..နွေမလိုက်ဘူး၊ဖေကြီးကနှင်ချထားတာ၊ နွေမလိုက်နိုင်ဘူး "

" မလိုက်လို့ဖြစ်မလား၊ ဒီမှာသူများအိမ် သမီးဘယ်လိုအိပ်မလဲ "

" အိုး .. ဘာဖြစ်လဲ သူရရဲ့အိမ်ပဲဥစ္စာ၊ ပြီးတော့ နွေက သူ့အမေအခန်းထဲမှာ Lock ချပြီးအိပ်မှာပေါ့ "

" ဟဲ့ .. သူ့အမေက အခုမရှိဘူးလား "

" မရှိဘူး ကြီးကြီးဇာရဲ့ သူရမေမေက ပြင်ဦးလွင်မှာလေ၊ ဒီမှာအခု သူရ တစ်ယောက်တည်းရယ် . "

"အမလေး ဘုရား ဘုရား ကောင်လေးတစ်ယောက်တည်းနေတဲ့ အိမ်မှာ ညည်းက ညပါအိပ်ဦးမလို့ပေါ့လေ။ ဟုတ်လား၊ နင့်အဖေသိရင် ဓားနဲ့ခုတ်လိမ့်မယ်၊ သိရဲ့လား၊ အမလေး အမလေး ငါရင်တွေပူလိုက်တာ မိနွေရယ်... "

" ဟာ . .ကြီးကြီးဇာကလည်း ..သူရ ကြားရင်အားနာစရာ၊ ဘာ အန္တရာယ်မှ မရှိလို့ နွေကလာနေတာပေါ့၊ နွေက တော့မှမဟုတ်တာ ကြီးကြီးဇာတို့ လူကြီးတွေပဲ ဟိုဟာစိတ်ပူ ဒီဟာစိတ်ပူနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



အေးအေးနေတော့လည်း မောင်းချသေးတယ်။ သူငယ်ချင်းအိမ်လာနေတော့လည်း စိတ်မချချင်ပြန်ဘူး ....”

ကျွန်တော်အားလုံးကြားနေရပါတယ်။ စိတ်တော့လည်း မဆိုးပါဘူး။ လူကြီးပဲဟာစိတ်ပူမှာပေါ့။ ဒါပေမယ့် နွေက ကျွန်တော့်ကိုယ်ကျင့်သိက္ခာကို ယုံကြည်တယ်လို့ သိလိုက်ရလို့ ရင်ထဲမှာနွေးနွေးကြီးဖြစ်လာတယ်။ နှုတ်ခမ်းကလည်း နားရွက်ချိတ်တော့လောက်အောင် ပြုံးလို့ပေါ့..

ဟော .. ကြီးကြီးဇာက ဆက်ပြောတယ်..

“ ဘာပဲဖြစ်ဖြစ် ဘယ်လောက်ပဲစိတ်ချရ စိတ်ချရ၊ ယောကျ်ားဟာ ယောကျ်ားပဲ၊ ဒီမှာမအိပ်ရဘူး ..”

“ ဟာ နွေကလည်း သူများအိမ်မှာဘယ်နေချင်ပါ့မလဲ။ ကြီးကြီးဇာ မောင်ပဲ နွေ့ကိုမနေနဲ့လေး၊ ဘာလေးနဲ့။ ဟွန့် .....စုန်းမကြီးနဲ့ညားပါစေ ”

“ဟော့ အဖေကို အဲလိုမပြောနဲ့လေ ဒုက္ခပဲ . . လာ .. သွားမယ် ”

“မပြန်ဘူး .. ကြီးဇာစိတ်မချရင် ကြီးဇာပါ ဒီမှာအိပ် .. နွေတော့ မပြန်ဘူး”

“ ဟင် .. ငါက .... ဟာ မအိပ်ပါဘူး ..”

“ မရဘူး ကြီးဇာပါအိပ်ရမယ်။ မအိပ်ရင်လဲ နွေနေခဲ့တော့မယ် ”

“ ဟဲ့ ”

“ သူရရေ . . သူရ ... ”

ဟိုက်ရှားဘား .. မလွယ်စဉ်ပဲနော်။ ဒါပေမယ့်မေမေ့အခန်းမှာ ကုတင်နှစ်လုံးရှိတာပဲ။ ကြီးဇာအိပ်ရင်လည်း ရပါတယ်။

“ အေး . . . ပြော . . ”

“ ဒီမှာ သူရ . . . ကြီးဇာပါ ဒီနေ့ည နင့်အိမ်မှာအိပ်မှာ..အဲဒါရတယ်ဟုတ်”

“ ဟဲ့ . . . သမီး .. ”

“ဟုတ်ကဲ့ကြီးဇာ .. အားမနာပါနဲ့ ဒီမှာအားလုံး အပြည့်အစုံရှိပါတယ်။





ကျွန်တော့် အခန်းကဒီဘက်မှာသတ်သတ်၊ ဟိုဘက်မှာ မေမေတို့ အခန်း လာ လာ . . . ကြီးကြီးဇာ ကျွန်တော်လိုက်ပြမယ် .... ”

နွေကကျွန်တော့်ကို မျက်စိတစ်ဖက်မှိတ်ပြကယ်။ ကျွန်တော်လည်း ပြန်မှိတ်ပြလိုက်ပြီး ကြီးကြီးဇာကိုလက်ဆွဲခေါ်လာတယ်..။

ဒါပေမယ့် အဲဒီညကနွေရောကြီးကြီးဇာပါ ကျွန်တော့်အိမ်မှာမအိပ်ဖြစ်လိုက်ကြပါဘူး။ နွေ့အဖေကြီးကဖုန်းဆက်ပြီးချော့ခေါ်လို့နှစ်ယောက်စလုံး ပြန်ပါသွားလေ ရဲ့..ကျွန်တော့်အိမ်မှာသာလေဟာနယ်ဖြစ်ပြီးကျန်တယ် ။

“ ဂူး ”

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



## TRACK [ 18 ]

" ၄၅၁အကောင် ၁၀၀၀ က အခ်ိပ္ပာယ်တစ်ခုခုများ ရှိနေမလား "

" မရှိပါဘူးကွာ . . . "

"နေဦး သူရ .. ၁၅၀၀ ဆိုရင်တော့ ချစ်မေတ္တာပဲ..ငါထင်တာ မမှားဘူး ဆိုရင် မင်းဆီကိုနောက်ထပ်(၂)ပုလင်းထပ်ရောက်လာလိမ့်မယ်ထင်တယ်.."

"ဒါပေမယ့်နွေကလည်း ငါ့ကို အဲဒီအကြောင်းရေးရေးလေးတောင် မဟာဘူးကွာ။ နွေမှ ဟုတ်ရဲ့လားတောင်မသိဘူး "

"မင်းတောင်မှ မသိတာ ငါတို့ကဘယ်လိုလုပ်သိမှာလဲကွ .. အခု ဒီဇာတ်လမ်းကိုလည်း မင်းပြောသလောက်ပဲ ငါတို့သိရတာ။ ဒါပေမယ့် မင်းငါတို့ကို ဆရာ တင်မယ်ဆိုရင်တော့ ငါတို့စုံစမ်းပေးမယ် "

"ဟာ .. မင်းတကယ်ပြောတာလား .. ဟ .. နေဦး မင်းက ဘယ်လို စုံစမ်းမှာလဲ "





" ဟုတ်တယ် နေလင်း မင်း ဟုတ်မှလဲလုပ်ဦး.. "

"ငါပြောမယ်.. ဒီလို..ငါ့မှာမိန်းကလေး သူငယ်ချင်းတွေအများကြီးရှိတာ မင်းတို့သိသားပဲ၊ နေဦး .. နွေကလည်းဘယ်သူနဲ့မှ သိပ်တွဲတာမတွေ့ဘူး.. "

" ဘယ်သူနဲ့မှ မတွဲတာမဟုတ်ဘူးကွ .. သူက အားလုံးနဲ့ကိုတွဲတာ.. တစ်တန်းလုံး သူ့သူငယ်ချင်းတွေချည်းပဲ "

" မေဦး ဆိုရင်ရော "

" ဒီကိစ္စကစိတ်ချရမှ ဖြစ်မှာ "

" သစ္စာရော .. . "

" ဟာ . . . သစ္စာတော့မလုပ်နဲ့ကွာ .. .."

" မဉ္ဇူ ၊ သန္တာ ၊ ပြုံး "

"မင်းတို့ဟာက ကိုးရိုးယားတစ်တန်းလုံးကုန်တော့မယ်။ တခြား နည်းလမ်းစဉ်းစားကြပါဦးကွာ . . . "

ကျွန်တော်ကတော့ နွေပဲလို့ထင်တယ်။ ဘာဖြစ်လို့ နွေက မပြော ပြတာလဲ။ တခြားတစ်ယောက်ဆိုရင်တော့အရေးမကြီးပါဘူး။ နွေဆိုရင် တော့ ကျွန်တော့်အတွက် သိပ်ကိုအရေးကြီးသွားပြီ။

ဒီကြားထဲမှာ ကျွန်တော့်ကို ဦးနှောက်လာစားနေတဲ့ ငှက်ရုပ်လေးတွေ ဘယ်လိုခေါက်ရသလဲဆိုတာသင်ရသေးတယ်။ မတတ်ပါဘူး။ နေလင်းနဲ့ သားကြီး ကတော့ ကျွန်တော့်ကိုဆရာလုပ်ရလို့ပျော်နေလေရဲ့။ စက္ကူကို အလည်ကနေဖြဲပြီးတော့ နှုတ်သီးချင်းထိနေတဲ့ ငှက်အတွဲလေးလည်း လုပ်ပြတယ်။ ဒါပေမယ့် ရုပါဘာဏ်ကြီးရှင် သူရတို့ကတော့ ဘယ်လိုသင် သင်မတတ်ပါဘူး ...။



www.burmeseclassic.com

www.burmeseclassic.com



မရတဲ့အဆုံးမှာ . . .

“ ငါကခေါက်တတ်စရာမလိုဘူးကွ .. မင်းတို့ကိုသာ ပေးမယ့်သူမရှိလို့ မင်းတို့က ခေါက်ခေါက်ပြီးပေးနေရတာ... ငါက မခေါက်တတ်ပေမယ့် ခေါက်ပေးမဲ့သူရှိတယ် ” လို့ပြောပစ်လိုက်တယ် ... ...


အားလုံးက တစ်ခွန်းထဲပဲ ဝိုင်းအော်ပြောကြတယ်။

“ သောက်ပေါ ” တဲ့ ။

■ ■ ■










www.burmeseclassic.com

www.burmeseclassic.com



## TRACK ( 19 )

ဒီနေ့နေ့လည်စာကို Main ထဲမှာသွားစားဖို့ အားလုံးက သဘောတူတယ်။ ကျွန်တော်တို့ သူငယ်ချင်းတွေဟာ တစ်ပတ်မှာ အနည်းဆုံး နှစ်ရက်တော့ Main ထဲက ကန်(န်)တင်းတွေမှာထိုင်လေ့ရှိကြပါတယ်။ ဒီနေ့တော့ ဦးချစ်ဆိုင်ကိုရွေးလိုက်တယ်။ ဗူးသီးက ရွှေတောင်ခေါက်ဆွဲစားချင်တယ်ဆိုလို့ .. စားစရာတွေမှာပြီးတဲ့အခါမှာ စန်းမောင်ကြီးရောက်လာပြီးတော့

" အစ်ကို ငါးရာပေးပါ " တဲ့။

ကျွန်တော့်ကို တည့်တည့်ကြီးလာပြောတာ။


" အင် ... ငါကဘာလို့ ပေးရမှာလဲ ..... "

" အစ်မကြီးတစ်ယောက်က အစ်ကို့ဓာတ်ပုံပေးသွားတယ်။ အစ်ကိုလာရင် ငါးရာတောင်းလိုက်တဲ့ ... ပြီးရင် ဒီဟာပေးလိုက်တဲ့ "

" ဟာ "










www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အားလုံး ' ဟာ 'သွားတယ်။ စန်းမောင်ကြီးက ကျွန်တော့်ဆီက ငါးရာယူပြီးထွက်သွားလေရဲ့။ စားပွဲပေါ်မှာ ကျွန်တော့်ဓာတ်ပုံတစ်ပုံရယ်၊အထဲမှာအကောင်၂၅၀ပါမှာသေချာတဲ့ စက္ကူကြက်ထည့်တဲ့ပုလင်းလေးရယ်တင်ကျန်ရစ်ပါတယ်။

နေလင်းက ခပ်တည်တည်နဲ့ ဓာတ်ပုံကို ယူကြည့်တယ် ။

" ဒီပုံ မင်း ဘယ်သူ့ကို ပေးထားတာလဲ . .. "

" ဘယ်သူ့မှ မပေးထားဘူး ။ ငါ့မှာ အဲဒီပုံရှိကိုမရှိတာ . . . "

" ဒါ .. ကျောင်းမှာ ရိုက်ထားတဲ့ပုံပဲ .. ကွ "

ဟုတ်ပါတယ်။ ဓာတ်ပုံက ကျွန်တော် Parking က အုတ်ခုံမှာ ထိုင်နေဟုန်း အဝေးကနေလှမ်းရိုက်ထားတဲ့ပုံပဲ။

" မင်းကို..ဒီလို ဓာတ်ပုံချောင်းရိုက်မယ့်သူရှိတာ အံ့သြစရာပဲကွာ ..."

"အေးလေ...အသည်းယားစရာကြီး၊ နောက်ကိုအိမ်သာတွေဘာတွေလဲ ကြည့်သွားကြားလား "

"ဟာ...အရေးထဲနောက်မနေနဲ့ကွာ ...ငါကဒီတစ်ခါ ထပ်ပေးရင် မိအောင်ဖမ်းလို့ စိတ်ကူးထားတာ ၊ အခုတော့ဘာမှန်းကိုမသိလိုက်ရဘူး...."

" စန်းမောင်ကြီးကို ပြန်ခေါ်ပြီးမေးကွာ . . . "

" လုပ်မနေနဲ့ .. သူ ဘာမှသိမှာလဲ မဟုတ်ဘူး . . . "

" သေပြီဆရာ " လို့ ပါးစပ်က ညည်းလိုက်ပေမယ့် စိတ်ထဲမှာတော့ တော် တော်လေးဝမ်းသာသွားပါတယ်။ ၁၅၀၀ ပြည့်ရင်ဘာဖြစ်မလဲ။ ဘယ်သူပေးတာလဲ သိပ်သိချင်နေသလို၊ရင်လည်းနည်းနည်းဖိုတယ်။ ဘာလို့ရင်ဖိုရတာလဲမမေးပါနဲ့။ နွေပေးတာဖြစ်နိုင်တယ်ဆိုတဲ့ အတွေးကြောင့်ဆိုတာကို ကျွန်တော်ပြောပြမှာမဟုတ်ဘူးလေ။

တကယ်လည်းကျွန်တော်တို့ ဒီဆိုင်မှာလာထိုင်ရင်လာထိုင်လိမ့်မယ်လို့ ကြိုတွက်နိုင်တဲ့ဦးနှောက်မျိုးက နွေ့မှာပဲရှိတာမဟုတ်လား .. ။ 'အိုး ...ဘာပဲဖြစ်ဖြစ် .. " နွေပဲဖြစ်မှာပါ။ ဒီလိုပဲလိုရာဆွဲတွေးရတာပေါ့။





ဟုတ်ဘူးလား။

သူငယ်ချင်းတွေနဲ့နောက်ပြောင်ကျီစယ်ရင်း ၊ ငြင်းခုန်ရင်း၊ ရောက်တတ်ရာရာ အတင်းချရင်း (ယောကျ်ားတွေပြောတော့လည်းသတင်းပေါ့လေ) အချင်းချင်းနှိပ်ကွပ်ရင်းနဲ့ ညနေတောင်စောင်းလာတယ်။ အဲဒီမှာ အရှည်ကြီး ဆိုင်မှာ ထိုင်နေတဲ့ သားကြီး က အရင်ဆုံးလှမ်းမြင်ပါတယ်။

" ဟော့ကောင် ဟော့ကောင် ဟိုမှာ သစ္စာ ... "

ထိတ်ခနဲ ကျွန်တော့်စိတ်ထဲကို သံသယ တစ်ခုကျူးကျော်လာတယ်။ ကျွန်တော်မေးကြည့်တယ်။

" သစ္စာကော မဖြစ်နိုင်ဘူးလား ... "

" ဘယ်သူမဆိုဖြစ်နိုင်တယ် ဟော့ကောင် .. မင်းဟာမင်း ကိုယ့်ဘာကိုယ်ယက်ပြီး နွေပါလို့ စွတ်ထင်မနေနဲ့ "

" ကျွတ် .. "

ဟုတ်တာပေါ့..သစ္စာတင်မကဘူး၊ တခြားသူတွေထဲကလည်း ဖြစ်နိုင်သေးတာပဲ။ ဒါပေမယ့်တကျောင်းလုံးမှာ ကျွန်တော့်လို ခပ်ထူထူ ခပ်ဒူဒူကို အဖက်လုပ်ပြီး ပေါင်းတာ နွေနဲ့ သစ္စာ နှစ်ယောက်ထဲသာပဲ။

နေလင်းကမေးတယ်..

" သစ္စာဆိုရင် မင်းဘာလုပ်မလဲ . . . . "

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



## TRACK ( 20 )

" ဒေါက်ဒေါက်ဒေါက် "

" အစ်ကို သူရ .. ဖုန်းလာတယ် . . .. "

ကျွန်တော် ကမန်းကတန်းပြေးဆင်းခဲ့တယ်။ ဘယ်သူကမှ ကျွန်တော့်ကို ဖုန်းဆက်လေ့မရှိဘူးလေ။ နွေ့ကိုပေးဖူးတယ်။ နွေများလားမသိဘူး။

" ဟဲလို ... "

" သား .. မေမေ ပါ "

" ဪ ... မေမေ ပြော .. "

"သားညီမလေး အူအတက်ရောင်လို့မနက်ကဆေးရုံတင်ထားရတယ်။ ဒီနေ့ညခွဲ လိမ့်မယ်။ သားချက်ချင်းလာခဲ့နော် .. "

" ဟုတ်လား .. သားလာခဲ့မယ်။ ဘာဖြစ်လို့လဲတဲ့မေမေ ... "

"ဘာတွေစားသေးလဲ မသိပါဘူးသားရယ်။ အိမ်မှာလဲ သိပ်စားတာမှ

ကြောင်နှစ်ကောင် စာအုပ်တိုက်



မဟုတ်တာ။ တစ်နေကုန် ဆိုင်ကယ်တစ်စီးနဲ့ ထွက်ပြီး ကြံ့သလိုပဲစားစား နေတဲ့ဥစ္စာကို..."

" အင်းပါ မေမေ သားအခုပဲလာခဲ့မယ်။ လက်မှတ်က ဂိုးရှိုးရမလား မသိဘူး။ မရရင်တော့ မနက်မှပဲ လာရမှာပဲ "

" ဟုတ်ပြီ ...ဒါပဲနော် ...သား "

" ဒါပဲ မေမေ တာ့တာ ... "

(မောင်သူရတစ်ယောက် မွေးဌာနေပြင်ဦးလွင်သို့ ပြန်လည်ရောက်ရှိသွားလေသည်။

စာရေးသူလည်းဆက်ရေးရမှာ ပျင်းလာသဖြင့် မောင်သူရ ရန်ကုန်သို့ ပြန်မသွားတော့ပါ။ ပြီးပါပြီဟူ၍အဆုံးသတ်ချင်သော်လည်း အားလုံးပိုင်းဆဲကြမှာ ကြောက်သောကြောင့် ဆက်လက်၍ရေးရလေသတည်း။)

နောက်တစ်ရက်မနက်မှာ ကျွန်တော်တစ်ယောက်ဟာ မွေးဌာနေ ပြင်ဦးလွင်ကိုပြန်လည်ရောက်ရှိသွားပါတယ်။ ဘယ်သူ့ကိုမှလည်းမနှုတ်ဆက်ခဲ့ရသလို အိမ်ပြန်ရတဲ့အကြောင်းလဲမပြောခဲ့ဘူး။ သူငယ်ချင်းတွေကတော့ ရှာနေကြတော့မှာ သေချာတယ်။ Roll Sheet မှာ လက်မှတ်မှထိုးပေးထားပါ့မလား။

ဒါပေမယ့်နောက်ထပ်တစ်ရက်ထပ်အကြာမှာ ကျွန်တော်လက်ဖျားခါရအောင်ပဲ ကျွန်တော်တို့ ပုလဲဖြူကို နွေ့ဆီက ဖုန်းလာပါတယ်။

" သူရလားဟင် . . . "

" အင်း .. နွေ . . ငါဒီမှာရှိမှန်း နင်ဘယ်လိုလုပ်သိသလဲ "

" ညီမလေးကောင်းသွားပြီလား ... "

ဟိုက်...ရှားဘား ...ဒါလည်းသိတာပဲလား၊ အေးလေ သိမှာပေါ့ နွေ့ပဲဥစ္စာကို။

"ကောင်းသွားပြီ။ ဒါပေမယ့်ဆေးရုံမှာပဲရှိသေးတယ်။ အခုမေမေ သွားစောင့်နေတယ်"

ကြောင်နှစ်ကောင် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



" ဘယ်နေ့ ပြန်လာမှာလဲ . .. "

" ဘာလဲ . . . မေမေလား . . . "

" ဟုတ်ဖူးလေ ... သူ့ရ ဘယ်နေ့ပြန်လာမှာလဲလို့မေးတာ "

"သြော် .. မသိသေးဘူးဟ ..ဒီနေ့သောကြာနော် ၊ ငါ တနင်္လာတော့ ပြန်ရောက်မှာပါ။ နောက်အကျဆုံး အင်္ဂါပေါ့ ။ "

" ပြီးရောဟာ . . ငါ သောကြာအထိစောင့်မယ် "

"အေးအေး ..ကိစ္စရှိရင်ဆက်လိုက်ဦးလေ.. ပြီးတော့ဒီကဘာမှာဦးမလဲ "

" မှာတော့ပါဘူးဟာ .. မြန်မြန်ပြန်လာခဲ့ . . . "

" အင်း .. ဒါဆို . . . "

" တာ့တာ . . . "

ဖုန်းချပြီးတော့မှ ကျွန်တော်စဉ်းစားမိတယ်။ ဘာလဲဟ၊ သောကြာအထိစောင့်မယ်ဆိုတာ။ ကျွန်တော်က တနင်္လာ၊ အင်္ဂါပြန်လာမယ်လို့ ပြောတဲ့ဟာကို၊သောကြာနေ့အထိများ ပြန်မလာရင် တစ်သက်လုံးမခေါ်တော့ ဘူးလို့ဆိုလိုတာလား။ ဒါဖြင့်သောကြာနေ့အတွင်း ပြန်လာရင် တစ်သက်လုံးခေါ်မယ်ပေါ့။ အဲလိုလည်း ဟုတ်ဟန်မတူဘူး။

" ဟာ ... မသိတော့ဘူးကွာ ... "

" ဘာတွေ မသိတော့တာလဲ သားရဲ့ ..."

" သြော် မေမေ .. "

" ဟဲ့ ဟဲ့ အမေတွေ့တာများ သရဲသဘက် တွေ့တဲ့အတိုင်းပဲ "

မေမေက ရုတ်တရက်လှမ်းခေါ်တော့ ကျွန်တော် တချက်လန့်သွားတာပေါ့။

" ပူတူးရော မေမေ .. သက်သာလား "

" အင်း...ကောင်းနေပါပြီ ၊ ဒါပေမယ့် ဂျီကျလိုက်တာ လွန်ပါရော "

" ဒါဆို သား ပါရှောင်နေမှနဲ့တူတယ်။ နေမကောင်းဘူးဆိုပြီး သားကိုလဲ လွှတ်ဂျီကျနေဦးမယ် "





" ကျပါစေပေါ့။ သူ့မှာ ဒီအစ်ကိုပဲရှိတာ။ သားကစိတ်ညစ်နေပြီလား"

"အလကားစတာပါမေမေရယ်၊ သားအခုပဲဆေးရုံသွားလိုက်ပါ့မယ်၊ တကယ်လို့ ကောင်းနေပြီဆိုရင်တော့ SUNDAY ကျရင်ပြန်မယ် မေမေ။ Monday ကျောင်းရှိလို့"

ဟဲဟဲ.. ဒါလိမ်တာမဟုတ်ဘူးနော် ၊ တနင်္လာနေ့တကယ် ကျောင်းဖွင့်တာ ပဲဥစ္စာ။ နေ့နဲ့ချိန်းထားတာက ချိန်းထားတာတစ်ပိုင်းပေါ့ ။

မေမေက " သားပြန်ချင်ပြန်လေ " တဲ့။ မိဘတွေကို ခွင့်တောင်းတဲ့အခါ ကျောင်းကို အကြောင်းပြတာဟာ ခေတ်အဆက်ဆက် ဘယ်တော့မှ မရိုးတဲ့နည်းနဲ့တူရဲ့။ ကျွန်တော် လေယာဉ်ရုံးကိုတယ်လီဖုန်းဆက်တယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



## TRACK [21]

တနင်္ဂနွေမှာ ကျွန်တော်ရန်ကုန်ပြန်ရောက်ပါတယ်။

တနင်္လာမှာ ကျွန်တော်ကျောင်းတက်ပါတယ်။ နေခြည်သောက်စ တနင်္လာ မနက်ခင်းဟာ မိုးဥတုပေမယ့်ကြည်လင်နေရှာပါတယ်။ ကျွန်တော် ကားကို ကျောင်းဝင်းထဲ ကွေ့ဝင်လိုက်ရင်ပဲခုံတန်းမှာထိုင်စောင့်နေတဲ့ (ကျွန်တော့်ကိုစောင့်နေတယ်လို့ကျွန်တော်ကထင်တဲ့) နွေ့ကိုတွေ့ပါတယ်။

" ဟော ...နွေ ... "

" ဟဲ့ ... "

" ခဏနေဦး ငါ ကားရပ်လိုက်ဦးမယ် .. "

ကားရပ်ပြီးတော့မှ ပြင်ဦးလွင်က သူ့အတွက်ယူလာတဲ့ လက်ဆောင် ထုပ်ကို ယူပြီးဆင်းတယ်။ ကျွန်တော်ယူလာတာ အပြာနုရောင် ဖြောင်ဆွယ် တာလေးပါ။ ရန်ကုန်ဆောင်းတွင်းတွေမှာ ဝတ်လို့ရအောင်ယူလာတာ။









www.burmeseclassic.com

www.burmeseclassic.com



သိတယ်မလား ။ ရန်ကုန် ဆောင်းတွင်း မနက်ခင်းတွေဆို အနွေးထည် မဝတ်ရင်လည်းအေးတယ်။ တအား ထူထူကြီးတွေဝတ်ရင်လည်း အိုက်ပြန်ရော။

"ရော့ .. နွေ .. နင့်အတွက်လက်ဆောင်၊ ငါ ပါးပါးလေးကို ရွေးယူလာတာဟ"

နွေက အင်္ကျီကို ယူကြည့်ပြီး Thank you လို့ပြောတယ်။ အဲဒီနေ့က တစ်နေ့ကုန် အတန်းချိန်တွေကလွဲရင် ကျွန်တော်တို့ အတူတူရှိနေကြတယ်။ အမြဲလိုလို ဖြတ်လတ်လန်းဆန်းနေတဲ့ နွေဟာ ထူးထူးခြားခြားငြိမ်သက်နေသလိုပဲ။ တစ်ချက်တစ်ချက်မော့ကြည့်လိုက်ရင် ကျွန်တော် ရင်တွေပူတယ်။ ဘာကြီးမှန်းလဲ မသိဘူးနော်။

ကောင်းကင်မှာ ငှက်တစ်အုပ် ပျံသန်းသွားလေရဲ့။

■ ■ ■







## TRACK ( 21/A )

ကောင်းကင်မှာ ငှက်တစ်အုပ်ပျံသန်းသွားတယ်။ ပျံနေတဲ့ ငှက်တွေထဲကတစ်ကောင်ဟာ ကျွန်တော်ဖြစ်ပြီး အခြားတစ်ကောင်ဟာ သူမဖြစ်ပါတယ်။ ငှက်ကလေး နှစ်ကောင်သင်းကွဲလို့ ကျောင်းဝင်းထဲကို ပျံဝင်လာကြတယ်။ ဒီနေ့ဟာအင်္ဂါနေ့ပေါ့။ ဒီနေ့နွေဟာမနေ့ကနွေလိုပဲ ကျွန်တော့်ဘေးမှာ ယှဉ်တွဲလျှောက်ပါတယ်။ ကျွန်တော့်ရှေ့မှာထိုင်ပြီး မုန့်စားပါတယ်။ ကျွန်တော်သူ့ကို အတန်းထဲလိုက်ပို့ပါတယ်။ ဒီနေ့နွေဟာ မနေ့ကနွေလိုပဲ ငြိမ်သက်နေပြန်ပါတယ်။

ညနေခင်း သူ့အိမ်က ကားလာကြိုတဲ့အထိ အုတ်ခုံပေါ်မှာ အတူတူထိုင်တယ်။ တည်ငြိမ်တဲ့နွေဟာလည်း ကျွန်တော့်အတွက်တော့ တမျိုးဆွဲဆောင်မှုပါပဲ။ နောက်တစ်ရက် နောက်မနက်နဲ့ နောက်ထပ်တစ်ရက် နောက်ထပ်တစ်မနက်မှာလည်း ထိုနည်း၎င်း။ ထူးခြားစွာ ကျောင်းနောက်မုန့်



www.burmeseclassic.com

www.burmeseclassic.com










တဲ့ နွေရယ်၊ ကျောင်းကလွဲပြီး တခြားတက်စရာမရှိတဲ့ ကျွန်တော်ရယ် တတွဲတည်းဖြစ်နေပါတော့တယ်။

သောကြာနေ့ရောက်တော့ ကင်(န်)တင်းမှာ အတူတူထိုင်နေတဲ့ သူတို့နှစ်ယောက်ကိုတွေ့ပါတယ်။ ကျွန်တော်နဲ့ခင်တဲ့ မိန်းကလေးနှစ်ယောက်ပါ။ ဘယ်သူလဲ . ဟုတ်လား ။ ဘယ်သူရှိရမလဲ သစ္စာနဲ့နွေပေါ့။

“ ဟေး ... ဘာလုပ်နေကြတာလဲ . . . ”

“ နင်အသက်ရှည်ဦးမယ် သူရ၊ အခုပဲ နင့်အကြောင်းငါတို့ပြောနေတာ”

“ အင်...ကွယ်ရာမှာပြောတယ်ဆိုတော့ အကောင်းတော့မဖြစ်နိုင်ဘူး။ အတင်းပဲဖြစ်ရမယ်။ အတင်းဆိုမှတော့ ငါမေးရင် နင်တို့ပြောပြမှာမဟုတ်ဘူး။ ဒီတော့ . . ”

“ဒီတော့လုပ်မနေနဲ့ဆရာ၊ ဘာမှနင့်အတင်းလည်း ငါတို့ပြောနေတာမဟုတ်ဘူး။ သစ္စာက နင့်အကြောင်းလေးတွေမေးနေလို့ ငါကပြောပြနေတာ...”

“ အင်...ဟုတ်လား သစ္စာ... ”

သစ္စာကခေါင်းငြိမ့်ပြတယ်။

“ဟိုတခါက ရေးပေးပါစာအုပ်မှာ ရေးပေးလိုက်တယ်လေ၊ နင်က ငါ့အကြောင်း ဘာထပ်သိချင်ရတာတုန်း”

အဲလိုပြောတော့ သစ္စာရှက်ပြီး ခေါင်းကလေးငုံ့သွားတယ်။

နွေက–

“နင်ကလဲဟာ...ဘာမှလျှောက်မေးနေတာ မဟုတ်ဘူး၊ ငါတို့နှစ်ယောက် စကားတွေလျှောက်ပြောရင်းနဲ့ နင့်အကြောင်းရောက်သွားလို့ နင့်အမေအကြောင်း နင့်မှာညီမလေးရှိတဲ့အကြောင်း ငါကပြောပြနေတာ။ အဲဒါဘာဖြစ်လဲ။ နင်က မသိစေချင်လို့လား ... တကတည်းမှပဲ .. ”

“ဩော် ...ကဲ ...ကြည့် ... ငါလည်းဘာမှမပြောရပါလား ... တော်ပြီဟာ စွတ်ဟောက်မနေနဲ့ ... ”

www.burmeseclassic.com



သစ္စာကဝင်ပြီး –

" သူရ...စိတ်မဆိုးပါနဲ့...တဲ့ "

ကောင်းရော .. ကျွန်တော်ပဲလူဆိုးကြီးဖြစ်ရတော့မယ်။ ထားပါ။ အဲလိုနဲ့ အဲဒီနေ့ကငှက်ကလေးသုံးကောင်ဖြစ်သွားတယ်။ မှတ်မှတ်ရရ စက်တင်ဘာလ (၁၃)ရက်၊ သောကြာနေ့ပေါ့။ FRIDAY THIRTEEN ဆိုတာနိမိတ်မကောင်းဘူးတဲ့ ။

ကျွန်တော်တို့သုံးယောက် တွေ့ဆုံခြင်းဟာ နိမိတ်ဆိုးများလား။ သစ္စာနဲ့ ကျွန်တော်နဲ့ ဆုံရင်နွေးထွေးတယ်။ နွေနဲ့ကျွန်တော်ဆုံရင် နွေးထွေးတယ်။ သစ္စာနဲ့ နွေဆုံရင်လည်း နွေးထွေးမှာပဲ။

အခုတော့ သုံးယောက်လုံး အေးစက်လို့ ............

စကားတွေပြောကြတယ်။ ပြောနေကျစကားမျိုးတွေပါပဲ။ ခါတိုင်းလည်း ဒီစကားလုံးတွေနဲ့ပဲပြောကြတာပဲ။ ဒါပေမယ့် အဲဒီနေ့ အဲဒီစကားတွေက ခြောက်ကပ်လို့နေတယ်။

နွေ့ အိမ်ကကားက အရင်လာကြိုတယ်။

"သစ္စာ .. ငါသွားမယ်။ သူရ ...."

ကျွန်တော့်ကို တမျိုးကြီးကြည့်တယ်။

" တာ့တာ..." တဲ့ ။





ကျောင်းထဲက တရှိန်ထိုးမောင်းထွက်သွားတဲ့ ကားနောက်ပိုင်းကိုမြင်ကွင်းထဲကပျောက်သွားတဲ့အထိငေးကြည့်မိရင်းမှ ကျွန်တော်သဘောပေါက်လိုက်တယ်။ နွေဒီနေ့နှုတ်ဆက်တာကလည်း တစ်သက်လုံး ပြန်မလာတော့မယ့်အတိုင်းပဲလို့ ...

သစ္စာကစပြီး နှုတ်ဆက်တယ်။

"သူရ ......."

ကျွန်တော့်ကို တမျိုးကြီးကြည့်တယ်။

"တာ့တာ ...." တဲ့ ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



## TRACK ( 22 )

မနေ့ညကအိပ်မက်တွေမကောင်းဘူးဗျာ။ ကျွန်တော်ကနွေ့ကိုလိုက်ရှာတယ်တဲ့။ တွေ့မယ့်တွေ့တော့ နွေ့က ယောက်ျားကြီးဖြစ်နေတယ်။ ဂျင်းဘောင်းဘီနဲ့ မာဟပ်ပုံထဲကျွန်တော့်အဖေလိုနှုတ်ခမ်းမွေးကြီးနဲ့။ ထိတ်လန့်တကြား ကိုယ့်ကိုယ်ကို ပြန်ကြည့်ရတယ်။ တော်ပါသေးရဲ့။

ကျွန်တော်လည်းယောက်ျားပဲ။ ခဏနေတော့ နွေ့ကသစ္စာကိုလက်ဆွဲပြီး ထွက်လာတယ်။ သစ္စာက “ သူရရေ သူရရေ ”လို့အော်နေတယ်။

အိပ်မက်ပါပဲ။ ဇောချွေးတွေနဲ့လည်း လန့်မနိုးလာဘူး။ ပြန်ပြီး နှစ်မြိုက်သွားခဲ့တယ်။ မနက်နိုးလာတော့မှ အိပ်မက်ကိုပြန်ပြီးအမှတ်ရတယ်။ အိပ်မက်နဲ့ အတူနွေ့ကိုသတိရတယ်။ သတိရခြင်းဆိုတာ တစ်ခါတရံ အေးမြပေမယ့် တစ်ခါတရံ ပူလောင်တယ်။ ပူတယ်နွေ့။ လောင်တယ်နွေ့။ လူတစ်ယောက်ရဲ့ သာမန် အပူချိန်က ၉၈ ဒီဂရီလို့ပြောကြတယ်။ အပြင်မှာတော့










www.burmeseclassic.com

www.burmeseclassic.com



၉၀ ဒီကရီဖာရင်ဟိုက်တဲ့။ သာမိုမီတာက ပြောတယ်။ ကျွန်တော့်ရင်တွင်းမှာ အလွမ်းဒီဂရီ ၁၈၀ ပါ။

ဂဏာမငြိမ်ဘူး။ဖုန်းဆက်ဖို့စဉ်းစားတယ်။ ဖုန်းနံပါတ်တောင်းထားပြီးသားဖြစ်ပေမယ့်တခါမှတော့မဆက်ဖူးသေးဘူး။ "အိုး ... ဘာဖြစ်ဖြစ်" လို့ ဆုံးဖြတ်ပြီး လမ်းထိပ်ဖုန်းဆိုင်ကိုထွက်လာခဲ့တယ်။ ကျွန်တော်ရင်ခုန်နေတဲ့ နွေ့ရဲ့ 'ဟဲလို' ထူးသံဟာ ညကအိပ်မက်ထဲကလိုပဲ ယောကျ်ားသံကြီးဖြစ်နေတယ်။ နွေ့ဖေဖေပါ။ နွေမရှိဘူးတဲ့။

လေပူတွေကို ' ဂူး 'ကနဲမှုတ်ထုတ်လိုက်တယ်။ အဲဒါကို သက်ပြင်းလို့ခေါ်တယ်တဲ့။ ဘယ်ရောက်လို့ ဘယ်ပေါက်နေသလဲနွေရယ်။ ထားတော့။ ဘာပဲဖြစ်ဖြစ်မနက်ဖြန်ဆုံမယ်။ မနက်ဖြန်မနက်ကျောင်းမှာ နွေ့ကိုရှာမယ်။ မတွေ့ရင်လည်း တွေ့တဲ့နေရာအထိ လိုက်ရှာမယ်။ နွေသွားတတ်တဲ့နေရာတွေ ငါသိတာပဲလို့ တွေးမိတော့ ပြုံးမိပြန်ရော။

နွေ့မျက်နှာကို စေ့စေ့ကြည့်ပြီး "ငါ့ကိုငှက်တွေပေးတာ နင်မဟုတ်လားနွေ" လို့ တည့်တိုးပဲမေးပစ်မယ်။ "နောက်ဆုံးငှက်ပုလင်းလေးကို အခုနင်ကိုယ်တိုင်ပေးပါတော့" လို့လည်းတောင်းပစ်မယ်။ ပြီးရင် "ငါ့ကို ဒါတွေပေးနေတာ နင့်စိတ်ထဲမှာ တစ်ခုခုရှိလို့ မဟုတ်လား" လို့မေးပြီး သူ့ကိုကျွန်တော်စွဲလန်းနေပါတယ် ဆိုတာကိုပြောပစ်မယ်။

"ဘုရားရေ" .... စွဲလန်းနေတယ်.

ဟုတ်တယ် .... တွယ်ငြိနေတယ်

နောက်ပြီး .... အတူတူရှိချင်တယ်

သူမရှိရင် .... ကျွန်တော်လုံးဝ မလန်းနိုင်ဘူး

ဒါတွေအားလုံးခြုံပြီး အချစ်လို့ ကျွန်တော်သတ်မှတ်မယ်။ ဖြစ်နိုင်ပါတယ်။အာ...မဟုတ်ဘူး။ ဖြစ်ကိုဖြစ်ရမယ်။ ဒါဟာ .....အချစ်ပဲ ... ။

ကျွန်တော်နွေ့ကိုချစ်တယ်။

■ ■ ■





ကြယ်တွေတောင်ခစားတဲ့
ဒဏ္ဍာရီ နတ်မိမယ်လေးလို
လေပြည်တွေဆော့ကစားတဲ့
ယိမ်းနွဲ့သူ ပန်းပွင့်ပျိုလေးလို
မတော်တဆ
နေနဲ့ မိုးနဲ့ အကြောင်းဖက်ပါမှ
ဖူးမျှော်ခွင့်ရတဲ့ သက်တံ့ကြီးလို
ငါ..မင်းကို...တင်စားလိုတယ်...

မင်းနောက်ကို တကောက်ကောက်လိုက်တတ်တဲ့
မင်းအိမ်အပြန်ကို မျှော်နေတတ်တဲ့
မင်းတစ်ယောက်တည်းကိုသာ ချစ်တဲ့
အဲဒီအချစ်တွေကိုလည်းဖော်ပြခွင့်ရတဲ့
မင်းရဲ့...ခွေးကလေး...ဖြစ်ချင်တယ်...



www.burmeseclassic.com

www.burmeseclassic.com



သိပ်လှတဲ့ စကားဝါပန်းတွေလို
သိပ်ခမ်းနားတဲ့ စကားမြှုပွင့်တွေလို
ငါ့ရင်ထဲမှာ စကားပြောတွေပွင့်တယ်
အပြာရောင်စကားပွင့်တွေ အများကြီးကြားထဲမှာ
နူးညံ့တဲ့ စကားလုံးတွေ・・・
တစ်လုံးစ နှစ်လုံးစ・・
နောက်ပြီး・・・・・・ အလွန်များပြားစွာ・・・・
ထောင်သောင်းမက များလွန်းလှတဲ့
ကဗျာအဆန်ဆုံး・စကားလုံးတွေ
ငါ မသုံးစွဲလိုပါ・・・
အရိုးရှင်းဆုံး စကားတစ်လုံးသာ
မင်းနားရွက်ဖျားကတဆင့် မင်းနှလုံးသားသို့ဝင်ရောက်သွားပါလိမ့်မယ်
ငါ・・・ နင့်ကို・・ချစ်တယ်・ ・ ・။





## TRACK (23)

ပြတင်းပေါက်မှာ ငှက်စုတ်တွေ ပိကျိပိကျိအော်တဲ့အချိန် ကျွန်တော်နိုးလာတယ်။ နိုးနိုးချင်းပဲ အိပ်ရာပေါ်မှာ ငုတ်တုတ်ထိုင်တယ်။ အလိုလိုနေရင်းမောတယ်။ စိတ်ကူးတွေယဉ်ပြီး အပျော်တွေက လည်ပင်းမှာတစ်ဆို့လာတယ်။ အစ်အစ်ကြီး။ ဘယ်လိုခံစားမှုမျိုးပါလိမ့်။ ငယ်တုန်းက တစ်ခုခုလုပ်ချင်တဲ့အခါမျိုးမှာ မေမေကခွင့်ပေးလိုက်လို့ အရမ်းပျော်သွားတာမျိုး။

ဒါပေမယ့် အပျော်ဆိုတာမျိုးက ဖြစ်ပေါ်လာတဲ့အချိန်မှာ 'ဟေး' ကနဲ့အော်ပစ်ရတာမလား။ ကျွန်တော်က မျိုချထားရတာဆိုတော့ မတင်မကျကြီး။ အော်ပစ်ဖို့ ဆိုတာကလည်း တကယ့်အပျော်မှမဟုတ်တာဘဲ။ စိတ်ကူးယဉ် သက်သက်ပဲဟာ။

ကြမ်းပြင်ပေါ်မှာ သားကြီးအိပ်ပျော်နေတယ်။ ဒီကောင်က ဒီလိုပဲ ဘယ်တော့မှ ကုတင်ပေါ်မှာမအိပ်ဘူး။ ဘယ်နှစ်နာရီရှိပြီလဲလို့ သိချင်လ...



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အိမ်မှာနာရီမရှိဘူး။ နေရောင်ကိုကြည့်တော့ ခုနစ်နာရီလောက်လို့ ထင်တယ်။ ကျောင်းသွားချင်ပြီ၊ ဒါပေမယ့်သားကြီးကိုနှိုးရမှာအားနာတယ်။ အရင်တုန်းကဒီအချိန်ဘယ်ထဖူးမလဲ။

မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီးတော့ ကော်ဖီတစ်ခွက်ဖျော်တယ်။ ကြည့်စမ်း။ အခုအချိန်အထိ တစ်ယောက်တည်းတွေးနေတာ အကြောင်းအရာ တစ်ခုတည်းပဲ။ နွေ့ကို ဒီနေ့ဖွင့်ပြောမယ်။

အရေးထဲ ကောင်ရှုပ်တွေ အိမ်ကိုရောက်လာတယ်။

" သူရ၊ သားကြီး ၊ သူရ ၊ သားကြီး "

ကျွန်တော်ပေပြီး တံခါးမဖွင့်ပေးပေမယ့်မရပါဘူး။ လက်သီးနဲ့ထုတယ်။ ခြေထောက်နဲ့ဆောင့်တယ်။ ပါးစပ်နဲ့အော်တယ်။

" ဟေ့ကောင်တွေ တံခါးဖွင့်စမ်း "

" သားကြီး ၊ သူရ "

" ဒုန်း ဒုန်း ၊ ဒိုင်း ဒိုင်း"

ကျွန်တော်ပေပြီး ဆက်ထိုင်နေပေမယ့်သားကြီးနိုးလာတယ်။ ဒီကောင်အိပ်မှုံစုံမွှားနဲ့ တံခါးဖွင့်ပေးပြီးတော့ ပြန်အိပ်သွားတယ်။ ဗူးသီးနဲ့ နေလင်းက ကျွန်တော်ဝတ်ထားတဲ့ စတစ်ကော်လာ အဖြူနဲ့ ယောပုဆိုးကိုကြည့်ပြီး အံ့သြစွာနဲ့မေးပါတယ်။

" ဟေ့ကောင် အစောကြီးထပြီးဘုရားသွားမလို့လား"

" လုပ်လှချည်လားကွာ၊ ကုသိုလ်တွေတော့ စွတ်ရကုန်တော့မှာပဲ"

" မိုးကြိုးတွေလည်း ပစ်နေဦးမယ်နော်၊ သတိထားဦး "

" ဟေ့ကောင်တွေ . . ငါဘုရားသွားမလို့မဟုတ်ဘူးကွ…. "

ကျွန်တော်လည်းဒီနေ့ နွေ့ကိုကျောင်းမှာသွားခေါ်ပြီး ဖွင့်ပြောဖို့ကိစ္စကို ပြော ပြလိုက်တယ်။ ဗူးသီးက –

"မင်းကလည်း၊ ရည်းစားစကားပြောမှာ ဒီလောက်သပ်ရပ်နေစရာ လိုလို့လားကွ၊ တော်ကြာနေ နွေက မင်းကိုဟားနေလိမ့်မယ်။ မင်းပုံစံက










www.burmeseclassic.com

www.burmeseclassic.com



အလှူသွားမှာလိုလို ဘာလိုလိုနဲ့ ပုဆိုးကကိစ္စမရှိပါဘူး။ ဒါပေမယ့် မင်းက ဒီအဝတ်အစားထဲမှာ တောင့် တောင့်ကြီးဖြစ်နေတယ် ”

“ ဟော…ဟုတ်လား ” ဆိုပြီး ကျွန်တော်က အင်္ကျီပြန်လဲရတယ်။ ဝတ်နေကျအတိုင်းပဲကောင်းပါတယ်။ ဒါပေမယ့်ကျွန်တော့်ပုံစံက ဘယ်အဝတ် အစားထဲမှာပဲဖြစ်ဖြစ် တောင့်တောင့်ကြီးဖြစ်နေတယ်လို့ နေလင်းကပြောတယ်။နောက်ပြီး–

“ မင်းက ရည်းစားစကားကို ဒီအတိုင်းပြောမှာလား ”

“ ဒီအတိုင်းမပြောလို့ ဒီကောင်က ကျွမ်းထိုးပြီးပြောရမှာလား ”

“မဟုတ်ဘူးလေ သူရရဲ့၊ ငါဆိုလိုတာက မင်းငှက်တွေ အကြောင်းကို ပြောပြီးမှ ရည်းစားစကားပြောမှာလားလို့မေးတာ . . . ”

ကျွန်တော် တွေပြီးစဉ်းစားနေတုန်းမှာ ဖူးသီးကဝင်ပြောတယ်။

“ ငှက်ပုလင်းတွေပေးတာနွေမဟုတ်ရင် . . . . ”

“ အိုး … နွေမဟုတ်လို့ ဘယ်သူဟုတ်ရမှာလဲ . . . ”

“ ငါပြောတာက နွေမဟုတ်ရင် မင်းဘာလုပ်မလဲ . . လို့ ..”

“ဘာဖြစ်ဖြစ် .. ငါနွေ့ကိုပဲ ချစ်တယ်ကွာ ..၊ ဘာပဲဖြစ်ဖြစ် ငါဖွင့်ပြောမယ်၊ကဲ .. လစ်ပြီ ဟေ့ကောင် ”

“ ကြွကြွ ကိုရင် ၊ ကံကောင်းပါစေ .. ”

“ Good luck သူရ . . . . ”

လှေကားကပြေးဆင်းလာတုန်း “ ဒီကောင်ကံကောင်းမှ ငါတို့လည်း နား ညည်းသက်သာမှာ” ဆိုတဲ့စကားကိုကြားလိုက်ရသေးတယ်။

ကဲ . . . ငါလာပြီနွေရေ .. ငါ့ရင်ထဲအချစ်တွေကို ကျည်ကတ်ထဲမှာ အပြည့် ဖြည့်ပြီး နှင့်နှလုံးသားကို ပစ်ချဖို့ငါလာနေပြီ။ ငါဟာလက်ဖြောင့်သူတစ်ယောက် မဟုတ်ခဲ့ပေမယ့် ပြောင်းနဲ့တွေထားတဲ့ ပစ်မှတ်ကိုတော့ လွဲမှာမဟုတ်ပါဘူးလေ။

■ ■ ■





## TRACK ( 24 )

ကောင်းကင်ဟာရုတ်တရက်မဲမှောင်လာသလား။ လေနီကြမ်းပေါ့တကယ်အဂ္ဂီကြမ်းနေပြီလား။ အင်းလျားရေဟာ လှိုင်းတွေတဝုန်းဝုန်းနဲ့။ မြေကြီးတွေလည်း ခြစ်ခြစ်တောက်ပူလာတယ်။

ကျွန်တော် ရင်ကြပ်လာတယ်။ အို … ကမ္ဘာလောကကြီးတစ်ခုလုံး မှောင်အတိဖုံးတော့မလို … ။

တကယ်က ဘာမှမဖြစ်ပါဘူး။ ကျွန်တော့်ဘာသာထင်တာပါ။

ဘာလို့ဆို ကျွန်တော်ဟာစိမ်းလန်းပန်းခြံထဲကိုရောက်နေပါတယ်။ ကျွန်တော်နဲ့ခပ်လှမ်းလှမ်းမှာ ‘ နွေ ’ ရှိပါကယ်။ အားလုံးသိပြီးကြတဲ့ အတိုင်းပဲ ကျွန်တော်ဟာ ‘ နွေ့ ’ကိုလာရှာတာပါ။

‘ နွေ့ ’ ကိုရည်းစားစကားပြောမလို့လာတာပါ။ ‘ နွေ ’ ကိုချစ်နေတဲ့ ကောင်ပါ။ ဒါပေမယ့် နွေ့အနားကို ကျွန်တော်မသွားဖြစ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ဆို 'နွေ' ကတစ်ယောက်တည်းမဟုတ်ဘူး။ နွေ့ဘေးမှာ ကောင်ကလေးတစ်ယောက်ရှိနေတယ်။ ခပ်ဖြူဖြူကောင်လေးတစ်ယောက် ရှိနေတယ်။ အဲဒီခပ်ဖြူဖြူ ကောင်လေးက နွေနဲ့ကပ်ပြီးထိုင်နေတယ်။ ရှင်းရှင်းပြောရရင် ရန်ကုန်မြို့၊ အင်းလျားကန်စပ်၊ စိမ်းလန်းစိုပြေဥယျာဉ်ရဲ့ ခုံတန်းဖြူပေါ်မှာ အဲဒီကောင်က နွေ့ပခုံးကိုဖက်ပြီးထိုင်နေတယ်။

ကျွန်တော် ဘာဖြစ်မလဲစဉ်းစားကြည့်ပါဗျာ ..။

ကျွန်တော် ပေါက်ကွဲလွင့်စင်သွားတယ်။

ဗွီဒီယိုထဲကလိုမျိုးလက်သီးနဲ့ဝေါက်ဝေါက်ထိုးပြီး နွေ နင်သိပ်ရက်စက်တယ်လို့ ပြောပစ်ချင်တယ်။ မလုပ်နဲ့သူရ ။ မရဘူး။ နွေဟာ . . မင်းချစ်သူ မဟုတ်ဘူး။ ဒါဆိုဘာလို့အိပ်မက်တွေပေးသလဲ။ ဘာလို့ငှက်ပုလင်းလေးတွေပေးသလဲ။ မင်းကိုနွေပေးတာပါလို့ ဘယ်သူကပြောလို့လဲ။

ကျွန်တော်ငြိမ်ကျသွားပါတယ်။

အမှန်က စိတ်တွေငြိမ်ကျသွားပြီး လူကသက်ဝင်လှုပ်ရှားလာတာပါ။ အစောနတုန်းက လူက ကျောက်ရုပ်ကြီးလို တောင့်ခဲနေခဲ့ပြီး စိတ်တွေသာ ကစဉ့်ကလျားဖြစ်နေခဲ့တာပေါ့။ ခေါင်းငိုက်စိုက်ချလို့ အပြင်ကိုပြန်ထွက်လာခဲ့တယ်။ အရေးထဲကားဘီးကို ဘယ်ခွေးသူတောင်းစားက လေလျှော့သွားတာလဲ။ စိတ်ပေါက်ပေါက်နဲ့ ဘီးဖြုတ်မလဲဘဲ ဒီအတိုင်းမောင်းထွက်ခဲ့တယ်။ အင်းလျားဆောင်ရှေ့ရောက်တော့မှ မဖြစ်ချေဘူးဆိုပြီးတော့ စပယ်ယာဘီးနဲ့လဲတပ်။ နောက်ပြီးတော့ လေထိုးကျွတ် ဖာဆိုင်ကိုမောင်း . . .

"ဘီးကလေလျှော့ခံရတာ မဟုတ်ဘူးဆရာ။ တကယ်ပေါက်နေတာ၊ နှစ်ပေါက်တောင်မှ . . ."

"တောက် . . . ."

"စိတ်မဆိုးပါနဲ့ဆရာ။ သံချွန်နဲ့ထိုးမိလို့နဲ့တူတယ်။ ခဏလေးစောင့် ဒါမှမဟုတ် ပြီးမှပြန်လှည့်လာခဲ့မလား"





"အေး . . ပြန်လာခဲ့မယ်ကွာ . . . ."

ကဲ . . ကောင်းကွာ . . . အိမ်လဲပြန်လို့မရဘူး။ ဘယ်သွားနေရမှာလဲ။ ဒီမှာအသည်းကွဲနေတာ။

အသည်းကွဲတယ်လို့သာ ခေါင်းစဉ်တပ်ရတယ်။ ကျွန်တော်ခံစားနေရတာ အသည်းကွဲတာရောဟုတ်ရဲ့လား။ ရင်ထဲမှာ ပူတယ်။ ရင်ပူတယ် အမေရေ.. 'နွေ'.. 'နွေ' . . . . ဘယ်အကောင်နဲ့တွဲနေတာလဲနွေရယ် . . . မျက်စိထဲမှာ အဲဒီအဖြူကောင်မျက်နှာပေါ်လာတယ်။

ကျွန်တော့်ကိုယ်ပြတယ်။မထူးဘူး ကားနဲ့တိုက်သတ်ပစ်မှအေးမယ်။

ကျွန်တော် အရှိန်နဲ့မောင်းထွက်လိုက်တယ်။အနီးရောက်တော့ မတိုက်ရဲတော့ဘူး။

ကျွန်တော် ထောင်ကျမှာဗျ။ ဘရိတ်ကိုဆောင့်အုပ်လိုက်တယ်။

"ကျွိ ..."

"ညီလေး ... လိုင်စင်ခဏလောက်"

"ဗျာ ..."

"လိုင်စင်နဲ့ ဝိုးတက်(စ်)နဲ့ ခဏလောက်ညီလေး"

"ကျွန်တော် ဘာလုပ်မိလို့လဲဗျာ .."

လိုင်စင်ထုတ်ပေးရင်းမေးတော့ အဲဒီဦးဦးရဲကြီးက

"တစ် .. မင်းမီးနီကိုအရှိန်နဲ့ ဖြတ်မောင်းလာတယ်။ နှစ် .. မင်းအခုကားရပ်ထားတာလည်းကြည့်ဦး ၊ လမ်းလည်ခေါင်ကြီးမှာ"

ဟုတ်ပါရဲ့။ ကျွန်တော့်ကားက လမ်း(၄)ခွဆုံ အလည်တည့်တည့်ကြီးမှာပါလား။ လေးဘက်လေးတန်မှာ ကားတွေ ဂျမ်းဖြစ်ကုန်ပြီ။

"သေလိုက်စမ်းကွာ . .."

"ဘာပြောတယ်ကွ . . ."

"ဟာ ..ဟုတ်ဖူး ဟုတ်ဖူး .. ဦးဦးရဲကြီး .. အာ . sorry အစ်ကိုကြီး sorry ပါဗျာ။ အစ်ကိုကြီးကိုပြောတာမဟုတ်ဘူး ။ ကိုယ့်ဘာသာ ကိုယ်

www.burmeseclassic.com










ကျိန်ဆဲမိတာပါ ခင်ဗျာ "

" အေး ..ရော့ . ချယ် . . (၅၁)လမ်းရုံးမှာ ဒဏ်ငွေသွားဆောင် ... "

" အခုဆောင်လို့မရဘူးလားဗျာ "

" မရဘူး ...သွားတော့..ဒဏ်ငွေဆောင်ပြီးမှ မင်းလိုင်စင်ကို ပြန်ရွေးယူရေ့"

" ဟုတ် ... ဟုတ်ကဲ့"

ကားကိုကျောင်းဖက်ပြန်မောင်းခဲ့တယ်။ ကျွန်တော့်ရင်ထဲမှာမွန်းပိတ်နေတာတွေကို သူငယ်ချင်းတစ်ယောက်ယောက်ကို ပြောပြမှဖြစ်မယ်။ ဒါမှပေ့ါသွားမှာ။

ကျောင်းရောက်တော့ တစ်ကောင်တစ်မြီးမှ မရှိပြန်ဘူး။ ဒီကောင်တွေ ဆပ်ပလီဖြေတောင် မအောင်ဘူးလို့ တွေးရင်း Parking ကိုပြန်လျှောက်လာတယ်။ ကျွန်တော့်ကားအေားမှာ... နှစ်လိုဖွယ်ရာသွားတက်ကလေးတွေနဲ့ သစ္စာကိုတွေ့ပါတယ်။

" သူရ . . သူရ ... ကို သစ္စာစောင့်နေတာ . . . . "

" . . . . . . . . . "

"သူရကို သစ္စာပြောစရာတွေရှိတယ်။ ဒါပေမယ့် ဘယ်တော့ပြောဖြစ်မလဲမသိဘူး သူရရယ်။ ဘယ်တော့မှ မပြောဖြစ်တာလဲ ဖြစ်ချင်ဖြစ်သွားလိမ့်မယ်။ ဒါပေမယ့် အဲဒီစကားတွေအစား သစ္စာလက်ဆောင်တစ်ခုပေးမယ်။ သူရလက်ခံပါနော်။

"မွေးနေ့တုန်းက မပေးလိုက်ရတဲ့ အမှတ်တရပေ့ါ"

" ..... "

" ရော့ ... သစ္စာ သွားပြီနော်"

ကျွန်တော့်လက်ထဲမှာငှက်ကလေးတွေထည့်ထားတဲ့ ပုလင်းလေးတစ်လုံးရှယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



အပိုင်း(၂)

# အခု

## TRACK (1)

အာခေါင်တွေသွေ့ခြောက်လို့နေသည်။ ရေအလွန်းအမင်းငတ်သည်ပင်။ ရင်ကွေပုလွှန်း၍ လန့်နိုးလာတော့အပြင်ဘက်မှာ လင်းတောင်မလင်းသေး။ လက်နဲ့စမ်း၍ မီးခလုပ်လိုက်ရှာသည်။ မီးဖွင့်ပြီးနောက် အိပ်ရာဘေးရှိ ရေပုလင်းထဲမှရေကို အကုန်မော့ချလိုက်သည်။ လည်ချောင်းနှင့် ရင်ဘတ်တွေ ရေအေး၏အယိအကွေ့ကိုခံစားရသည်။ ပါးစပ်က ဆေးလိပ်သောက်တတ်သူတစ်ယောက်လို ခံတွင်းချဉ်လာသည်။

" အား ... အခုချိန် ဘယ်လက်ဖက်ရည်ဆိုင်မှဖွင့်ဦးမှာမဟုတ်ဘူး "


တကိုယ်တည်းတွေးရင်း မျက်နှာသစ်၊ကိုယ်လက်သန့်စင်၍ အိမ်အောက်ကို ဆင်းလာခဲ့သည်။

" ကျွတ် .. ကားသော့က အပေါ်မှာ ကျန်ခဲ့ပြီ "

သူရလေးထပ်ကိုပြန်မတက်ချင်တော့။ လမ်းလျှောက်၍ အရှေ့ဘက်









www.burmeseclassic.com

www.burmeseclassic.com



ကန်ဘောင်သို့ လျှောက်လာမိသည်။ ကန်ဘောင်ပေါ်တွင်တော့ အဘိုးကြီးတွေ၊ အဘွားကြီးတွေ လမ်းလျှောက်နေကြလေသည်။ အချို့လည်းကုန်းကော့၊ ကွ၊ ကား လေ့ကျင့်ခန်းတွေလုပ်လျက်။ ခွေးကလေးနှင့် အတူ ပြေးနေသော ကလေးနှစ် ယောက်လည်းတွေ့ရပါသည်။ တစ်ခုပဲ ထူးခြားသည်၊ ကန်ဘောင်ပေါ်တွင် လူငယ်ဟူ၍ သူရတစ်ယောက်တည်း။

ရောင်နီပျို့ လာပြီ။ ကောင်းကင်သည် အနက်မှ မီးခိုး၊ နောက် ခဲရောင်၊ နောက် တဖြည်းဖြည်း အဖြူရောင်။

ထိုအခါ ခုံတန်းလျားတွင် ထိုင်ကာမှိုင်၍ သူရဆွေးလေသည်။

ညစ်သည်။ သိပ်စိတ်ညစ်သည်။ သစ္စာက သူရကိုချစ်သည်။ သူရက နွေ့ကိုချစ်သည်။ နွေ့က ဟိုခပ်ဖြူဖြူကောင်ကိုချစ်သည်။ ခပ်ဖြူဖြူကောင်ကတော့ မည်သူ့ကိုချစ်သည်မသိ။ နွေ့ကိုပခုံးဖက်ထားလေသည်။ လောကကြီး မတရားပါချေတကား။

သူရမျှော်လင့်ခဲ့သည်။ အဆုံးစွန်အထိစိတ်ကူးယဉ်သည်။ စက္ကူငှက်များကို ပေးသူမှာနွေ့ဟုသာ သူရထင်ခဲ့သည်။ အခုတော့အားလုံးသွားပြီ။ မနေ့ကအကြောင်း ကိုပြန်စဉ်းစားတော့ငှက်ပုလင်းလာပေးသည့် သစ္စာ၏ မျက်နှာကိုမြင်သည်။ သစ္စာသည် အလွန်ချစ်စရာကောင်းသည်။ မှန်ပါ၏။

နွေ့နှင့်ယှဉ်လျှင် လူတစ်ရာတွင် ကိုးဆယ့်ကိုးက သစ္စာကိုသာရွေးချယ်မည်။ သို့သော် ကျန်သည့် တစ်ယောက်က သူရဖြစ်လေသည်။

" ငါဘာလုပ်ရမလဲ .... ငါ ဘာလုပ်ရမလဲ . . . "

တစ်ကိုယ်တည်းစကားပြောသောသူ့ကို တရုတ်မကြီး နှစ်ယောက်က နားမလည်သလိုလှည့်ကြည့်သွားသည်။ သူထိုင်ရာမှထသည်တစ်ဖန်ပြန်၍ ထိုင်သည်။ နောက် . . ပြန်၍ထလေသည်။

" ငါ .. ဘာလုပ်ရမလဲ . . . "

" ဟုတ်ပြီ . . . . မုန့်ဟင်းခါးစားမယ် "

သူရ ရန်ကင်းဘက်သို့ လမ်းလျှောက်ပြီးထွက်ခဲ့သည်။ နံဘေးတွင်သာ










www.burmeseclassic.com

www.burmeseclassic.com



အမေ သို့မဟုတ် ညီမ သို့မဟုတ် သူငယ်ချင်းတစ်ယောက်ယောက်ရှိပါက စိတ်အရမ်းညစ်တာပဲ ဟုပြောပြီး အစာမစားဘဲ စိတ်ကောက်မိမှာ သေချာသည်။ ဟေ့ကောင် စားစမ်းပါကွာ .. မိန်းကလေးတွေ အရေးလုပ်မနေနဲ့လို့ ပြောပြီး ချော့တာခံချင်သည်။ သို့သော် အခု သူတစ်ယောက်တည်း။ တစ်ယောက်တည်းစိတ်ကောက်နေလို့လည်း ဘယ်သူကမှ လာချော့မှာ မဟုတ်ဘူးမဟုတ်လား။

မုန့်ဟင်းခါးဆိုင်မှာထိုင်တော့ ကောင်မလေးတစ်ယောက်ကလာ နှုတ်ဆက်သည်။

" သူရ . . . မှတ်မိလား ... မြတ်မွန်လေ .. "

" ဟင် .. မြတ်မွန်"

" ကျောင်းမသွားဘူးလား . .. "

" အင်း .. ဟင့်အင်း ... "

"သူရဘာကြောင်နေတာလဲ တို့သစ္စာရဲ့သူငယ်ချင်းပါ။ မမှတ်မိဘူးလား။"

" မှတ်မိပါတယ်ဟာ .. ငါ ကျောင်းတက် မတက်မသေချာဘူး ..အဲဒါကြောင့်"

" သူရ . . . "

" ဟင် . . "

" မနေ့ကသစ္စာနဲ့တွေ့သေးလား"

" အင်း . .တွေ့တယ် "

" သူရကို သူ တစ်ခုခုများပေးသေးလား .. . "

" ဘာ . . . ဘာဖြစ်လို့လဲ . . . "

"ဘာမှမဖြစ်ပါဘူး သစ္စာလက်ထဲမှာ လက်ဆောင်ပေးတဲ့ပုလင်းလေးတစ်လုံးတွေ့လို့ . . . အဲဒါသူရကိုများပေးသလားလို့၊ သူ့ကိုမေးလို့လဲ မရဘူး သူရရဲ့ အင်း...မိသစ္စာတို့ဘာတွေများတစ်ယောက်တည်းကြိတ်ကြိ





နေသလဲမသိပါဘူး .. ကဲ .. တို့သွားမယ်နော် .. အဲဒါ ဒါဘယ်လောက်ကျလဲ ဒီအားလုံးပေါင်း"

ပြောပြောဆိုဆိုနှင့်မြတ်မွန်ထွက်သွားသည်။ တစ်ကျောင်းလုံးများ သိကုန်ကြပြီလားဟုသူ တွေးနေမိလေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



## TRACK [ 2 ]

YUFL သည်ကားအခါတိုင်းကဲ့ပင် နုပျိုတက်ကြွလန်းဆန်းလျက်။ LRCဆောင် ဒုတိယထပ် ဝရံတာမှနေ၍ လမ်းမဘက်သို့ ငေးရင်း နေလင်းကပြောသည်။

"တစ်ကျောင်းလုံးတော့ သိမှာမဟုတ်ဘူး ဟော့ကောင်။ မြတ်မွန်က သစ္စာတို့ အဖွဲ့ထဲ ကဆိုတော့ ... သူတို့က တကြိတ်ထဲ တဘက်ထဲပဲနေမှာ။ မင်းကို မသိသလို နဲ့ လာအစ်တာပဲဖြစ်ရမယ် "

ဘယ်ကလစ်လာမှန်းမသိသော ထမင်းချိုင့်ကို အားပါးတရတွယ်နေသော ဖူးသီးက

" သိကော့ရော ဘာဖြစ်လဲ .. နောက်လည်းတွဲမှာပဲ . . မဟုတ်ဘူးလား"

" မဟုတ်ဘူးကွ "

သူ့အသံတော်တော်ကျယ်သွားသည်ထင်၏။ (၂၀၄)မှ ဆရာမ ထွက်လာကြည့်ပြီးတံခါးပိတ်သွားသည်။ ထို့ကြောင့် သူရလေသံကိုလျှော့ပြောရလေသည်။





"မဟုတ်ဘူးကွ ... မင်းတို့သိရဲ့သားနဲ့ .. ငါမှသစ္စာကိုမကြိုက် တာ၊ ငါချစ်တာနွေကွ "

" မင်းပဲ နွေက အတွဲနဲ့လို့ပြောပြီးတော့၊ နောက်ပြီး ငါတို့လည်း အဲဒီ ခပ် ဖြူဖြူကောင်ကို J - cafe မှာ နှစ်ခါလောက်တွေ့ဖူးသေးတယ်။ သူများရည်းစားတော့ သွားမလုပ်နဲ့မောင်သူရ၊ ငရဲအိုးထဲဂျွမ်းပစ်နေမယ်"

" အေး...ဟုတ်တယ်။ နွေက အတွဲနဲ့ ၊ သူ့လူက သူ့ကိုပန်းဖက်ထားတာငါကိုယ်တိုင်မြင်ခဲ့တာ။ ဟောဒီမျက်လုံးတွေနဲ့ မြင်ခဲ့ရတာကွ "

အခုချိန်ထိ တစ်ခွန်းမှ ဝင်မပြောတဲ့သားကြီးက ..

" ဟော့ကောင် အေးဆေးပြောကွာ .. နားညည်းတယ် .." တဲ့ ။

" အင်း .. နားညည်းလည်း နားပိတ်ထားကွာ .. အဲဒါ..ဒီလိုနဲ့ .. အာ . . . ငါ့စကားဘယ်ရောက်သွားတာလဲ .. "

" မင်းရဲ့မျက်လုံးနဲ့မြင်တယ်တဲ့ . . . "

" အေး . . .ဟုတ်ပြီ .. ဒီတော့ အဲဒီလိုတဲ့ နွေ့ကို ငါ မဖွင့်ပြောတော့ဘူး၊ သစ္စာကိုငါခင်ပါတယ်။ သံယောဇဉ်လည်းရှိတယ်။ ဒါပေမယ့်သစ္စာအပေါ်မှာ ငါ့စိတ်တွေကရိုးသားတယ်။ သစ္စာကိုငါချစ်သူ၊ ငါ့လက်တွဲဖော် တစ်ယောက်လို့ ငါမြင်ကြည့်လို့ကိုမရဘူး . . . "

" ဒီတော့ . . . "

"ဒီတော့ ငါတစ်ယောက်တည်းပဲပေါ့ကွာ .. အရင်တုန်းကလဲ .. တစ်ယောက်တည်းပဲ..အခုလဲတစ်ယောက်တည်းပဲ ...နောင်လည်း တစ်ယောက်တည်းပဲပေါ့။ ဒါပေမဲ့ အရင်နဲ့ အခုမတူတာက .. အရင်က ငါ့နှလုံးသားဟာ နုပျိုတဲ့ လန်းဆန်းတဲ့ အပျိုစင်နှလုံးသား။ အခု ငါ့နှလုံးသားက မိန်းကလေးတစ်ယောက်ကိုအကြီး အကျယ်ချစ်မိပြီး မျှော်လင့်ပြီးတော့ မှသူ့အချစ်ကိုဖွင့်ထုတ်လို့မရတော့တဲ့အတွင်းကြေနေတဲ့နှလုံးသား .. ကွ"



www.burmeseclassic.com

www.burmeseclassic.com



နေလင်းက

" ဘာပဲဖြစ်ဖြစ်ကွာ . . . ရည်းစားရှိတဲ့ မိန်းကလေးတစ်ယောက်ကို မလိုက်ရဘူးဆိုတာငါတို့ယောကျ်ားတွေအားလုံးရဲ့စည်းကမ်းပဲ။ မင်းလည်း ဒီစည်းကမ်းကိုလိုက်နာရမှာပဲ၊ အခု .. မင်းတစ်ယောက်တည်းလည်းမဟုတ် ပါဘူးကွာ..ငါတို့အားလုံးရှိနေတာပဲ၊ မင်းသိပ်စိတ်ညစ်နေရင်လည်း စိတ် ပြေလက် ပျောက် ငါတို့နဲ့ GAME လိုက်ဆော့ ... "

သားကြီးကလည်း –

"ဟုတ်တယ်.. မင်းရဲ့စိတ်တွေကို GAME ထဲမှာ စိမ်ထားလိုက်၊ ပြီးတော့ ငါတို့ CLAN မှာလူတစ်ယောက်လိုနေတာနဲ့အတော်ပဲကွ။ တခြားသူနဲ့စာရင် ကိုယ့် လူရင်းထဲကဆိုတော့ ပိုကောင်းတာပေါ့။ "

သူရတွေသွားသည်။အသည်းကွဲGAME ပစ်ပေါ့။ အင်းလေ .. တစ်ခုခုကို အာရုံပြောင်းတာကောင်းပါတယ်ဟုတွေးမိသည်။ ဒါပေမယ့် အခွင့်အရေးရ တုန်း ဒီကောင်တွေကို ရစ်ဦးမှ...

"ငါမှ မကစားတတ်တာ။ အို ... မကစားဘူးကွာ.. အရက်သွား သောက်မယ်။ ငါအသည်းကွဲနေတာကွ။ အသည်းကွဲရင် အရက်နဲ့ကုရတယ် လို့ပြောတယ်။ ငါ့ကို အရက်ဆိုင်လိုက်ပို့ "

ဖုးသီးကဝင်ပြောသည်။

" မရဘူး ဟေ့ကောင်၊ အသည်းကွဲရင် အရက်နဲ့ကုတယ်လို့ မင်းကို ဘယ်သူက ပြောသလဲ "

" အို . . . ခဏခဏကြားဖူးတယ်။ ဒွေးလည်းပြောတာပဲ၊ ကျော်ဟိန်း လည်းပြောတာပဲ၊ ရာဇာနေဝင်း၊ ကောလိပ်ဂျင်နေဝင်း၊ အစုံကွာ .. မင်းသား တွေအားလုံးရုပ်ရှင်ထဲမှာ ဒီလိုချည်း . . ပြောတာပဲ .. "

" အေး... အဲဒါ ရုပ်ရှင် ...ကွ... ဒီခေတ်ကြီးမှာ ဘယ်သူမှ အသည်း ကွဲတိုင်းအရက်မသောက်ဘူး။ သူ့ဟာသူ သောက်ချင်လို့ သောက်တာပဲရှိ တယ်။ငါတို့လည်းတစ်ယောက်မှမသောက်ဘူး။ဒီတော့မင်းလည်းမသောက်





ရဘူး ...ငါတို့နဲ့ GAME ဆိုင်လိုက်ခဲ့ ...ဒါပဲ ..."

သူရပိုစိတ်ညစ်သွားလေသည်။ သူ့သူငယ်ချင်းများက နိုင်တုန်း ဖိဟောက်မှဆိုတဲ့ ဒီဇိုင်းနဲ့ထပ်ပြောဖို့ ပြင်ဆင်နေကြသည်။ မဖြစ်ဘူး ... လစ်မှပဲ ။

" ကဲ . . . ငါအရက်မသောက်တော့ဘူး ... ဟုတ်ပြီလား .. ဒါပေမယ့် မင်းတို့နဲ့လည်းငါမလိုက်ဘူး။ ငါ့ဟာငါ စာသွားသင်တော့မယ်။ "

ဟုတ်တယ်လေ။ ဒီကောင်တွေနဲ့နေရင် ဆက်ပြီးနားငြီးမယ်။ ပြီးတော့ အပြင်မှာသိပ်ပူတယ် မဟုတ်လား။ စာသင်ခန်းထဲမှာ AIR CON နဲ့လွမ်းရတာ ပိုပြီးအရသာရှိလိမ့်မယ် . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



## TRACK (3)

စာမေးပွဲသည် ကျောင်းသားတို့ကို တဖန်ပြန်လည်လွှမ်းမိုးပေပြီ.. ကျောင်းသားအားလုံးလည်း အခြားကိစ္စများကို စာထက်စိတ်ဝင်စားကြသော်လည်း ယခု စာကိုအခြားကိစ္စများထက် စိတ်ဝင်စားနေရပြီဖြစ်သည်။ သူရလည်း ထို့အတူပင်။ တစ် . ဖြေရမည့်ဘာသာရပ်များကိုစုံစမ်းသည်။ နှစ် . စာအုပ်တွေလိုက်ငှားသည်။ သုံး . မိတ္တူဆိုင်ကိုပြေးသည်။ လေး . စာကိုစ၍ကျက်လေသည်။

ဒီကြားထဲသူရက နွေ့ကိုရှောင်သည်။ သစ္စာကိုပါဘာလုပ်ရမှန်းမသိသဖြင့် ရှောင်သည်။ရှောင်နေတော့လည်း မတွေ့ဘူးပေါ့။ မတွေ့တော့လည်း ခံစားရတာ သက်သာပါသည်။ (နည်းနည်းပေါ့)

ဒီလိုနဲ့ စာမေးပွဲ ပထမနေ့ကိုရောက်ပြီ။ သူရစိတ်ထဲမှာကြွေသည်။ အရင် စာမေးပွဲတုန်းကနွေ့ကိုစတင်တွေ့တာမဟုတ်လား။ အခုတော့ ရင်










www.burmeseclassic.com

www.burmeseclassic.com



ထဲမှာဗလာ။

ကားကို Parking သို့ မောင်းဝင်လိုက်သည်။ စက်ကိုသတ်သည်။ ဘေးဘီကို ကြည့်သည်။

နွေသည် သူ့ဘယ်ဘက်တံခါးကို ဆွဲဖွင့်၍ကားအတွင်းသို့ဝင်ထိုင်လေသည်။

"ဟော . .. နွေ . . . . "

"သူရ .. အိမ်ခဏပို့ပေးဟာ .. ငါ .နင့်ကိုစောင့်နေတာ ... "

"အင်း .. ပို့ပေးတာတော့ ဟုတ်ပါပြီ .. နင်က အခွလုံချည်နဲ့ပဲဥစ္စာ ဆရာမက စာမေးပွဲခန်းထဲမပေးဝင်ပြန်ဘူးလား .. ဘာလို့လဲ .. "

"ငါလည်းအဲလိုဖြစ်မှာစိုးလို့ သေသေချာချာကို.. လုံချည်ဝတ်လာတာ... ဒါပေမယ့်"

"ဒါပေမယ့်.. ဘာလဲ . . "

"ဟို ကျောင်းသားကဒ်မေ့ခဲ့လို့ . . . အဟီး .. "

"အေး . . . ကောင်းရော .. "

လို့ပြောပြီး ကားကို တရိုန်ထိုးမောင်းထွက်ခဲ့သည်။ အခုတစ်ခါတော့ အချိန်ဆယ့်ငါးမိနစ်ခန့်ရလေသည်။ နောက်ဆုံးစာမေးပွဲမို့လို့ နောက်ကျလို့ မဖြစ်ဘူးမဟုတ်လား။ ကိတ်တခိုးလှည့်ကြည့်တော့ ပါးစပ်က ဗျွတ်ဗျွတ်သီချင်းတွေရွတ်လို့။

"နွေ . . . . "

"ဟင် . . . . . "

"ဒီကြားထဲမှာ ဘယ်တွေပျောက်နေတာလဲ.. ငါ နင့်ကိုလုံးဝရှာလို့ မတွေ့ဘူး...."

"ငါ . . ရှိပါတယ် .. ငါ နင့်ကို စောင့်နေခဲ့သေးတယ် . . . "

"စောင့်နေတယ် ..၊ .. ဘာလို့လဲ . . . . "

နွေ သူ့ကိုစိုက်၍ကြည့်သည်။ နောက်တဖြည်းဖြည်း မျက်နှာလွှဲ၍ ......





"ဘာလို့မှမဟုတ်ပါဘူးဟာ . . . . "

သူရနားမလည်ပါ။ ဟိုအဝေးသို့ငေး၍နေသော နွေ့ကိုသာလျှင် ငေးမောနေမိလေသည်။ ကြာကြာလည်း ငေးလို့မရ၊ ကားမောင်းနေရတာကိုး။ ဒါပေမယ့် ခိုးကြည့်တဲ့ အကြည့်တွေရဲ့အောက်က နွေသည် ယနေ့မှ ထူးထူးခြားခြားလှပသည်ဟု သူထင်မိလေသည်။

ဆံပင်ကိုဆာမူရိုင်းကဲ့သို့ စည်းနှောင်လေ့ရှိသော နွေ့ကို သူကဒေးဗစ်ဘက် ဟမ်းနဲ့တူတယ်ဟု နောက်ပြောင်ခဲ့ဖူးသည်။ ထိုစဉ်က နွေကလည်း အားကျမခံ ဒါဆို ငါ အခု ကတုံးတုံးရမှာပေါ့ဟု ပြန်ပြောခဲ့ဖူးသည်။ အခု နွေသည် အခါတိုင်း ကဲ့သို့ ဆံပင်ကိုစည်းထားသော်လည်း အခါတိုင်းထက် ပို၍လှသည်ဟု သူရထင်လေသည်။

"နွေ . . နင်လှလာတယ် သိလား ။"

တစ်ချက်လှည့်ကြည့်ပြီးတဖက်သို့ပြန်လှည့်သွားသည်။ နွေစကားမပြောချင်ဟု ထင်၍ သူလည်းနှုတ်ဆိတ်နေလိုက်သည်။

နွေ့ အိမ်ကွင်ကျောင်းသားကဒ်ယူ၍ ကျောင်းသို့ ပြန်ရောက်သည်တွင် ပထမခေါင်းလောင်းထိုးနေပြီ ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



## TRACK ( 4 )

" အဲဒီနေ့က ငါနွေ့ကို နောက်ဆုံးတွေ့တာပဲ .. နောက်နေ့တွေကလည်း စာမေးပွဲနဲ့ဆိုတော့ ငါလည်းရှာတော့ရှာတာပေါ့ ။ ဒါပေမယ့် အရမ်းကြိုးစားပြီးမရှာမိဘူး။ သစ္စာကလည်း ငါရှောင်နေမှန်းသိလို့နဲ့တူတယ်။ ငါနဲ့မျက်နှာချင်းမဆိုင်တော့ဘူး "

" အေးလေ .. သစ္စာက မင်းကို မျှော်လင့်တကြီးနဲ့ ၄က်ပုလင်းလာပေးတာ၊ သူ့ခမျာ မိန်းကလေးတန်မဲ့နဲ့ ဒီလောက်ကြီး ကိုယ်တိုင်လာပေးတာကို မင်းကရှောင်နေလိုက်တော့ ရှက်မှာပေါ့ "

" အင်းလေ . . . "

" မဖောက်နိုင်ဘူးကွာ . . . ငါ ..သူနဲ့ဆက်ပြီးအဆက်အဆံလုပ်နေရင် အိပ်မက်ပေးသလို ဖြစ်နေမှာစိုးတယ် "

ဗူးသီးက





" အခု သစ္စာရော ဘယ်မှာလဲ . . . "

" ကျောင်းပိတ်ကတည်းက သစ္စာကိုရော နွေ့ကိုပါမတွေ့တော့ဘူး ...ကဲ .. ငါ လစ်လိုက်ဦးမယ်ကွာ...ကားပွဲစားတွေနဲ့ ချိန်းထားတယ် .. "

ကားသော့ကို ကောက်ယူပြီး သူရထထွက်တော့ နေလင်းကမေးသည်။

" မင်း . . . ကားလဲမလို့လား . . . "

" အေးကွ . . . ငါကမလဲချင်ပါဘူး ။ အလုပ်ရှုပ်လို့ .. ငါ့အမေက လဲပေးပါဆိုလို့။ ကဲ . . သွားပြီကွာ . . . "

" ကြွ ... ကြွ ... "

သူရ ပွဲစားတန်းသို့ ထွက်လာလေသည်။ လှည်းတန်းမီးပွိုင့်မိနေတုန်း သူ့လိုင်စင်သိမ်းသွားဖူးသောယဉ်ထိန်းရဲကိုတွေ့သည်။ ထိုပုဂ္ဂိုလ်က သူ့ကိုမမြင်ပါ။ သူလည်း ပထမဆုံးအကြိမ် နွေကဲ့သို့ပါးစပ်မှ ဗရွတ်ဗရွတ်ရွတ်ရင်းထွက်လာ ခဲ့လေသည်။ ဟော .. ပွဲစားတန်းကိုရောက်ပြီ။

" အစ်ကို ရေဆေးမယ် အစ်ကို .. .. .. "

" အေး . . ဆေးမယ် . . . "

ပြောပြောဆိုဆို ဆင်းလိုက်တော့ လမ်းဘေး CHESS ဝိုင်းတစ်ဝိုင်းကိုတွေ့သည်။ သူရက CHESS ဂျပိုး မဟုတ်လား။ တစ်ချက်တော့ လှမ်းကြည့် မိတာပေါ့။ ဟင် ... ဒီဟာရုတ် ... ဒါဝင်းစိန်ပဲ . .. ။

ဝင်းစိန်က တစ်ဖက်လူ၏ ရဲတိုက်ကိုခွချက်ဖြင့်စားလိုက်သည်။ သူရစိတ်ထဲမှာ ဒီကောင်တော်တော်ကစားနိုင်တာပဲဟုတွေးမိလေသည်။ ဒါဆို ဘာလို့ဟိုနေ့က မကစားတတ်သလို ဖြစ်နေတာလဲ . . ။

သို့သော်ကြာကြာ မစဉ်းစားလိုက်ရ။ အသိပွဲစားရောက်လာသဖြင့် အတွေးစက ပြတ်ထွက်သွားသည်။ ပွဲစားပြန်ထွက်သွားတော့ သူဝင်းစိန်ကို မေ့သွားပြီ။ ကားက ရောင်းရင်ရောင်းထွက်မှာဟု တွေးရင်း အတွင်းခန်းကို ရှင်းလင်းနေမိသည်။ ထိုအခါ tool box ထဲတွင် ကြာမြင့်စွာအိပ်မော ကျနေခဲ့သော လက်ဆောင်ထုပ်ကလေးကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com










မဖောက်ရသေးသော ထိုလက်ဆောင်ထုပ်သည် အနီဝင်းစိန်နှင့် ပြိုင်သော CHESS ပြိုင်ပွဲမှရခဲ့သည်။ Teacher တို့ကတော့ superman ဆိုလား ၊ Spiderman ဆိုလားပြောတာပဲ။

သို့သော် သူ့လက်ချောင်းအောက်၌ စက္ကူဖြင့်ခေါက်သော စက္ကူငှက်များ ပြွတ်သိပ်နေသည့် ဖန်ပုလင်းလေးတစ်လုံးကို ထိတ်လန့်တကြားတွေ့ ရှိရလေသည်။

" ဟာ . . . " ကနဲ သူရေရွတ်မိသည်။ အံ့ဩတကြီး တုန်ရီနေသော သူ့လက်နှစ်ဖက် အတွင်း၌ ပုလင်းကလေးက ပြုံးပြနေသလိုလို။ အသေအချာ ထပ်ပြီးကြည့်တော့ ပုလင်းထဲမှာ ငှက်များသာမကပဲ စာရွက်ခေါက်ငယ်လေးတစ်ခုကိုပါ ထူးခြားစွာတွေ့ရသည်။

သူပျာပျာသလဲ ပုလင်းကိုဖွင့်သည်။ အဖုံးက ကြပ်နေသည်။ တော်တော်နှင့် ဖွင့်မရ။ ဖောက်ကနဲအဖုံးပွင့်သွားသောအခါ သူ့ကားရှေ့ခန်းထဲ၌ ငှက်ငယ် လေးတွေပြန့်ကျဲကုန်သည်။ ဒတ်(ရှ်)ဘုတ်ပေါ်မှာ စာရွက်ခေါက် ပန်းရောင်ကလေး တင်ကျန်သည်။ သူ ... ဖွင့်ဖတ်သည်။

နွေ့ လက်ရေးပင် ဖြစ်တော့သည်။

သူရ . . . .

ဒါ... ငါးပုလင်းမြောက် သူရရဲ့ .. နွေ့ကိုယ်တိုင်ခေါက်ရတာ အခုအကောင် ၁၂၅၀ ရှိသွားပြီ.. သူရကို နွေ့ကိုယ်တိုင်မပေးတာက သူရ အံ့ဩစေချင်လို့ . . . သူရကိုနွေ့ ...ဟာ ... ရှုပ်ပါတယ်ဟာ နင်နဲ့ငါပဲ ရေးတော့မယ် ၊ နင့်ကို ငါ အစတုန်းကတော့ တစ်ပုလင်းပဲပေးမယ်လို့ စိတ်ကူးပြီး စာမေးပွဲနောက်ဆုံးနေ့က ကားပေါ်မှာတင်ထားတာ။ နောက်နောက်မှ အသိပေးမယ်လို့လေ .. ဒါပေမယ့် နောက်ရက်တွေကျတော့လည်း မပြောဖြစ်ဘူး ... ဒါနဲ့ နှစ်ဆန်းတစ်ရက်နေ့မှာ ဒုတိယပုလင်းကိုပို့ပြီးတဲ့အခါကျတော့ ငါပျော်လာတယ် ၊ ငါ .. နင့်ကို ...နင်မမြင်အောင် လင့်ထားတဲ့နေရာကနေ



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဒီငှက်ကလေးတွေ ပို့ပို့နေရတာ ငါပျော်လာတယ်။ ဒါကို နင်သိချင်လည်းသိလိမ့်မယ် . ငါဂရုမစိုက်ဘူး .. ပြင်ဦးလွင် trip ထွက်တုန်းက တစ်လမ်းလုံး ငါ ငှက်ကလေးတွေခေါက်လာတာ.. ပြင်ဦးလွင်မှာ နင့်ဆိုင်ရှိမှန်း ငါသိတယ်လေ .. ဟာဟ .ပေါ်တင်ကြီး Counter ပေါ်တင်ထားခဲ့တာတောင် နင်မသိဘူးဟုတ် . သူရ .. ငပိန်းလေး . ဟာဟ .

ငါလေ အစကနင့်ကို ခပ်အေးအေးကောင်လေး ခပ်တုံးတုံးလေးလို့ ထင်ထားတာ.နင်နဲ့ပေါင်းတော့မှ တဖြည်းဖြည်း နင့်အကြောင်းတွေ သိလာရတာ . မလိုအပ်ဘဲ ထင်ပေါ်အောင်မနေတာ . အ တာမဟုတ်ဘဲ ရိုးတာ . အမြဲလိုလို တည်ငြိမ်တာ(ငါထင်တာနော်...)

နင့်ရဲ့စရိုက်တွေပေါ့ . အံ့မယ် နင့်ရဲ့ အသားညိုညိုကလည်း အကြည့်ခံသားပဲ .ကဲ ..စွတ်မြောက်သွားဦးမယ် . ထပ်မပြောတော့ဘူး .

ငါပြောချင်တာက သူရဆိုတဲ့ နင်ရဲ့ နာမည်နောက်မှာ . နင့်ရဲ့အပေါ်ယံအရေလွှာအောက်မှာ . နင့်ရဲ့စိတ်နှလုံးမှာ ဖြူစင်မှုကိုငါမြင်တယ် .နင့်စိတ်ရဲ့ ဖြူစင်မှုဟာလည်း နင့်မျက်လုံးမှာထင်းနေတယ်။ ငါပွင့်ပွင့်လင်းလင်းပဲပြောမယ် သူရ .ငါ့ရဲ့ယောကျ်ားလေးသူငယ်ချင်းတော်တော်များများမှာ အဲဒီမျက်လုံးတွေ မရှိကြဘူး . ငါ .. နင့်ရဲ့အဖြူရောင်မျက်ဝန်းတွေကို သဘောကျတယ် .တစ်ခါတစ်ခါ လက်ကနဲ၊ တစ်ခါတစ်ခါ မှိန်ရီလို့.လင်းတစ်လှည့် မှောင်တစ်လှည့် အဲဒီအရောင်ဟာ ဘာအရောင်လဲ . . အဲဒါဘာအရောင်လဲ သူရ .ငါ့ကို ပြောပြပါ ..

ဩော်..တစ်ခုတော့ရှိတယ် . နင်ငါ့ကိုပြောပြဖို့ဆန္ဒမရှိဘူးဆိုရင်လည်း မပြောနဲ့ပေါ့ . ဒီလိုလုပ် . ငါ . . နင့်ကို .. နောက်ထပ်ဒါမျိုး ငှက်ပုလင်းတစ်ပုလင်းထပ်ပို့မယ် . . အဲဒီငှက်ပုလင်းလေးရတာနဲ့ နင်ငါ့ဆီကိုလာမှဲ့ဟုတ်ပြီနော် .. အကယ်လို့ နောက်ထပ် ငှက်ပုလင်းရပြီးတဲ့ နေ့ကစလို့ တစ်ပတ်တိတိ ပြည့်တဲ့အထိ နင်ငါ့ကို ဒီကိစ္စနဲ့ပတ်သက်လို့ ဘာမှမပြောခဲ့ဘူးဆိုရင် နင်မပြောချင်လို့လို့ပဲ ငါသတ်မှတ်လိုက်မယ် . အရောင် ပြောင်း





သွားတဲ့ နင့်မျက်ဝန်းတွေအကြောင်းကို ငါမသိစေချင်လို့ဒါမှမဟုတ်ရင် ငါ့ရဲ့ ငှက်ပုလင်းလေးတွေကို နင်စိတ်မဝင်စားလို့ ... အဲလိုပဲ ငါယူဆလိုက်မယ်

ကဲ . . ဒါပဲဟာ ..

နွေ

ဒါပဲဟာ . . . .

ဒါပဲဟာ . . . .

ဒါပဲဟာ . . . .

ဒါပဲဟာ . . . .

ဒါပဲဟာ . . . .

ဘာလဲကွာ .... ဘာလို့ ဒါကို ငါမတွေ့ခဲ့ရတာလဲ .. ကံကြမ္မာက တမင်လွှဲ အောင်လွှဲပစ်လိုက်တာများလား . အမှန်က ကံကြမ္မာရဲ့အပြစ်တော့ဖြင့်မဟုတ်ပါ။

သူရ ကိုယ်တိုင်ကိုက ပေါ့လျော့ပြီးတော့ ဖွင့်မှမဖောက်ခဲ့တာကိုး။ မျက်လုံးထဲမှာနွေ့ကိုမြင်ယောင်လာသည်။ အားကစားပြိုင်ပွဲနေ့က နွေ ပျောက်သွားခြင်း၊ ဝင်းစိန်ရဲ့ကစားကွက်များ။ အင်းလေ .. ဆရာမကလည်း ဖန်ခွက်လို့ပြောတာကိုး။ ဒီလိုမျိုး အထုပ်ခြင်းလဲထားလိုက်မယ်လို့ သိမှမသိခဲ့ဘဲ။

ကားတံခါးဖွင့်၍ဆင်းလိုက်သည်။ CHESS ပိုင်းကပြီးသွားပြီ၊ သစ်ပင်အောက်မှာ ဆေးလိပ်သောက်နေသော ဝင်းစိန်ထံသို့ သူလျှောက်သွားပြီး –

“ ခင်ဗျားဗျာ ဘာလို့ကျွန်တော့်ကို မပြောတာလဲ ”

“ ခင်ဗျာ . . . ”

ဝင်းစိန် ရုတ်တရက်ကြောင်သွားပြီးမှ

“ ဩော် . . . မင်းဗျားကိုး ... ”

“ ဟုတ်တယ် .. ကျွန်တော်ပဲ..ဘာလို့အစကတည်းကမပြောတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



" ဗျာ ... ဘာကိုလဲ . . . "

"ကျောင်းမှာ ခင်ဗျားနဲ့ ကျွန်တော်နဲ့ CHESS ထိုးတော့ ခင်ဗျား တမင်အရှုံးခံပြီး ဆုကိုလဲထားလိုက်တာကိုလေ ... "

" ဘာလဲဗျ ...ဘာဆုကို လဲတာလဲ ကျွန်တော်မသိဘူး။ ကျွန်တော်သိတာက နွေက ကျွန်တော့်ကိုအကူအညီတောင်းတယ်။ ခင်ဗျားကို ရှုံးအောင် ကစားပေးဖို့ပြောတယ်။ အဲဒါနဲ့ ကျွန်တော်သူ့ကိုကူညီခဲ့တာ .. အဲဒါနဲ့ ပတ်သတ်လို့ ခင်ဗျားမှာတစ်ခုခုဖြစ်ရတယ်ဆိုရင်လည်း Sorry ဗျာ "

" ဟူး ...."

သူဘာမှဆက်ပြီးမပြောနိုင်တော့။ ပင်းစိန်ကိုတချက်နှုတ်ဆက်ပြီး ကားပေါ်ကို တက်မောင်းထွက်လာခဲ့သည်။နွေ ... နွေ ... ။ ဆရာမကိုများ အပိုင်ပေါင်းပြီး ပေးခိုင်းတာလား။ မဖြစ်နိုင်။

ဆရာမက်တော့ဒါမျိုးတွေလုပ်မှာမဟုတ်။ နွေ သူ့ဘာသာသူရအောင် လဲထားတာပဲဖြစ်ရမည်။ သူရ စိတ်ညစ်နေသည့်ကြားမှ နွေ့ကိုချီးကျူးမိလေသည်။

သူ၏ အရိပ်အကဲကို သူ့အမေထက်ပို၍ဖမ်းတတ်သောနွေသည် သူနွေ့ ကိုချစ်နေခဲ့ခြင်းကိုတော့ မသိဘူးတဲ့လား။ သူရကတော့ ညှိုးဖွင်းလွန်းလှပါသည်။ အမှန်တော့ ငှက်ပုလင်းတွေရဲ့ တရားခံဟာ နွေလို့သာ သူထင်ခဲ့သည်ပဲ။ ဒါပေမယ့် သစ္စာရဲ့ပုလင်းကြောင့် သူအားလုံးလွဲမှားသွားခဲ့သည်။

" ရှိ ....."

" ဟင် ... ဦးဦးရဲကြီး .... "

" ညီလေး လိုင်စင်နဲ့ပိုးတက်စ် "

" အင် .... ကျွန်တော် မီးနီမှာ သေသေချာချာရပ်ပြီး မီးစိမ်းမှ သေသေချာချာထွက်ခဲ့တာပါဗျာ "

"ဟုတ်ပါတယ်ညီလေးရဲ့ အခုဟာက အစ်ကိုတို့ရှောင်တခင်စစ်ဆေး





ရေးလုပ်တာပါ "

သူထုတ်ပေးလိုက်တဲ့ ကပ်ပြားတွေကို သူ့ကောက်သည် ယာဉ်ထိန်းရဲကြီးက တချက်မျှကြည့်၍

" ရှော့ရှော့ ညီလေး .... သွားလို့ရပြီ "

သူကားကိုပြန်မောင်းထွက်ခဲ့သည်။ သူငယ်ချင်းများရှိရာ J-cafe သို့ ...

■ ■ ■

www.burmeseclassic.com



## TRACK ( 5 )

" အဲလိုပဲကွာ . . . ငါဘာဆက်လုပ်ရမလဲ ..... နွေကိုယ်တိုင်ငါ့ကို ငှက်ကလေးတွေ ပေးတာကွ .. သူ့ဆီလာခဲ့ဖို့လဲ ဖိတ်ခေါ်ခဲ့တာ . . .ငါသူ့ကို ချစ်နေသလို သူလည်းငါ့ကို .... ငါ့ကို .. စိတ်ဝင်စားမှုတော့ရှိတာပဲ .... ငါအသုံးမကျလို့ ... ငါ့ဘက်ကပေါ့လျော့လို့ ဒီတစ်ပုလင်းကိုမတွေ့တာ . . . ငါသေချင်တာပါပဲကွာ ... "

" ဟောကောင် ...ငိုသံပါကြီးနဲ့ လုပ်မနေနဲ့ ... နားညည်းတယ် . . . "

" ဖူးသီးကလည်းကွာ...ဒီမှာကိုယ့်သူငယ်ချင်းလွမ်းနေတဲ့ဟာကို... "

နေလင်းကဝင်ထောက်ခံတော့မှ သူကဆက်ပြောတယ် ....

" ငါ့ခံစားချက်ကို မင်းတို့မှနားမလည်ပဲနဲ့ . . "

သားကြီးက " ခဏနေစမ်းပါဦး .. ငါစဉ်းစားမိတာလေး ပြောမလို့ ၊ ဒီမှာသူရ..မင်းပဲအဲဒီပုလင်းကွဲတွေအဲ ပုလင်းတွေကိုဂရုမစိုက်တော့ဘူးဆိုကွ





နွေပဲပေးပေး ...ဘယ်သူပဲပေးပေးမင်းနဲ့ မဆိုင်တော့ဘူးဆို ..မင်းနွေကို ဘာပဲဖြစ်ဖြစ်ဖွင့်ပြောမယ်လို့ သွားခဲ့တာပဲ..ဒီပုလင်းတွေနဲ့ တကယ်လည်း မဆိုင်ပါဘူးကွာ ...သူ့ဟာ သူ အတွဲရှိနေလို့ မင်းနောက်ဆုတ်ခဲ့ရတာမလား . "

သူရတစ်ချက်တော့တွေသွားလေသည်။ ဟုတ်သလား၊ နောက်ဆုတ်ခဲ့ရတာလား .ဒါဆိုရင် .

" ဒါဆိုရင် . .ဘာလို့ ဒီငှက်တွေနဲ့ အိပ်မက်ပေးသလဲ ၊ခြောက်ပုလင်းမြောက် မှာလာခဲ့ပါလို့ ဒီစာကိုရေးသလဲ ၊ နွေ..ဘာသဘောလဲကွာ ... "

ဖူးသီးက ဒီကောင်တော့ ရူး(စ်) ပဲဆိုတဲ့ အကြည့်နဲ့ကြည့်ပြီး –

" မင်းတောင်မှမသိကဲ့ဟာ ငါတို့ကဘယ်လိုလုပ်သိမလဲသားရယ် . .. "

သားကြီးက ပြောပြန်တယ် .

" အေးလေ ... ဒါတော့ မင်းရဲ့ နွေမှတပါး တခြားသူဘယ်သိနိုင်ပါ့မလဲ မောင်ရင်ရဲ့ . .. "

သူရ ရုတ်တရက် ထရပ်သည်။ သူငယ်ချင်းများက ဘာမှ မမေးကြပါ။ သူ့ဦးတည်ရာကို အားလုံးသိကြပါသည်။ နွေ့အိမ်သို့ . . .

စိတ်မတည်ငြိမ်မှုက ရင်ကိုပို၍ လှုပ်ရှားစေသည်။ တစ်ခုခုဆိုရင် ပျာယာခတ်တတ်တဲ့ သူ့အကျင့်က သူ့ရဲ့ Style တစ်ခုဖြစ်နေပြီ။ J - café ၏ တံခါးမကြီးမှ အပြေးကားသော့ပြုတ်ကျသွားသည်။ ကားသော့ကို ငုံ့ကောက် နေစဉ်မှာပဲ သစ္စာဆိုင်အတွင်းသို့ဖြတ်ဝင်သွားလေသည်။

သူဘာမှမမြင်တော့။ ကားကိုအမြန်ဆုံးမောင်းထွက်လာခဲ့သည်။

ရမိုင်မီးပွိုင့်တွင်နောက်ဆုံးမီးစိမ်းလေးကို ဖြတ်ဖို့ ကြိုးစားနေတုန်း ဦးဦးရဲကြီးကိုတွေ့လိုက်ရသဖြင့် ငြိမ်နေလိုက်ရသည်။ ထိုအခါ . . . မျက်စိရှေ့မှ မြင်ဖူးနေကျကားတစ်စီးကို တွေ့လိုက်ရသည်။

" ဒါ... နွေ့ အဖေကားပဲ . .. . "

ဟော . . မီးစိမ်းပြီ။ သူစက်ရှိန်ကို အဆုံးမြှင့်လိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



## TRACK [6]

" နွေ . . အခုပဲ လေဆိပ်ဆင်းသွားတယ်လေ .. သိပ်မကြာသေးဘူး. .အလွန်ဆုံးရှိလှရင် လေးဆယ့်ငါးမိနစ်ပေါ့ "

" ဗျာ .... သူ ... သူဘယ်သွားတာလဲ ကြီးကြီးဇာ . . . "

" သူ့ အမေရှိတဲ့ ဗာဂျီးနီးယားကိုတဲ့ . . . ခဏပဲလို့တော့ ပြောတာပဲ .. သူ့အဖေနဲ့လည်း ပြဿနာတွေ တက်လိုက်တာ မပြောပါနဲ့တော့ . . . နောက်ဆုံး တော့လည်းသူ့အဖေက ခွင့်ပြုလိုက်ရှာပါတယ်လေ .. ဟို .. က သူ့အမေကလည်းအစကတည်းက ခေါ်ချင်နေတော့ အတော်ပဲဖြစ်သွားတာပေါ့"

သူရခေါင်းငိုက်စိုက်ကျသွားသည်။ သို့သော် စိတ်ထဲမှာ မရှင်းလင်းသေးပါ။ ထိုသူကို သူရသိလိုလှသည်။ အဲဒီကောင်။ နွေ့ပုခုံးကို ဖက်ထားတဲ့ကောင် ...။သို့သော် သူကြီးကြီးဇာကို မည်ကဲ့သို့မေးရမည်နည်း။ စိတ်ထဲ





တွင် စကားလုံးတွေ စီကြည့်နေမိသည်။

" ကြီးကြီးဇာ . .. နွေ့မှာရည်းစားရှိလား" မဟုတ်သေးပါဘူး . .

" ကြီးကြီးဇာ ... နွေ့ရည်းစားကိုသိလား" ဒါလည်း မဟုတ်သေးဘူး . .

" ကြီးကြီးဇာ . .. နွေ့တွဲနေတဲ့ကောင်လေးက . ဘယ်ကလဲ "

"ကြီးကြီးဇာ ... နွေအခုသွားတာ တစ်ယောက်တည်းလား ..နှစ်ယောက်တွဲလား "

ဘယ်လိုမေးရမလဲဗျာ ... ... ... ... လူကြီးကို ။

ပါးစပ်ကတော့

"ကျွန်တော်ကို ခွင့်ပြုပါဦးခင်ဗျာ .. "လို့ပဲ ထွက်သွားတယ်။

သူ ကြီးကြီးဇာကို နှုတ်ဆက်လို့ လှည့်အထွက်မှာပဲ နံရံမှာ ချိတ်ထားတဲ့ နွေနဲ့ ဟိုသတ္တဝါ ရဲ့ ပုံကိုတွေ့ရလေသည်။

သူဆတ်ကနဲ ပြန်လှည့်၍ မေးလိုက်သည်။

" ကြီးဇာ ဒီ..ဒီကောင် .... ဒီကောင်ကဘယ်သူလဲ . . . "

" အင်..အဲဒါ တာတီးလေ "

" သူ . . . သူနဲ့ နွေနဲ့က . . . .. . . . "

" အင်း . . နွေအခု နိုင်ငံခြားကိုထွက်သွားတာ သူ့စိတ်လည်းပါတယ်။ နွေကသူငယ်ချင်းများများစားစားရှိပေမယ့် သူ့အခင်ဆုံးသူငယ်ချင်းက တာတီးလေ .. အခုတာတီး အိမ်ထောင်ကျသွားတော့ "

" အိမ်ထောင်ကျသွားတယ် "

သူအံ့သြတကြီးပြန်မေးတော့ ကြီးဇာက ဆက်ရှင်းပြပါသည်။

" ဟုတ်တယ်လေ .. တာတီးက ယောကျ်ားလျာလေးမဟုတ်လား အဲဒါ သူ့အိမ် သူ့မိဘတွေက အတင်းယောကျ်ားပေးစား ... စား .. .."

" ဗျာ...."



www.burmeseclassic.com

www.burmeseclassic.com



" ဟဲ့ ဖြည်းဖြည်းအော်ပါ ...."

" တာတီးက ယောက်ျားလျာ ၊ ယောက်ျားလျာ ဆိုတော့ မိန်းမ . မိန်းမ ...တာတီးက မိန်းမ ... ဒါ .. ဒါဆိုရင် . . ."

" အေး .. အဲဒါတာတီးလည်းမရှိဘူးတဲ့။ နောက်ပြီး သူမျှော်လင့်နေတဲ့ သူဆိုလား ဘာလား .. အဲဒါလည်းမရှိဘူးတဲ့ ။ သမီးဒီမှာ မနေချင်တော့ ဘူးလို့ ညည်းနေတာတော့ ကြားတာပဲ . . . ဩော် .. ငါ့သမီးလေး .. ငါ့သမီးလေး .. ပြန်မှပြန်လာပါ့မလား မသိဘူး ...."

" လေယာဉ်က ဘယ်အချိန်လဲ ကြီးကြီးဇာ .. ဘာလေယာဉ်လဲ . . . "

" လေးနာရီလေးဆယ့်ငါး . . . SILK AIR နဲ့တဲ့ . . . "

သူနာရီကိုကြည့်လိုက်သည်။ " အခုသုံးနာရီလေးဆယ့်ငါး .. တစ်နာရီလို သေးတယ်" စိတ်ထဲမှာ သာသနာ့ရိပ်သာလမ်းနှင့်မင်္ဂလာဒုံလေဆိပ်၊ ကမ္ဘာအေးဘုရားလမ်း၏ယာဉ်ကြောပိတ်ဆို့နိုင်မှုတို့ကို တွက်ချက်လိုက်သည်။

" ကျွန်တော် သွားမယ်ကြီးကြီးဇာ ၊ ကျေးဇူးတင်ပါတယ် "

" အေး .. အေးကွယ် ...."

■ ■ ■





## TRACK (7)

3:50 PM . . . .

သူရ ကုတ္တိုင်း မီးပွိုင့်ကိုဖြတ်ကျော်လာသည်။ လီဗာကို နည်းနည်း ပိုဖိနင်းလိုက်သည်။

FM ကနေကြိုက်တတ်သော ဗရုတ်ဗရွတ်သီချင်းများကို လွှင့်နေလေသည်။ လီဗာကိုနောက်ထပ် ပို၍ဖိနင်းလိုက်သည်။

4:00 PM . . .

နဝဒေးမီးပွိုင့်တွင် သူရ ကားရှေ့မှ ဒိုင်နာကြီးတစ်စီး ကားပျက်ပြီး ပိတ်နေသည်။

" တောက် . . . အရေးထဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်မှ ခေါင်းထုတ်ပြီး ပါးစပ်မှ ကွိစိကွစ အော်ဆဲပစ်လိုက်သည်။ ဒိုင်နာပေါ်မှကားဒရိုင်ဘာဖြစ်ဟန်တူသူက သူ့ကိုဘုကြည့်ပြန်ကြည့်သည်။ သူရစိတ်တိုတိုနှင့် ဘယ်ဘက်မှကျော်တက်ရာ မြောက်ဥက္ကလာဘက်မှလာသော (၄၃) ကားကြီးကစီကနဲဘေးမှပွတ်ကာထွက်သွားသည်။

" ဟိုက်ရှားဘား . . . . "

မီးပွိုင့်က ပြန်နီသွားတာကိုး . . . ။ ကားကိုအသာလေး နောက်ပြန်ဆုတ်ရသည်။ ဒိုင်နာကားခံနေသဖြင့် သူရဘက်လှည့်ထားသော မီးပွိုင့်ကို မမြင်ရ။ ဟိုဘက်မီးပွိုင့်စိမ်းနေတာကိုသာမြင်ရသည်။ ဟိုဘက်မီးပွိုင့်နီသောအခါမှ စိတ်ချလက်ချကျော်တက်၍ မောင်းထွက်ခဲ့သည်။ နောက်ကြည့်မှန်မှ ကြည့်တော့ ဒိုင်နာကားစုတ်ကြီးကို ကူညီ၍တွန်းပေးနေသော ဦးဦးရဲကြီးကိုတွေ့ရလေသည်။





4:10 PM . . .

ရှစ်မိုင်မီးပွိုင့်တွင် ညာဘက်ချိုး၍ မင်္ဂလာဒုံလေဆိပ်သို့ ဦးတည်လိုက်သည်။လမ်းဘေးဝဲယာတွင် လမ်းမီးတိုင်များ တရိပ်ရိပ်ပြေးနေသည်။

4:15 PM . . .

လေဆိပ်လမ်းပေါ်သို့ ကွေ့ချလိုက်သည်။ ဤလမ်းပေါ်တွင် ကားတိုင်းလိုလို မြန်မြန်မောင်းကြပါသည်။

www.burmeseclassic.com



4:25 PM . . .

လေဆိပ်ကားရပ်နားစခန်းသို့ သူရဝင်သည်။ ညာဘက်သို့ကွေ့သည်။ ကားရပ်ရန်နေရာရှာမတွေ့။ ဘယ်ဘက်သို့ ပြန်ကွေ့သည်။ ဟင့်အင်း ... နေရာမရှိဘူး။ နောက်ထပ်ဘယ်ဘက်ထပ်ကွေ့။ ကံအားလျော်စွာ Jeep cherokee အပြာရောင်တစ်စီး ထွက်သွားတာကိုတွေ့လိုက်ရသည်။ ကားကိုနေရာ ဟာကျရပ်နိုင်ချိန်မှာ နာရီကလေးနာရီ သုံးဆယ်တိတိ။ ပြေးပေဦးတော့သူရရေ . . .

4:35 PM . . .

လေဆိပ်လုံခြုံရေးသည် သူရအား Departure Lounge သို့သွားရန်ခွင့် မပြုနိုင်ချေ။ Silk Air Counter တွင် တန်းစီနေသူတစ်ဦးမှမရှိတော့။ သူ့ခန္ဓာကိုယ်ကို ပတ်ချာလှည့်ပြီးနွေ့ကိုရှာသည်။ လူတွေအကုန်လုံး ချာချာလည်နေသည်ဟုထင်သည်။ အသက်ကိုပြင်းစွာတစ်ချက်ရှူ၍ အပေါ်ထပ်ကို ပြေးတက်ခဲ့လေသည်။





4:45 PM . . .

အဖြူရောင်လေယာဉ်သည် မိုးဖွားတွေအောက်၌ စတင်ရွေ့လျားနေသည်။ မိုးတွေ၊ မိုးတွေ။ အမှုန်အမွှားလေးတွေကနေ အပေါက် အပေါက်ဖြစ်လာသည်။ လေယာဉ်က ပြေးလမ်းပေါ်မှာဒုန်းစိုင်းနေပြီ။ မိုးသည်လည်း တဝုန်းဝုန်းဒိုင်းလေသည်။

ပြင်းစွာသောဗိုလ်လှိုက်သံကို ကြားနေရလို့ အောက်ကိုငုံ့ကြည့်တော့ အရှိန်ပြင်းစွာ လှိုက်ဖိုနေသောရင်ခွင်ကိုမြင်သည်။

နိုဝင်ဘာမှာရွာသောမိုးကို သူရဘဝတစ်လျှောက်တွင် ဒီနေ့ပထမဆုံးမြင်ရခြင်းဖြစ်ပါသည်။

■ ■ ■ ■

www.burmeseclassic.com



အပိုင်း(၂ ဒသမ ၅)

# အခုရဲ့ နောက်ဆုံးအခန်း . .

BURMESE CLASSIC .com

အချိန်တွေကြာသွားပြီ။ ဆောင်းသည် မအေးသလို အေးသလိုဖြင့် ရန်ကုန်မြို့ကို တို့ဆိတ်ကစားသည်။ ခဏအကြာ သူပြန်သွားပြန်သည်။ ရာသီစက်ဝိုင်းတစ်ပတ်ထပ်လည်ပြီ။

နွေသည် လောင်ကျွမ်းခြင်းကို လူသားတို့ထံ သယ်ဆောင်လာချေပြီ။ ဤမျှခြောက်သွေ့လွန်းသော ဥတုကို အဘယ်သူသည် နွေဟုပညတ်ခဲ့ပါသနည်း။ နွေဖြစ်၍ပင်ပူလောင်လေသလား ပူလောင်လွန်းလို့ပင် နွေဖြစ်ပါလေသလား။ မည်သို့ ပင်ဖြစ်စေကျွန်တော်တစ်ယောက်သည် 'နွေ'မည်သော မိန်းကလေးနှင့်မပတ်သက်မီခင်က ရာသီသုံးပါးစလုံး သာယာ ချမ်းမြေ့ခဲ့ပါသည်။

နွေက ကျွန်တော့ကို တစ်ချိန်က မောင်ဟုတစ်ကြိမ်ခေါ်ခဲ့ဖူးပါသည်။

■ ■ ■









www.burmeseclassic.com

www.burmeseclassic.com



အပိုင်း(၃)

# နောင်တစ်ချိန်

နောင် . . . ရက်ပေါင်းအနည်းငယ်ခန့် ကြာသောအခါ သူရ တစ်ယောက်တည်းသူ့အိပ်ခန်းလေးထဲမှာ အိပ်နေခဲ့ပါသည်။ ထိုအခါ သူရ အိပ်မက်သည်။ အိပ်မက်ထဲတွင်မေမေပါသည်။ ညီမလေးပါသည်။ သူငယ်ချင်းတွေပါသည်။ သစ္စာမပါပါ။ နှွေ .. မပါပါ။ သစ္စာကိုကျောင်းမှာ သူရှောင်မိသလား ... သို့မဟုတ် မရှောင်ပဲနဲ့ မတွေ့ကြတာလား။ သူရနှင့် သစ္စာကျောင်းမှာမတွေ့ပါ။မည်သည့်နေရာမှာမှလည်းမဆုံပါ။ ဒါဆိုနှွေနဲ့ရော ...။

ဟင့်အင်း နှွေနဲ့လည်းပဲ မဆုံပါ။ နှွေက နိုင်ငံခြားမှာပဲဟာ . . . ။

ဒီလိုနဲ့ပဲ . . . မိုးလင်းရင် ကော်ဖီသောက်၊ မုန့်စားကျောင်းသွား။ ကျောင်းဆင်းရင်ကစား၊ ရေချိုး၊ ရုပ်ရှင်ကြည့်၊အိပ်ရာဝင်၊ ကျောင်းပိတ်ရင်မေမေခိုင်းတဲ့ အလုပ်တချို့လုပ်၊ လျှောက်သွား။

ဒီလိုနဲ့ပဲ . . . . ဒီနေ့မနက် အိပ်မက် မက်လို့ပြီးတဲ့အချိန် သူရနိုး





လာသည်။ ပြတင်းပေါက်တွေဖွင့်သည်။ လေတွေတဝကြီးရှူသွင်းသည်။

ထိုစဉ် တံခါးခေါက်သံ တဒေါက်ဒေါက်ကို သူရကြားပါသည်။

" ဒေါက် . . . ဒေါက် . . . ဒေါက် . . . တက် တက် . ."

" ဘယ်သူလဲဗျို့ ... "

တံခါးသွားဖွင့်ကြည့်တော့လည်း ဘယ်သူမှမရှိဘူး. . . လှေကားကပြေးဆင်းသွားတဲ့ ခြေသံတွေပဲနားထဲကျန်ရစ်တယ်။

" ဟော ..."

ကြမ်းပြင်ပေါ်မှာ ငှက်လှောင်အိမ်လေးတစ်လုံးတွေ့ပါတယ်။ အထဲမှာ ခိုအဖြူလေးတစ်ကောင်ရယ် . . . ။

" ခကူး . . . "

သူ အံ့သြတကြီးခိုကလေးကိုကြည့်နေမိသည်။ ခိုကလေးလည်း သူ့ကိုပြန်ကြည့်ပါသည်။

သူတစ်ချက်တော့ ပြုံးလိုက်သည်။ ထို့နောက် ခိုကလေး၏ ခြေထောက်တွင် ပတ်ချည်ထားသော ပန်းရောင်စာရွက်လိပ်လေးကို သူဖြုတ်ယူလိုက်သည်။

စာရွက်ကိုဖြန့်ကြည့်လိုက်တော့ –

သူရ

နှွေအခု ... စိမ်းလန်းမှာ စောင့်နေတယ်

လာခဲ့နော် . . . အခု . .

နှွေ

မျက်စိကိုမှိတ်လို့ ခေါင်းကို နှစ်ချက်လောက်ဆတ်ခနဲခါပြီးမှ စာကိုနောက်တစ်ခါပြန်ဖတ်သည်။မမှားပါ ... နှွေ့လက်ရေးကို သူရ ဘယ်တော့မှမမေ့ဘူး မဟုတ်လား . . . ။

သူချက်ခြင်း ဖိနပ်ကို ကောက်စီးသည်။ ဟိုက်ရှားဘား ဘောင်းဘီ

www.burmeseclassic.com



မဝတ်ရသေးဘူး။ သူ့ခါးမှာညကဝတ်အိပ်သည့် Boxer အတိုနဲ့။ ဖိနပ်ကို ပြန်ချွတ်သည်။ T- shirt ကိုလဲပြီးဘောင်းဘီတစ်ထည်ကောက်ဝတ်သည်။

"အာ . . . သွားလည်းမတိုက်ရသေးဘူး"။ သွားတိုက်၊မျက်နှာသစ်။

သွားပွတ်တံသည် ဘယ်ညာ ဘယ်ညာ နှစ်ခါသာပွတ်တိုက်သွားသော သူ၏သခင်ကို အံ့သြနေလေသည်။ သူရ၏စက်သံမမှန်သော Super Saloon အပြာလေးသည်တက္ကသိုလ်ရိပ်သာလမ်းသစ်မှ အင်းလျားလမ်းဆီသို့ .....။

■ ■ ■

BURMESE CLASSIC .com

နွေသည် ဖုန်းထဲမှ Voice Message ကို တစ်ခါပြန်၍ဖွင့်နားထောင်ပြန်သည်။ Loud Speaker ခလုပ်ကိုနှိပ်တော့ သစ္စာ၏အသံက ကြည်လင်ပြတ် သားစွာထွက်ပေါ်လာသည်။

" နွေရယ် . . . .

နင်နဲ့သူရတို့ နှစ်ယောက်ကြားက အပြန်အလှန် သံယောဇဉ်တွေကို သတိမထားမိပဲ ... ငါကသူရအပေါ်သာယာခဲ့မိတယ် .... နင်နဲ့သူရ ကြားက စက္ကူငှက်ရုပ်လေးတွေအကြောင်း မသိဘဲနဲ့ ငါ ... သူရကို .. ငှက်ပုလင်း တစ်လုံးလက်ဆောင်ပေးမိတယ် ... တကယ့်တကယ်တမ်းကျတော့ သူရက စက္ကူငှက်တွေကို ဘယ်သူကပေးပေး သူမတုန့်လှုပ်ပါဘူး။ သူက စက္ကူငှက် ပေးတဲ့သူကို စိတ်ကူးယဉ်တာမဟုတ်ဘူး။ စက္ကူငှက်ပေးတဲ့ သူနဲ့ နွေဆိုတဲ့ နင်နဲ့ကို တစ်ယောက်တည်း ဖြစ်စေချင်တာ . . .

ဒီအကြောင်းတွေကို သိသိချင်းငါနင့်ကို ပြောပြချင်ပေမဲ့ နင်နိုင်ငံခြား ကိုထွက်သွားတယ်လို့ ငါကြားထားတော့ နင့်ဆီကို မဆက်ဖြစ်ဘူး။ နောက်ပြီး . . ငါ့ပါးစပ်ကလည်း ငါသူရအပေါ်မှာ စိတ်ကစားခဲ့မိတာကို ဝန်မခံချင်ဘူး . ..





ဒါပေမယ့်.. နင်နိုင်ငံခြားမသွားဖြစ်ဘူးဆိုတာရယ်၊ သူရနင့်ကို သိပ်လွမ်းနေတယ်ဆိုတာရယ်ငါသိလိုက်ရတော့ .... ငါနင့်ကို ပြောပြချင်လာ မိတယ် . . .

နင်သိလားနွေ။ နင်ပေးတဲ့ စက္ကူငှက်လေးတွေကို နင်ပေးတာလို့ . .. သူရလုံးဝမသိခဲ့ဘူးတဲ့ . . . နင်ကခြောက်ပုလင်းမြောက်မှာ လာတွေ့ ပါလို့ ရေးထားတဲ့စာကိုလည်း သူရကမဖတ်မိဘူးတဲ့ ၊အဲဒီအချိန်မှာ ငါက သူ့ကို ငှက်ပုလင်းတစ်လုံးသွားပေးမိတော့ . . . အားလုံးကို ငါပေးတာလို့ .. သူထင်သွားတာတဲ့ ...သူဒီအဖြစ်မှန်တွေကို သိလို့ နင့်ဆီကိုသွားတဲ့နေ့မှာပဲ နင်ကနိုင်ငံခြားထွက်သွားတာတဲ့ . . . သူတကယ်ချစ်တာ နင်...တဲ့ ..ဒါတွေကို ငါလည်း ဟိုတစ်ရက်တုန်းကမှ သူရ သူငယ်ချင်းနေလင်းပြောပြလို့ သိရ တာ.... ဒါပါပဲနွေရယ်။ နင်သူရကိုတွေ့ရင် ငါ့အတွက်တစ်ခုတော့ပြောပေးပါ ဟိုတစ်ခါ ရေးပေးပါ စာအုပ်ထဲမှာ သူမဖြေဘဲချန်ရစ်ခဲ့တဲ့ အချစ်ဆိုတာ ... ဆိုတဲ့ ကွက်လပ်ကလေးကို ငါဖြေတတ်သွားပြီလို့ ... တကယ်တော့ အချစ်ဆိုတာ . . . . . . . . . . . . . . . . . . . . . . . . . . . ."

နွေ ဖုန်းပိတ်သည့်ခလုပ်ကိုနှိပ်ချလိုက်သည်။ နားထဲတွင်သစ္စာ၏ "သူတကယ်ချစ်တာနင်တဲ့" ဆိုသောစကားသံကသာလျှင် ပဲ့တင်ထပ်သည်။

'နွေ' ဟုအော်ခေါ်ရင်း အုတ်လှေကားများကို ခုန်ပျံကျော်လွှား ပြေး ဆင်းလာသော သူရသည် နွေ့နှလုံးသားရှိရာသို့ . . .

သူတို့ မျက်နှာချင်းဆိုင်ရပ်မိကြပြီ . . .

မျက်ဝန်းတို့ဝေသီလာသည်။ ရင်ခုန်သံသည်ဘင်ရောတီးဝိုင်း။ စကား လုံးတို့ မလိုအပ်တော့ပါ။ အချိန်ဆွဲရန်မလိုပါလေ။ ရင်ခွင်နှစ်ခု ပူးကပ်သွား လေပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



## - OUTRO -


အပိုင်း(၃)ကအဖြစ်အပျက်တွေဟာ နောင်တချိန်မှာဖြစ်လာမယ့်ဟာတွေကို ကျွန်တော်ကစိတ်ကူးယဉ်မိတာပါ။ အခုလက်ရှိကတော့ အခုမှာပဲရှိပါသေးတယ်။ ပရိသတ်ကြီးလည်း အသိပဲမဟုတ်လားဗျာ။ စိတ်ကူးယဉ်ဆိုတာတွေဟာ ဘယ်တုန်းကများ လက်တွေ့ဖြစ်လာဖူးလို့လဲ။


အဲဒီတော့ ကျွန်တော်ဆိုတဲ့ မောင်သူရရဲ့ စိတ်ကူးယဉ်တွေဟာလဲ ...

**S. A. I**

2005 . June 18

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# စိုင်းစိုင်းခမ်းလှိုင်

# စက္ကူငှက်



အဲဒီလိုနဲ့ အဲဒီနေ့က
ငှက်ကလေးသုံးကောင်
ဖြစ်သွားတယ် ... ... ။
ကျွန်တော်တို့ သုံးယောက်
တွေ့ဆုံခြင်းဟာ နိမိတ်ဆိုးများလား။
သစ္စာနဲ့ကျွန်တော်နဲ့ ဆုံရင် နွေးထွေးတယ်။
နွေနဲ့ကျွန်တော် ဆုံရင် နွေးထွေးတယ်။
သစ္စာနဲ့နွေ ဆုံရင်လည်း နွေးထွေးမှာပဲ။
အခုတော့ သုံးယောက်လုံး
အေးစက်လို့ ... ... ။

BURMESE CLASSIC .com



cover-Zau Mong-05

www.burmeseclassic.com